
www.burmeseclassic.com



www.burmeseclassic.com

ပဥ္စ ဂုဏံ အဟံ ဝန္ဒာမိ

ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်ခင်ချိုချိုမြင့် (ကောင်းဆုအော့ဖ်ဆက်)
အမှတ် (၅၂/ခ)၊ ရွှေယင်းမာလမ်း။
(၁၃) ရပ်ကွက်၊ ရန်ကင်း။
ထုတ်ဝေသူ - ဦးလှနိုင် (မြတ်စာပေ)
အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း။
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြတ်စာပေ၊ ဖုန်း-၀၉-၇၃၂၄၅၀၄၈
အမှတ်-၂၂၅၊ ၃၁-လမ်း (အထက်)၊
ရန်ကုန်။
စီစဉ်သူ - ဦးလှနိုင် (မြတ်စာပေ)
ဖုန်း-၀၉-၅၀ ၃၁၀၃၄

၃၉၈ · ၂
မင်းစက္က
ကျားကြီးရေမန်ကန်း / မင်းစက္က ။ - ရန်ကုန်၊
မြတ်စာပေ ၊ ၂၀၁၄ ။
၂၃၂ - စာ ၊ ၁၂ x ၁၈ စင်တီ။
ကျားကြီးရေမန်ကန်း

BURMESE CLASSIC

# ကျားကြီးရေမန်ကန်း

## မင်းစက္က

www.burmeseclassic.com

www.burmeseclassic.com

# တစ်

တောင်ကြောပတ်လမ်းပေါ်သို့ ကျွန်ုပ်တို့ရောက်သွားချိန်တွင် အထိတ်တလန့် စူးစူးဝါးဝါး အော်ဟစ်သံတစ်သံကို ကြားလိုက်ရသည်။ ထိုအသံသည် နန်းစော၏အသံပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်၏ခြေလှမ်းများကို အရှိန်အဟုန်မြှင့်၍ တက်ခဲ့ရသည်။

ကျွန်ုပ်လက်ထဲတွင် ကိုင်ဆောင်ထားသော ဒူးလေးတွင် မြားတံအသင့်တပ်လျက် အချိန်မရွေးပစ်နိုင်ရန် လေးညှို့ကို တင်ထားလိုက်သည်။ ထိုအချိန်သည် ကျွန်ုပ်အဖို့ စိတ်လှုပ်ရှားစရာအကောင်းဆုံးဖြစ်နေသည်။

"အစ်ကိုအောင်၊ အစ်ကိုအောင်ရေ . . . လာပါဦး၊ မော



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ အစောကို လာ ကယ် ...''

နန်းစော၏စကားမဆုံးမီ သူမ၏အသံသည် တိခနဲပြတ်သွားပြီး ငူးငူးဝါးဝါးအသံမျိုး ဖြစ်သွားသည်။ ဖမ်းဆီးခေါ်ဆောင်သွားသူက နန်းစော၏ပါးစပ်ကို ပိတ်လိုက်သောကြောင့် ဖြစ်တန်ရာသည်။

''ဝေလု ... ကြားတယ်မဟုတ်လား''

ကျွန်ုပ်က ဝေလုကိုလှမ်းကြည့်၍ မေးလိုက်သည်။ ဝေလုက ဦးခေါင်းတစ်ချက် ညိတ်ပြသည်။ သူသည် အဲမောင်းလှံတံကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသည်။ ကျွန်ုပ်နှင့် ဝေလု နှစ်ယောက်စလုံး အမျိုးအစားမခွဲခြားနိုင်သေးသော ရန်သူကို တိုက်ခိုက်ရန် ပြတ်သွားခိုင်မာစွာ သန္နိဋ္ဌာန်ချထားကြသည်။

''ရှေ့နားမှာ လိုဏ်ခေါင်းတွေ ရှိတယ်ခင်ဗျ။ အစ်မတော်တို့ အဲဒီလိုဏ်ခေါင်းတစ်ခုခုထဲ ဖမ်းခေါ်ထားတာ ဖြစ်လိမ့်မယ်''

ဝေလုက ကျွန်ုပ်ကြားသာရုံမျှ ပြောလိုက်သည်။

တောင်ကြောပေါ်တွင် ဖြတ်သန်းရွေ့လျားနေကြသော မိုးတိမ်များသည် ညို့မှိုင်းလျက် ဖြည်းဖြည်းချင်း နိမ့်ဆင်းနေသည်။ ဆည်းဆာချိန်က တစ်စ တစ်စ ရင့်ရော်စပြုလာချေပြီ။ အနီရောင်မိုးကောင်းကင်ပြင်သည် နီညိုရောင်အဖြစ်သို့ ပြောင်းလဲသွားသည်။





ဝေလုသည် သွက်လက်စွာလျှောက်နေရာမှ ရုတ်တရက် ဆိုးအူးတောက်အနေအထား ထိုင်လိုက်သည်။ ထို့နောက် မြေပြင်ကို ငုံ့ကြည့်ရာမှ ခပ်လှမ်းလှမ်းသို့ လှမ်းမျှော်ကြည့်သည်။

''အစ်မတော်ကို တစ်ယောက်ယောက်က ထမ်းခေါ်သွားတာပဲ ဖြစ်ရမယ်၊ ဒါကြောင့် အစ်မတော်ရဲ့ခြေရာကို လုံးဝမတွေ့ရဘူး၊ အဲဟိုရှေ့က လိုဏ်ခေါင်းပေါက်ကိုဦးတည်ပြီး လျှောက်ဝင်သွားပါတယ်''

ဝေလုက တောင်ကြောမြေမှုပေါ်တွင် ထင်နေသော သမ်ကြောင်းကို လေ့လာ၍ တင်ပြလိုက်ခြင်းဖြစ်သည်။ ထိုခြေရာသည် သာမန်လူတစ်ယောက်၏ခြေရာထက် နှစ်ဆမျှကြီးမားသည်။ လိုဏ်ခေါင်းပေါက်ဝမှ ဝင်ရောက်သွားသည်ဟု ယူဆနိုင်သည်။

''ကောင်းပြီ ...တို့ မကြာခင် တိုက်ခိုက်ကြရတော့မယ်၊ သတိထားပေတော့ ဝေလု၊ လိုဏ်ခေါင်းထဲမှာ နောက်ထပ်ဘယ်နှယောက်ရှိမလဲဆိုတာ သေချာမပြောနိုင်ဘူး''

ဝေလုက ကျွန်တော် စကားဆုံးသည်နှင့်တစ်ပြိုင်နက် ဦးခေါင်းတစ်ချက်ညိတ်ပြသည်။ လိုဏ်ခေါင်းရှိရာသို့ ချဉ်းကပ်သွားသည်။ လိုဏ်ခေါင်း၏အပြင်ဘက်တွင် ရားဖြူပင်ကြီးတစ်ပင် အုပ်အုပ်ဆိုင်းဆိုင်း ပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေလုသည် ရှေ့သို့အာရုံစိုက်လျက် ခြေကိုဖွဖွလှမ်းကာ ရှားဖြူပင်အောက်သို့ တိုးကပ်သွားသည်။

ကျွန်ုပ်က ကျွန်ုပ်တို့လာရာလမ်း၏ နောက်ဘက်သို့ သမင်လည်ပြန်ဖြင့် တစ်ချက်မျှ လှည့်ကြည့်အကဲခတ်ပြီးမှ ရှေ့တစ်လှမ်း တိုးလိုက်သည်။ ထိုအခါအတန့်တွင် ဝေလုထံမှ 'အား' ခနဲ အော်သံ ကြားလိုက်ရသည်။

ကျွန်ုပ်၏မျက်စိရှေ့တင် ဝေလုသည် အထက်သို့ သုတ်တင်လိုက်ခြင်းခံရသည့်ပမာ ဆယ်ပေခန့် တစ်ဟုန်ထိုး မြောက်ကြွသွားသည်။ ထို့နောက် ကြိုးတန်းလန်းဖြင့် ဖောက်ထိုး တွဲလောင်းကြီးဖြစ်နေသည်။ သူ့ခြေကျင်းဝတ်တစ်ဖက်တွင် ကွင်းပျော့ကြိုး တင်းကျပ်စွာဖြင့် ထောင်ခြောက်မိသွားသော သားကောင်တစ်ကောင်ပမာ ဖြစ်နေသည်။

ရုတ်တရက် မမျှော်လင့်ဘဲ ဖြစ်သွားသောကြောင့် သူ့လက်ထဲမှ အဲမောင်းလုံ့တံသည် တောင်ကြောပေါ်သို့ လွတ်ကျသွားသည်။ ထိုလုံ့တံသည် လိုဏ်ခေါင်းအပေါက်ဝနှင့် လက်တစ်ကမ်းသာသာမျှ ကွာလှမ်းသည်။

ထို့ကြောင့် ကျွန်ုပ်က လုံ့တံကျနေသောနေရာသို့ အပြေးအလွှားသွားကောက်ယူရန် ကြိုးစားလိုက်သည်။ သို့ရာတွင် ကျွန်ုပ်၏ လက်ချောင်းများက လုံ့ရိုးကို မဆုပ်ကိုင်နိုင်မီ လိုဏ်





ခေါင်းထဲမှ ဖျတ်ခနဲထွက်လာသော လက်တစ်ဖက်ကို မြင်လိုက်ရသည်။

လှုပ်ရှားမှုမြန်ဆန်လွန်းသောကြောင့် ရိပ်ခနဲသာ တွေ့လိုက်ရခြင်း ဖြစ်သည်။ ထိုလက်ဖျံသည် လုံးပတ်အားဖြင့် ကျွန်ုပ်၏လက်ဖျံထက် သုံးဆမျှ တုတ်ခိုင်သည်။ ထို့ပြင် အဖြူရောင်အမွေးအမျှင်များက လက်တစ်ချောင်းလုံး ထူထပ်စွာပေါက်နေသည်ကို သတိပြုမိလိုက်သည်။

ထိုလက်ကြီးသည် လိုဏ်ခေါင်းထဲမှ ရုတ်တရက် ထွက်ပေါ်လာပြီးနောက် အဲမောင်းကိုဆွဲယူ၍ လိုဏ်ခေါင်းအတွင်းဘက် အမှောင်ထဲသို့ ပြန်ဝင်ပျောက်ကွယ်သွားသည်။

ထို့ကြောင့် ကျွန်ုပ်သည် လက်ထဲတွင် မြားတံအဆင်သင့်တပ်ဆင်ထားသော ဒူးလေးဖြင့် လိုဏ်ခေါင်းတွင်း အမှောင်ထဲသို့ လျှပ်တစ်ပြက် ပစ်လွှတ်လိုက်သည်။

မြားတံသည် ဝှစ်ခနဲ အရှိန်အဟုန်ဖြင့် အမှောင်ထဲသို့ တိုးဝင်သွားသည်။ စက္ကန့်ပိုင်းအတွင်း ...

"အီး" ဟူသော နာနာကြည်းကြည်း ငြီးတွားသံကြီးကို လိုဏ်သံဖြင့် မြည်ဟိန်းထွက်ပေါ်လာသည်။

ကျွန်ုပ်သည် လောလောဆယ် ဝေလုအတွက် ကျွန်ုပ်၏ ခါးတွင် ချိတ်ဆွဲထားသော ဓားမြှောင်အိတ်တွင်းမှ အမဲလိုက်ဓား



www.burmeseclassic.com

www.burmeseclassic.com



မြှောင်ကို ဆွဲထုတ်၍ ဝေလုလက်သို့ လှမ်းပေးသည်။ သူ့ခြေကျင်းဝတ်မှ ကြိုးကွင်းကို သူ့ဟာသူ ဖြတ်တောက်နိုင်ရန်အတွက် ဖြစ်သည်။

လောလောဆယ်အားဖြင့် ညီမတော်နန်းစောကို သတ္တဝါကြီး၏လက်ထဲမှ ကယ်တင်နိုင်ရန် အရေးကြီးသည်။ ထို့ကြောင့် လိုဏ်ခေါင်းထဲသို့ ပြေးဝင်သွားသည်။

လောလောဆယ် ပြင်ပသဘာဝအလင်းရောင်ထဲမှ နက်မှိုင်းသောအမှောင်ထုအတွင်းသို့ ရုတ်တရက် ဝင်လိုက်မိသောကြောင့် ကျွန်ုပ်၏အမြင်အာရုံ ဝေဝါးသွားသည်။

ထိုအချိန်တွင် ပြင်းထန်သောရိုက်ချက်တစ်ခုက ကျွန်ုပ်၏ လည်ကုပ်ပေါ်သို့ ကျရောက်လာသည်။ ကျွန်ုပ်၏ အမြင်အာရုံထဲတွင် ထုထည်ကြီးမားသော အမှောင်တိမ်တိုက်ကြီးတစ်ခု တိုးဝင်လာသည့်ပမာ ထင်မြင်လိုက်ရသည်။

ကျွန်ုပ်၏ဒူးနှစ်ဖက်သည် ဒူးထောက်လျက်သား ပျော့ခွေကျသွားပြီး မြေပြင်ပေါ်သို့ မျက်နှာအပ်လျက်သား ဖြစ်သွားသည်။ ထို့နောက် ကျွန်ုပ် ဘာမှမကြား၊ ဘာမှမမြင်၊ ဘာမှ မသိ ... ခံစားမှုဟူ၍ လုံးဝမရှိတော့။

* * *



နှစ်

အင်မတန် အရေးကြီးတယ် သူငယ်ချင်း။
ငါ့ကို အသက်ရှင်လျက် တွေ့ချင်ရင်
ဖြစ်နိုင်တဲ့နည်းနဲ့ အမြန်ဆုံးလာခဲ့ပါ။

ထွန်းခေါင်ထက်

ကြေးနန်းစာက သည်အတိုင်းဖြစ်သည်။

ထွန်းခေါင်ထက်သည် ကျွန်ုပ်၏ငယ်သူငယ်ချင်း ဖြစ်သည်။ အရင်းနှီးဆုံးသူငယ်ချင်းဟူ၍ သတ်မှတ်နိုင်သည်။ သို့ရာတွင် အရွယ်ရောက်ကတည်းက ကိုယ့်ဘဝကိုယ်ကျောင်း၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းကိုယ်လျှောက်ခဲ့သောကြောင့် တစ်ယောက်နှင့်တစ်ယောက် တစ်မြို့စီနေ၊ တစ်မြေစီခြားခဲ့ကြရခြင်း ဖြစ်သည်။

သို့ရာတွင် ကျွန်ုပ်နှင့် ထွန်းခေါင်ထက်သည် မည်မျှပင် မအားလပ်သည်ဖြစ်စေ အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် အပြန်အလှန် စာရေးသားလေ့ရှိသည်။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် မာကြောင်းသာကြောင်းဖြစ်စေ အဆက်မပြတ် အဆက်အသွယ်ရှိနေကြစမြဲပင်။ ထွန်းခေါင်ထက်ရော ကျွန်တော်ပါ တစ်ကိုယ်တည်းသမားချင်းအတူတူ သူ့တွင် ကြင်နာယုယစရာ နှမအရင်းအချာတစ်ယောက် ရှိနေသေးသည်။

ထွန်းခေါင်ထက်၏နှမအရင်း နန်းစောသည် ငယ်စဉ်ကတည်းကပင် ကိုယ်လုံးကိုယ်ထည် ကျစ်ကျစ်လျစ်လျစ်နှင့် ယောကျ်ားလေးတစ်ယောက်၏ ကိုယ်လုံးအချိုးအစားမျိုး ဖြစ်သည်။ ထို့ပြင် ဆံပင်ကိုပါ အတိုညှပ်ထားလေ့ရှိသောကြောင့် နန်းစော၏အသွင်သဏ္ဌာန်မှာ အမှတ်တမဲ့တွေ့လိုက်လျှင် မိန်းမပျိုတစ်ယောက်ဟု ထင်မြင်စရာ အကြောင်းမရှိပါချေ။

ကျွန်ုပ်၊ ထွန်းခေါင်ထက်နှင့် နန်းစောတို့သုံးယောက်သားသည် ကလေးသူငယ် လူမမယ်အရွယ်ကတည်းက အတူတကွ ကြီးပြင်းလာကြသူများ ဖြစ်ကြသည်။ သို့ရာတွင် သူတို့မောင်နှမနှစ်ယောက်၏ မိဘများသည် မျိုးရိုးစဉ်ဆက် မြန်မာဘုရင်များ၏





လက်ထက်တော်ကတည်းက ချမ်းသာကြွယ်ဝသူများဖြစ်ကြသည်။

ကျွန်ုပ်၏ဖခင် ကွယ်လွန်ပြီးနောက် အမေသည် ထွန်းခေါင်ထက်တို့အိမ်တွင် ထမင်းဟင်းချက် စသော ဝေယျာဝစ္စများ လုပ်သူဖြစ်သည်။

ထွန်းခေါင်ထက်၏အဖေ ဦးမိုးထွန်းခေါင်သည် ဗြိတိသျှ အစိုးရလက်ထက်တွင် ဆဋ္ဌမမြောက် ဂျော့ဘုရင်၏ သူကောင်းပြုခံရသော အေ၊ တီ၊ အမ်ဘွဲ့ရ ဝန်ထောက်တစ်ဦးဖြစ်သည်။ ထွန်းခေါင်ထက်၏မိခင် ဒေါ်နန်းထက်သည် သမီးငယ်နန်းစောကို မွေးဖွားပြီးပြီးချင်း ကွယ်လွန်သွားခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်သည် ထွန်းခေါင်ထက်၊ နန်းစောတို့နှင့် အတူ ဂန္ထဝင်စံအိမ်ကြီးတွင် ပေါက်ဖွားကြီးပြင်းခဲ့ရသူဖြစ်သည်။

ကျွန်ုပ် ငယ်စဉ်ကတည်းက မူလတန်းမှအစပြု၍ အလယ်တန်း၊ အထက်တန်းကျောင်းအထိ သူတို့မောင်နှမနှင့် အတူ ကျောင်းသွားဖော်၊ စာကျက်ဖော် ဖြစ်ခဲ့ကြသည်။ မက်ထရစ်စာမေးပွဲကို ဖြေဆိုပြီးချိန်တွင် ကျွန်တော်၏မိခင် ကွယ်လွန်ခဲ့ရသည်။

ထိုအချိန်တွင် ကျွန်ုပ်နှင့်အတူ ထွန်းခေါင်ထက်၊ နန်းစောတို့သည် လူပျိုပေါက်၊ အပျိုဖော်ဝင်စအရွယ် ဖြစ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မိခင်ကွယ်လွန်ပြီးချိန်မှစ၍ ဂန္ထဝင်စံအိမ်ကြီးတွင် နေလိုစိတ် မရှိတော့ပါချေ။

စင်စစ်အားဖြင့် မောင်နှမအရင်းအချာများသဖွယ် အတူသွား၊ အတူစား၊ အတူနေခဲ့ကြသော နန်းစောတို့မောင်နှမကို ဦးမိုးထွန်းခေါင်က ကျွန်ုပ်နှင့် တရင်းတနှီးမဆက်ဆံရန် တားမြစ်ခဲ့သည်။ ထိုသို့ တားမြစ်ခဲ့ခြင်းမှာလည်း ကျွန်ုပ်ကဲ့သို့သော အခိုင်းအစေ၏သားနှင့် သူ၏သမီးဖြစ်သူ နန်းစောတို့ ငြိစွန်းသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်တန်ရာသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် မိခင်ကွယ်လွန်ပြီး တစ်လအကြာတွင် ဦးမိုးထွန်းခေါင်အား ကန်တော့၍ ထန်းခေါက်ဖာနှင့် အိပ်ရာလိပ်ဆွဲကာ ဂန္ထဝင်စံအိမ်ကြီးမှ ထွက်ခွာလာခဲ့သည်။

ထွန်းခေါင်ထက်သည် အကြီးအကျယ် စိတ်မကောင်းဖြစ်နေသော်လည်း သူ့အဖေ၏ တစ်ချက်လွှတ်အမိန့်ကို ဖယ်ရှားနိုင်ခြင်း မရှိပါချေ။ ထို့ကြောင့် မျက်နှာချိုချိုဖြင့် ကျွန်ုပ်ကို ခြံဝအထိ လိုက်ပို့ခဲ့သည်။ ခြံဝသို့ရောက်သောအခါ ...

"မင်းနဲ့ငါ မခွဲချင်ပေမယ့် တို့အဖေရဲ့စကားကို မပယ်ရှားနိုင်ဘူး သူငယ်ချင်း၊ မင်း အခုလို ထွက်ခွာသွားရတာကို ညီမလေးအစောလည်း အရမ်းစိတ်ထိခိုက်နေတယ်၊ ဟောဒီမှာ အစောရေးပေးလိုက်တဲ့စာ"





ထွန်းခေါင်ထက်က ပြောပြောဆိုဆိုဖြင့် စာအိတ်တစ်အိတ်ကို ကျွန်ုပ်၏လက်ထဲသို့ ထိုးထည့်ပေးသည်။

"ညီမလေးအစောဟာ အခုဆိုရင် စံအိမ်ကြီးရဲ့အပေါ်ထပ် လေသာဆောင်က မင်းကို နှုတ်ဆက်ဖို့ ရပ်စောင့်နေတယ်ကွ"

ထွန်းခေါင်ထက်၏အသံကြီးမှာ ကတုန်ကယင်ဖြစ်နေရှာသည်။

ကျွန်ုပ်က စံအိမ်ကြီး၏လေသာဆောင်သို့ ရုတ်တရက်လှည့်ကြည့်လိုက်မိသည်။ လေသာဆောင်တွင်ရပ်လျက် လက်ကိုင်ပဝါအဖြူလေးကို ဝှေ့ယမ်းလျက်နှုတ်ဆက်နေသော နန်းစောကို မြင်နေရသည်။ ကျွန်ုပ်သည် ညာလက်ကို ဖြည်းညင်းစွာ ပြန်လည် ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ နန်းစောသည် သူမ၏လက်ကိုင်ပဝါလေးဖြင့် မျက်လုံးအိမ်ထောင့်ကို တို့သုတ်လိုက်သည်။ ထိုမြင်ကွင်းကို မြင်လိုက်ရသောအခါ ကျွန်ုပ်၏ရင်တွင်း၌ ကြေကွဲရသော ဝေဒနာကို တနင့်တပိုးကြီး ခံစားလိုက်ရသည်။

ဤစံအိမ်ကြီးတွင် နန်းစော၊ ထွန်းခေါင်ထက်နှင့် ကျွန်ုပ်တို့ သုံးယောက်စလုံး ရှေ့ဆင့်နောက်ဆင့် မွေးဖွားခဲ့ကြသည်။ လူမှန်းသိသည့်အချိန်မှစ၍ ယခုအချိန်အထိ တတွဲတွဲ မခွဲမခွာ



www.burmeseclassic.com

www.burmeseclassic.com



နေလာကြသူများဖြစ်ကြသည်။

ထို့ကြောင့် နိုင်ငံမြဲသောသံယောဇဉ်နှောင်ကြိုး၏ တင်းကျပ်ရစ်ပတ်မှုကို မချိမဆံ့ ခံစားခဲ့ကြရသည်။

ကျွန်ုပ်ထံတွင် မိခင်ငယ်စဉ်က ရေးမှတ်ထားသော မှတ်စုစာအုပ်ငယ်လေးတစ်ခုပါခဲ့သည်။ ထိုစာအုပ်ငယ်လေး၏ ပထမစာမျက်နှာတွင် လိပ်စာရေးထားသည်။ ထိုလိပ်စာတွင် နေထိုင်သူသည် ယခုထက်တိုင် ရှိ မရှိ သေချာပေါက် မပြောနိုင်ပါချေ။

လပေါင်းများစွာ အဆက်အသွယ်ပြတ်နေခဲ့သော ကျွန်ုပ်မိခင်၏ညီမ လိပ်စာဖြစ်သည်။ တောမြို့ငယ်လေးတစ်ခု၏ အထက်တန်းကျောင်းတစ်ကျောင်းနှင့် ဆရာမတစ်ဦး၏အမည်ကို ရေးထားသည်။ ဆရာမဒေါ်မြတ်မွန် ဟူ၍ဖြစ်သည်။ အမေပြောလေ့ရှိသော စကားထဲတွင် အမေ့ညီမအမည်မှာ မိမိမိုးဖြစ်သည်။ ဆရာမဒေါ်မြတ်မွန်နှင့် မိမိမိုး တစ်ဦးတည်း ဟုတ်,မဟုတ် ကျွန်ုပ် မသိပါချေ။

ကျွန်ုပ်သည် ဆရာမဒေါ်မြတ်မွန်၏ ကျောင်းလိပ်စာကို အားကိုးအားထားပြု၍ ဂန္ထဝင်စံအိမ်ကြီးမှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ရထားဘူတာတွင် ထိုင်၍ ရထားစောင့်နေချိန်တွင် နန်းစော၏စာအိတ်ကို ဖတ်ရှုရန် ဖောက်ဖွင့်လိုက်သည်။

စာအိတ်ထဲမှ စာရွက်ခေါက်ကို ဖြန့်လိုက်စဉ် စာရွက်





ခေါက်ထဲတွင် ထည့်ပေးလိုက်သော ငွေစက္ကူတစ်ဆယ်တန် ၁၀ ရွက်ကို တွေ့လိုက်ရသည်။ အသစ်စက်စက်များပင် ဖြစ်သည်။ စာထဲတွင် . . .

*အစောနဲ့ကိုကိုထွဋ်တို့ စုဘူးလေးတွေကို ဖောက်ပြီး ရှိရှိသမျှအားလုံး ထည့်ပေးလိုက်တယ်။ အစောတို့အတွက် ငွေမလိုပါဘူး။ ခရီးသွားမယ့်အစ်ကို့အတွက်က လိုအပ်နေမှာပါ။ ဒီနေ့မနက်ကျမှ အစ်ကို တစ်နယ်တစ်ကျေးကို သွားတော့မယ်ဆိုတာ ချက်ချင်းကြီးသိလိုက်ရလို့ အရမ်းကြေကွဲရတယ်။ အစ်ကိုအောင် ခရီးမထွက်မီ ဒီစာကို ကိုကိုထွဋ်နဲ့ပေးလိုက်ဖို့ ကမန်းကတန်း ရေးလိုက်ရတာ။ အစ်ကိုအောင် ရောက်လေရာအရပ်က စာမှန်မှန် ရေးပါနော်။ အနည်းဆုံး တစ်လတစ်စောင်တော့ ရေးစေချင်တယ်။*

*ဒါပဲနော် . . . အချိန်လည်း မရှိတော့ဘူး။ အစောရင်ထဲမှာ မီးတောက်နေလို့ ဘာတွေရေးရမှန်းလည်း မသိတော့ဘူး။*

ဟူ၍ ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာရေးရခြင်း ဖြစ်သောကြောင့် နန်းစော၏ လက်ရေးမှာ ကြောင်ခြစ်ထားသည့်ပမာ မနည်းကြိုးစား၍ ဖတ်ခဲ့ရသည်။

※

လိပ်စာအရ ကျွန်ုပ်ရောက်ရှိသွားသော ကျောင်းတွင် ဆရာမဒေါ်မြတ်မွန်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်က အမေ ကွယ်လွန်သွားကြောင်း၊ ဂန္ထဝင်စံအိမ်ကြီး၏ပိုင်ရှင် ဦးမိုးထွဋ်ခေါင်က အကြောင်းမဲ့သက်သက် နှင်လွှတ်လိုက်သောကြောင့် နေစရာမရှိတော့သောအခြေအနေကိုပါ ဒေါ်မြတ်မွန်အား ရှင်းပြလိုက်သည်။

ဆရာမဒေါ်မြတ်မွန်သည် ကျွန်ုပ်မိခင်၏ညီမ မိမိမိုးပင် ဖြစ်သည်။ သူသည် ထိုအထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးဖြစ်သည်။ ထို့ကြောင့် ...

"လူလေး ဘာမှမစိုးရိမ်နဲ့တော့၊ ဒေါ်လေးဆီကို လူလေးရောက်လာပြီဆိုတော့ ဒေါ်လေးအစ်မရဲ့သားဟာ ဒေါ်လေးရဲ့ သွေးသားအရင်းခေါက်ခေါက် ဖြစ်နေတဲ့အတွက် လူလေးရဲ့ဘဝ





ကို ဒေါ်လေး လုံးလုံးလျားလျား တာဝန်ယူလိုက်ပါပြီ၊ အရေးကြီးတာ တစ်ချက်ပဲရှိမယ် ... အဲဒါက ဒေါ်လေးရဲ့စကားကို မြေဝယ်ကျ နားထောင်ပြီး လိုက်နာဆောင်ရွက်ဖို့က လူလေးရဲ့တာဝန်ပဲ"

ဟူ၍ ပဏာမပျိုးသည်။ အထက်တန်းကျောင်းအုပ်ဆရာမ အပျိုကြီး၏ တစ်ဦးတည်းသောတူအဖြစ် သားအဖြစ်မှ လူလားမြောက်သည်အထိ ဆက်လက်၍ ပြုစုပျိုးထောင် ပုံသွင်းခဲ့သည်။ ကျွန်ုပ်သည် ဒေါ်လေး၏စိတ်ကြိုက် ပညာတတ် တစ်ယောက်အဖြစ် လူလားမြောက်ခဲ့ရသည်။

နောက်ဆုံးတွင် ကျွန်ုပ်ကို စီးပွားရေးသမားလူပျိုကြီး ဦးမိုးအောင်၏လက်သို့ လွှဲအပ်လိုက်တော့သည်။ စင်စစ်အားဖြင့် ဦးမိုးအောင်သည် ကျွန်ုပ်၏ဒေါ်လေးအား တစ်ဖက်သတ် ကျိတ်၍ နှစ်သက်စွဲလမ်းနေသူဖြစ်သည်။

ထို့ကြောင့် ဒေါ်လေးမြတ်မွန်၏ဆန္ဒအတိုင်း ကျွန်ုပ်အား စီးပွားရေးနယ်ပယ်တွင် လူတစ်လုံး သူတစ်လုံးအဖြစ် ရပ်တည်နိုင်အောင် ကူညီထောက်ပံ့ခဲ့သည်။

ထိုအခါကျမှ ဒေါ်လေးမြတ်မွန်သည် လူပျိုကြီးဦးမိုး ni f cနာjci far w ၁ကို လက်သင့်ခံ၍ တရားဝင် လက်ထပ်ပေါင်းသင်းခွင့်ပြုလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စီးပွားရေးလောကတွင် အရှိန်ရလာသော ထည်ထည်ဝါဝါလုပ်ငန်းတစ်ခုဖြင့် ရပ်တည်နိုင်သောကာလတွင် ထွဋ်ခေါင်ထက်၏ အရေးတကြီးပို့လိုက်သော ကြေးနန်းစာကို ရရှိခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်၏ စီးပွားရေးလုပ်ငန်းကို ဒေါ်လေး မြတ်မွန်နှင့် ဆွေးနွေးပြီးနောက် ကျွန်ုပ်၏ဦးလေးအဖြစ် တော်စပ်နေပြီဖြစ်သော ဦးဖိုးအောင်ထံတွင် လွှဲပြောင်းတာဝန်ပေးအပ်ခဲ့သည်။

***

## သုံး

ဆယ်စုနှစ်တစ်ခုမျှ ကြာမြင့်ခဲ့သော အချိန်ကာလပိုင်း အတောအတွင်း ဂန္ဓဝင်စံအိမ်ကြီးသည် ဤမျှ အိုမင်းယိုယွင်း သွားလိမ့်မည်ဟူ၍ လုံးဝ မထင်မှတ်ခဲ့ပါချေ။

စံအိမ်ကြီးကို မြင်လိုက်ရသောအချိန်တွင် ကျွန်ုပ်၏စိတ် များက အလိုလိုနေရင်း အကြောင်းမဲ့သက်သက် စိတ်လေးလာ သည်။

ပြုပြင်ပြောင်းလဲမွမ်းမံခြင်း မရှိသောကြောင့် စံအိမ်၏ အောက်ထပ် အုတ်နံရံတွင် နွယ်ပင်များနှင့် ညောင်ပင်ပေါက်များ အွယ်ကပ်ပေါက်ရောက်နေကြသည်။

နေရာအတော်များများ၌ အင်္ဂတေများကွာကျ၍ အောက်



www.burmeseclassic.com

www.burmeseclassic.com



ခံအုတ်ရိုးများ ပေါ်နေသည်။ အချို့နေရာတွင် ရေညှိများပင် တက်နေလေပြီ။

ခြံဝင်းထဲတွင် တစ်ချိန်က အခက်အလက်၊ အရွက်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေခဲ့သော သစ်ပင်အချို့ပင်လျှင် ကျဲတိကျဲတောက်နှင့် အရိုးပြိုင်းပြိုင်း ဖြစ်နေကြသည်။

စံအိမ်ကြီး၏ မှန်ပြတင်းပေါက်များသည်လည်း မျက်လုံးဟောက်ပက်နှင့် ကြည့်နေကြသည့်ပမာ မှန်ချပ်များနေရာတွင် ကွက်လပ်ဖြစ်နေသည်။

လွန်ခဲ့သော ကလေးဘဝ၊ ဆယ်ကျော်သက်ဘဝတွင် ပျော်ရွှင်ကြည်နူးမြူးထူးဆော့ကစားခဲ့ကြသော စံအိမ်ဝန်းကျင်ရှိ ခြံဝင်းတစ်ခုလုံး သစ်ရွက်ခြောက်နှင့် သစ်ကိုင်းခြောက်များသာ ဖုံးအုပ်လွှမ်းခြုံနေကြသည်။

ခြံစည်းရိုးများသည်ပင်လျှင် သစ်သားတန်းများနှင့် တိုင်ခြေများတွင် ခြစားလျက် ကျိုးပဲ့ပြတ်သပ်နေလေပြီ။

မြို့စွန်တစ်နေရာတွင် တစ်ချိန်က ထည်ထည်ဝါဝါနှင့် သစ်သားနားနား တည်ဆောက်ခဲ့သော စံအိမ်ကြီးသည် လေပြင်းတသုန်သုန်တိုက်ခတ်နေချိန်တွင် အိမ်အိုကြီး၏နေရာအနှံ့အပြားမှ တကျွိကျွိ တဖျတ်ဖျတ်မြင့် မြည်သံများ ထွက်ပေါ်နေကြလေသည်။





ထိုကဲ့သို့သော အိုမင်းယိုယွင်းနေသော စံအိမ်ကြီးတွင် ဒီဘဆွေမျိုးသားချင်းဖြစ်စေ အိမ်ဖော်အခြွေအရံများဖြစ်စေ ရှိတန်မတူပါချေ။

ထို့ကြောင့် စံအိမ်ကြီး၏အတွင်းအပြင် တစ်ခုလုံး လူသံသူသံ၊ စကားပြောသံ၊ ရယ်မောသံဟူ၍ မည်သည့်အသံမျှ မကြားရပါချေ။

အထူးသဖြင့် အိမ်မွေးတိရစ္ဆာန်ဖြစ်သည့် ခွေးတစ်ကောင် ကြောင်တစ်မြီးမှ ရှိပုံမရသောကြောင့် ခွေးဟောင်သံဖြင့် ဆီးကြိုမှုမျိုးကို မတွေ့ရ။

ကျွန်ုပ်သည် စံအိမ်ကြီးရှေ့ တံခါးပေါက်ကြီးနှင့် တည့်တည့်သို့ ရောက်ရှိခဲ့သည်။

သံခေါက်တံခါးကိုစေ့၍ သော့ခလောက်ဖြင့် အတွင်းမှ ခတ်ထားသည်ကို မြင်ရသဖြင့် အိမ်တွင်း၌ လူသားတစ်ယောက် ရှိနေနိုင်ကြောင်း ခန့်မှန်းလိုက်မိသည်။

ကျွန်ုပ်က သံခေါက်တံခါးကို လှုပ်ယမ်း၍ အသံပေးသည်။

"ကိုထွန်း ကိုထွန်း ... သူငယ်ချင်း"

အသံကျယ်ကျယ်ဖြင့် ထွန်းခေါင်ထက်အမည်ကို ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်၏အတွင်း နောက်ဘက်မီးဖိုခန်းဆီမှ 'ဘယ်သူ လဲ' ဟူသောအသံသဲ့သဲ့ကို ကြားလိုက်ရသည်။

ယောကျ်ားအသံလား၊ မိန်းမအသံလား မရေရာ မကွဲ ပြားပါချေ။

"တို့ပါ စိမ်းနွယ်အောင်ပါ"

ကျွန်ုပ်၏အသံကို မြှင့်၍ ဖြေလိုက်မိသည်။

မကြာမီ မီးဖိုခန်းမှတစ်ဆင့် ထမင်းစားခန်းကို ဖြတ် သန်း၍ အိမ်ရှေ့ဧည့်ခန်းသို့ ဦးတည်လျှောက်လာသော လွှာချင်း ဖိနပ်သံသဲ့သဲ့ကို တဖျတ်ဖျတ် ကြားလိုက်ရသည်။

ကျွန်ုပ်သည် ထမင်းစားခန်းထွက်ပေါက်ရှိရာသို့ လှမ်းကြည့် နေစဉ် ကျွန်ုပ်၏နောက်ကျောဘက်မှ ...

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲဗျာ"

ဟူသော မွန်မွန်ရည်ရည်အသံတစ်သံကို ကြားလိုက်ရ သည်။

ကျွန်ုပ်က နောက်ကျောဘက်သို့ ချာခနဲလှည့်၍ ကြည့် လိုက်သည်။

ဤစံအိမ်ဝန်းကျင်တွင် ကျွန်ုပ်နေထိုင်ခဲ့သော ကာလ တစ်လျှောက်လုံး တစ်ကြိမ်တစ်ခါမှမတွေ့ဖူးသော လူငယ်တစ် ယောက်။





အသက် ၂၀ နှစ်ခန့်၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိ သည့် ညိုမောင်းသော အသားရောင်၊ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်သည်။ ရှမ်းခမောက်ကို သူ၏နဖူးထက်ဝက် ဖုံးအုပ်သည် အထိ ဆောင်းထားသည်။ ပင်နီတိုက်ပုံရင်စေ့နှင့် ရှမ်းဘောင်းဘီ ဝတ်ဆင်ထားသည်၊ ဖိနပ်မပါ ခြေဖဝါးနှစ်ဖက်ကို မြေပြင်တွင် အပြားလိုက်ချထားသည်။

"ငါ့ညီက ဘယ်သူလဲ၊ ဒီအိမ်ကလား"

ကျွန်ုပ်က လူငယ်ကို မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော့်နာမည် ဝေလုပါ၊ ကျွန်တော် ဒီအိမ်ကြီးရဲ့ အနောက်ဘက်ကတန်းလျားမှာ နေပါတယ်၊ ခြံဝင်းထဲမှာ အမှိုက် သရိုက်တွေ, သစ်ရွက်ခြောက် သစ်ကိုင်းခြောက်တွေရှင်းဖို့ လိုအပ် တဲ့အခါမျိုး ထင်းခြောက်တွေ ခုတ်ရဖြတ်ရမယ့်အခါမျိုးတွေမှာ နောက်ပြီး နောင်တော်နဲ့အစ်မတော်တို့ စေခိုင်းသမျှ ဆောင်ရွက် စရာကိစ္စတွေကိုပါ ဆောင်ရွက်ပေးရ ..."

ဝေလုဆိုသူက ရှင်းပြသည်။ သူ၏စကားမဆုံးမီ ...

"ဟယ် ... အစ်ကိုအောင် ရောက်လာပြီ"

ဟူသော ကျေနပ်အားရစွာပြောလိုက်သံသည် စံအိမ်ထဲ ထွက်ပေါ်လာသည်။

ထို့ကြောင့် ကျွန်ုပ်သည် ထိုလူငယ်အား ကျောပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကာ သံခေါက်တံခါးသော့ဖွင့်နေသည်ကို လှမ်းကြည့်လိုက်မိသည်။

နန်းစောမှ နန်းစောအစစ်။

လွန်ခဲ့သော ဆယ်နှစ်ကရုပ်ရည်ထက် မိုမိုပြည့်ဝသော အလှပိုင်ရှင် ဖြစ်နေလေပြီ။ ကိုယ်လုံးက ယခင်ကအချိုးအစားထက် အနည်းငယ်မျှ ပိုမိုဖွံ့ဖြိုးလာသော်လည်း ကျစ်ကျစ်လျစ်လျစ် ပြေပြစ်နေဆဲဖြစ်သည်။ မျက်နှာလေးက ပကတိလန်းဆန်းနေသည်။

"အစောကို တွေ့ရတာပဲ တို့ အရမ်းဝမ်းသာတယ်၊ အစောရဲ့အစ်ကိုတော်ရော ကျန်းကျန်းမာမာရှိရဲ့လား"

ကျွန်ုပ်က မေးရိုးမေးစဉ် မေးလိုက်သည်။

သို့ရာတွင် နန်းစော၏မျက်နှာသည် ချက်ချင်းကြီးပင် ညှိုးရော်သွားသည်။ သူမက ချက်ချင်း ပြန်လည်ဣန္ဒြေဆည်လိုက်သည်။

"လာ အစ်ကိုအောင် ... အိမ်ထဲဝင်ပါဦး၊ အိမ်ထဲကျမှ အေးဆေးပြောပြပါ့မယ်"

နန်းစောသည် သံခေါက်တံခါးကို ဘေးသို့ ဆွဲကပ်လိုက်ပြီး ကျွန်ုပ်ဝင်သာရုံမျှ လမ်းဖယ်ပေးသည်။

ကျွန်ုပ်က နန်းစောကို အကဲခတ်လျက် စံအိမ်ထဲသို့





ဝင်လိုက်သည်။ နန်းစောက စံအိမ်ပြင်ပတွင် ရပ်ကြည့်နေသော ဝေလုကို တစ်ချက်ကြည့်ပြီးနောက် ...

"ဘယ့်နှယ်လဲ ... အစ်မတော် ခိုင်းလိုက်တာ အဆင်ပြေရဲ့လား ဝေလု"

ဟူ၍ လှမ်းမေးလိုက်သည်။

"ပြေပါတယ်အစ်မတော်၊ ဆရာဝန်ကြီးက ခရီးသွားနေရာက ဒီနေ့မှ ပြန်ရောက်လာတာ၊ သူနာပြုဆရာမကိုပါ တစ်ခါတည်း ခေါ်လာပါလိမ့်မယ်၊ လိုအပ်တဲ့ဆေးဝါးနဲ့ စစ်ဆေးစမ်းသပ်ဖို့ ကိရိယာတွေလည်း ပြည့်ပြည့်စုံစုံယူလာခဲ့မယ်လို့ မှာလိုက်ပါတယ်ခင်ဗျ"

ဝေလုက ရိုသေလေးစားစွာ ခြေစုံရပ်လျက် ဖြေလိုက်သည်။

"ကောင်းပြီလေ၊ ဒါဆိုရင် မင်း ခြံဝမှာသွားစောင့်နေ၊ သူတို့လာရင် တစ်ခါတည်းခေါ်ခဲ့ ... ဟုတ်လား"

"ဟုတ်ကဲ့ အစ်မတော်"

ကျွန်ုပ်သည် လက်ထဲတွင်ပါလာသော ခရီးဆောင် သားရေအိတ်ကို ဘေးချ၍ ဧည့်ခန်းတွင်းရှိ နှစ်ယောက်ထိုင်ကုလားထိုင်ပေါ်တွင် ထိုင်လျက် နန်းစောကို လှမ်းကြည့်နေမိသည်။

နန်းစောနှင့် ဝေလုတို့ပြောနေကြသော အကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



ကို သဘောမပေါက်သော်လည်း ထူးခြားသောဖြစ်ရပ်တစ်ခုများ ဖြစ်နေမလားဟူ၍ သံသယဖြစ်နေမိသည်။

ဝေလုပြောသောစကားထဲတွင် "ဆရာဝန်ကြီးနဲ့ သူနာပြုဆရာမနှင့် စစ်ဆေးစမ်းသပ်ဖို့ ကိုရိယာတွေ" ဟူသောစကားလုံးကြောင့် ရောဂါတစ်ခုခုနှင့်ပတ်သက်နေသည်ဟု ယူဆဖွယ်ရာ ရှိသည်။

"မအေးမိ ... လိမ္မော်ရည်တစ်ခွက်ဖျော်ပြီး လာပို့နော်"

နန်းစောက စံအိမ်နောက်ဖေးဘက်သို့ လှမ်းပြောလိုက်သည်။ ထို့နောက် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ဝင်ထိုင်လျက် ကျွန်ုပ်ကို မျက်လုံးချင်းဆိုင်လိုက်သည်။

ကုဖော် ဖြစ်ဟန်တူသော မိန်းကလေးတစ်ယောက်က လိမ္မော်ရည်ဖန်ခွက်ကို ငွေလင်ပန်းထဲထည့်၍ လာချပေးခဲ့ပြီး ပြန်ထွက်သွားသည်။

နန်းစော၏မျက်ဝန်းထဲတွင် ရုတ်တရက် ချက်ချင်း မျက်ရည်ခိုးများ ဝေ့စက်လာသည်။ စက္ကန့်ပိုင်းအတွင်း မျက်ရည်များအဖြစ် ပြောင်းလဲကာ မျက်ဝန်းထဲတွင်ပြည့်လျက် ပါးပြင်ပေါ်သို့ စီးကျလာသည်။

မထိန်းနိုင် မသိမ်းနိုင် ဝေဒနာတစ်ခုကို ခံစားနေရာမှ





"ဟင့်" ခနဲ တစ်ချက်ရှိုက်လိုက်သည်။ ထို့နောက် သူမ၏မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်လျက် ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေသည်။

ကျွန်ုပ်သည် လောလောဆယ် ဘာလုပ်၍ဘာကိုင်ရမည်မသိ နန်းစောကို ငေးကြည့်နေရာမှ ဘာဖြစ်မှန်းမသိဘဲနှင့် အားပေးစကားဖြင့် နှစ်သိမ့်လိုက်မိသည်။

"တို့လည်းရောက်လာပြီပဲ အစောရယ်၊ ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ သဘောထားလိုက်ပါတော့၊ အစောတို့မောင်နှမအတွက် လိုအပ်တဲ့အကူအညီမှန်သမျှ တို့ဆောင်ရွက်ပေးဖို့ တာဝန်ယူပါတယ်"

ကျွန်ုပ်၏စကားအဆုံးတွင် နန်းစောက သူမ၏မျက်ရည်များကို လက်ဖဝါးဖြင့် ပွတ်သုတ်လိုက်သည်။

"အစ်ကိုအောင် အခုလိုရောက်လာတာ အချိန်ကောင်းပါပဲ၊ အစောတစ်ယောက်တည်းဆိုရင် ဘာမှ လုပ်တတ်မှာမဟုတ်ဘူး၊ အစ်ကိုအောင်ထွက်သွားပြီးတဲ့နောက်ပိုင်းမှာ ဖြစ်ခဲ့ရတဲ့ဖြစ်ရပ်တွေနဲ့ ပတ်သက်လို့ အစ်ကိုအောင်ဆီကိုရေးတဲ့စာထဲမှာ ထည့်မရေးခဲ့ဘူး၊ အခုတော့ အစ်ကိုအောင်ကိုယ်တိုင် သိရတော့မှာပါ၊ ကဲ ... ခရီးဝေးက ရောက်လာတဲ့အတွက် လိမ္မော်ရည် သောက်လိုက်ပါဦး၊ အစောပြောပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နန်းစောက ပဏာမ နိဒါန်းပျိုးလိုက်သည်။

ကျွန်ုပ်က လိမ္မော်ရည်တစ်မြုံစုပ်သောက်လျက် နား ထောင်နေမိသည်။

* * *

# လေး

"တကယ်တော့ ဖေဖေဘုရား ကွယ်လွန်တာတောင် မှိုရှိုးသားသားမှ ဟုတ်ရဲ့လားလို့ အစော သံသယဖြစ်မိတယ်၊ အစောတို့မောင်နှမ အရွယ်ရောက်လာချိန်မှာ ဒီစံအိမ်ကြီးကို အစောတို့ ဆက်လက်တာဝန်ယူကြပေတော့ဆိုပြီး ဖေဖေဘုရား က ရုက်ရှည်လမျှား ခရီးထွက်သွားခဲ့တယ်၊ နှစ်လတစ်ခါ, သုံးလ တစ်ခါ ဖေဖေဘုရားဆီက စာတွေ မှန်မှန်ရောက်ပေမယ့် စာပြန်ဖို့ လိပ်စာ ရေးမထားဘူး။ စာတိုက်တံဆိပ်ကို ကြည့်တော့လည်း တစ်စောင်နဲ့တစ်စောင် စာတိုက်ချင်းမတူဘူး။ ဖေဖေဘုရားဟာ မြန်မာပြည်မြောက်ဖျားဒေသကို ခရီးထွက်သွားတယ်ဆိုတာ သောက်ကလွဲလို့ ဘာမှမသိရဘူး"



www.burmeseclassic.com

www.burmeseclassic.com



နန်းစောက စကားကို ခေတ္တရပ်နားလိုက်သည်။

"ဖေဖေဘုရားဆုံးတဲ့အကြောင်းကို မြစ်ကြီးနားစာတိုက်က ပို့လိုက်တဲ့ ကြေးနန်းစာရတော့မှ သိရတယ်၊ သိသိချင်း ကိုကိုထွန်း မြစ်ကြီးနားကို လိုက်သွားတယ်၊ တကယ်တော့ ဖေဖေဘုရားဟာ အ်ပေါင်းအသင်းတွေနဲ့ တောထဲကို အမဲလိုက်သွားရင်း သားကောင်ဖြစ်သွားရတာပါပဲ၊ မျက်စိတစ်ဖက်လပ် ကျားဆိုးကြီးတစ်ကောင်က အမဲလိုက်စခန်းထဲဝင်ပြီး ဖေဖေ့ကို ချီသွားတာတဲ့၊ ဖေဖေတို့ အမဲလိုက်အဖွဲ့ထဲမှာ မျက်နှာဖြူအရာရှိ နှစ်ယောက်လည်း ပါသေးတယ် ...၊

အမဲလိုက်အဖွဲ့သားတွေအားလုံး ညတွင်းချင်း သွေးစက်တွေ ခြေရာခံပြီး အပူတပြင်းလိုက်ရှာကြတယ်၊ နောက်တစ်နေ့နံနက် အရုဏ်တက်ချိန်ကျမှ ကျားအောင်းတဲ့ လိုဏ်ခေါင်းထဲမှာ တွေ့ရတာ၊ ကိုကိုထွန်းရောက်သွားတဲ့နေ့မှာပဲ ဖေဖေ့ရုပ်ကလာပ်ကို မီးသဂြိုဟ်လိုက်ကြတယ်၊ အစောတို့ဆီကို ပြန်သယ်လာဖို့ မဖြစ်နိုင်တော့ဘူး၊ ခန္ဓာကိုယ်တစ်ခုလုံးဟာ အပြည့်အစုံ မဟုတ်တော့ဘူး၊ ကျားစားထားလို့ မျက်နှာတစ်ခြမ်းတောင် မရှိတော့ဘူးတဲ့"

စကားအဆုံးတွင် နန်းစောသည် မျက်နှာကို လက်ဝါး နှစ်ဖက်ဖြင့်အုပ်၍ ကြုံကြုံပါအောင် ငိုကြွေးနေရှာသည်။





ဘူမ၏ ကျောပြင်နှင့် ပခုံးနှစ်ဖက်တို့က သိမ့်သိမ့်တုန် လှုပ်ရှားနေသည်။

ကျွန်ုပ်မှာ ရှေ့သို့တိုး၍ နန်းစော၏ဆံပင်ကို လက်ဖဝါး ဖြင့် ပွတ်သိပ်၍ နှစ်သိမ့်လိုက်သည်။

"လူတွေဟာ ကံစီမံရာအတိုင်း ဖြစ်ကြရတာပါပဲ အစော ရယ်၊ ဘယ်သူမှ ရှောင်လွှဲလို့ မရပါဘူး၊ အဲဒီကံကြမ္မာဆိုတာက သည်း အတိတ်ဘဝက ပြုခဲ့ဖူးတဲ့ အကြောင်းတရားပေါ် မူတည် ပြီး ဖြစ်ကြရတာမျိုးမဟုတ်လား၊ အစောရဲ့စိတ်ကို ဖြေမှပေါ့ ကွယ်၊ ကြေကွဲဝမ်းနည်းမှုဟာ စိတ်နဲ့ရုပ်ခန္ဓာနှစ်ခုစလုံးကို ယိုယွင်း ပျက်စီးစေတယ်၊ ဒါကြောင့် ..."

ကျွန်ုပ်၏စကားမဆုံးမီ အစောက မျက်ရည်လည်ရွဲဖြင့် ကျွန်ုပ်ကို မော့ကြည့်သည်။

သူမ၏အမူအရာကို မြင်လိုက်ရသောအခါ ကျွန်ုပ်၏ ကျင်နာစိတ်များက အတိုင်းထက်အလွန် ဖြစ်ပေါ်လာသည်။ သူမ ယမ်းစေ့လေးကို ပင့်၍ မျက်ရည်များကို အသာအယာ တို့သုတ် ပေးမိသည်။

နန်းစောသည် ကျွန်ုပ်၏ယုယမှုကို ငြိမ်သက်စွာ ခံယူနေ သည်။

"ဒါထက် အစောရဲ့အစ်ကို ထွန်းခေါင်ရော"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ရုတ်တရက် သတိရမိလိုက်သောကြောင့် မေးလိုက်ခြင်း ဖြစ်သည်။

"ကိုကိုထွန်း ရှိပါတယ်၊ သူ မြစ်ကြီးနားက ပြန်လာကတည်းက ကျန်းမာရေးချို့တဲ့နေတယ်၊ အစ်ကိုအောင့်ကိုတွေ့ရင် အရမ်းဝမ်းသာမှာ၊ မနက်က ဆေးသောက်ထားပြီး အခုလောလောဆယ် အိပ်မောကျနေတယ်၊ အစ်ကိုအောင့်ကို သူသိပ်တွေ့ချင်တယ်လို့ တဖွဖွပြောနေတာ၊ ပြောစရာတွေလည်း အများကြီးရှိသတဲ့"

နန်းစောသည် ကျွန်ုပ်အား ရှင်းပြနေချိန်တွင် ခြံဝသို့ ကားတစ်စီးရောက်လာသည်ကို လှမ်းကြည့်လိုက်သည်။

သူမက ထိုင်ရာမှထ၍ ဖွင့်ထားသော သံခေါက်တံခါးဘေးဘက်တွင် ရပ်လျက် ...

"ခဏနေဦးနော် ... ဆရာဝန်နဲ့အတူတူ အစ်ကိုအောင် ပါ လိုက်ခဲ့နော်၊ အဲဒီတော့မှ ကိုကိုထွန်းကို တွေ့ကြတာပေါ့"

ဟု လှမ်းပြောသည်။

စံအိမ်ရှေ့ပေါ်တီကိုအောက်တွင် ဗိုဒ်ကားတစ်စီး ရောက်ရှိရပ်တန့်လိုက်၍ စက်သတ်လိုက်သည်။ ကားပေါ်မှ ဆရာဝန်နှင့် သူနာပြုဆရာမကြီးတစ်ဦး ဆင်းလာသည်။

ဝေလုသည် ကားနောက်ခန်းထဲတွင်ပါလာသည့် ဆေး





ကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများထည့်ထားသော သေတ္တာကို သယ်မ၍ စံအိမ်ထဲသို့ ဝင်လာကာ အပေါ်ထပ်သို့ တက်သွားသည်။

"ကြွပါ ဒေါက်တာ၊ ဆရာမကြီးလည်း တစ်ခါတည်း ပါလာတော့ ပိုပြီး အဆင်ပြေတာပေါ့"

နန်းစောက ခရီးဦးကြိုပြုသည်။ ထို့နောက် သူမက ရှေ့ဆုံးမှ ဦးဆောင်လျက် ဆရာဝန်နှင့် သူနာပြုဆရာမကြီးတို့ကို အပေါ်ထပ်သို့ ခေါ်ဆောင်ရန် လှေကားကြီးရှိရာသို့ လျှောက်သွားသည်။

ကျွန်ုပ်သည် သူတို့၏နောက်မှ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်၍လိုက်ခဲ့သည်။

❋

ဆရာဝန်ကြီးသည် တစ်ချိန်က ဦးမိုးထွန်းခေါင်ရှိစဉ်ကတည်းက ဤစံအိမ်၏ လက်စွဲတော်ပင်ဖြစ်သည်။ ယခုအခါ သူ၏ဗိုဒ်ကားပေါ်တွင် ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများ ထည့်ထားသော သေတ္တာကို တင်ဆောင်လျက် စံအိမ်ရှေ့မှ ပြန်လည်မောင်းထွက်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထွင့်ခေါင်ထက်ကို နေ့စဉ်နေ့တိုင်း လေးနာရီတစ်ကြိမ် ဆေးတိုက်ကျွေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် အပူရှိန်တိုင်းခြင်း စသောကိစ္စများနှင့် အခြားဆောင်ရွက်ဖွယ်မှန်သမျှကို အနီးကပ် အချိန်အခါမလပ် စစ်ဆေးပြုစုရန် သူနာပြုဆရာမကြီးအား စံအိမ်တွင် ထားခဲ့သည်။

သူနာပြုဆရာမကြီးသည် တစ်ချိန်က မြို့ပြဆေးရုံကြီးများတွင် မေထရွန်အဖြစ် သူနာပြုဆရာမလေးများကို အုပ်ချုပ်သင်ကြားခဲ့သူဖြစ်သည်။ သူ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အထူးကျွမ်းကျင်သူ၊ စိတ်ချရသူ၊ ဆရာဝန်ကြီးကိုယ်တိုင် ယုံကြည်အားထားရသူဖြစ်သည်။

ထို့ကြောင့် ထွင့်ခေါင်ထက်၏ ရောဂါဝေဒနာနှင့်ပတ်သက်၍ လိုလေသေးမရှိ ပြည့်စုံစွာဆောင်ရွက်ပြီးလေပြီ။

ဆရာဝန်ကြီးက စံအိမ်မှမထွက်ခွာမီ နန်းစောအား စကားတစ်ခွန်းပြောခဲ့သည်။ ထိုအချိန်က နန်းစော၏နောက်တွင် ရပ်နေသော ကျွန်ုပ်ကိုယ်တိုင် သဲသဲကွဲကွဲ ကြားလိုက်ရသည်။

"အဆုတ်အအေးမိတဲ့ဝေဒနာကိုတော့ ဆေးမှန်မှန်တိုက်ပြီး လိုအပ်တဲ့ပြုစုကုသမှုကို မေထရွန်ကြီးက ဆောင်ရွက်သွားမှာပါ၊ ရက်သတ္တတစ်ပတ်အတွင်းမှာ ရှင်းရှင်းပျောက်သွားပါလိမ့်မယ်၊ စိုးရိမ်စရာမရှိပါဘူး"





ဆရာဝန်ကြီးက ခေတ္တမျှရပ်နားပြီးမှ ဆက်ပြောသည်။

"သူ့ရဲ့စိတ်ပိုင်းဆိုင်ရာ ဝေဒနာတစ်ခုဖြစ်လာတာကို ကျုပ်ကိုယ်တိုင် စစ်ဆေးတွေ့ရှိရတယ်၊ အဲဒီ စိတ်ဝေဒနာဟာ အင်မတန်ပြင်းထန်တဲ့ ရမ္မက်ဆန္ဒရဲ့ စေ့ဆော်မှုကို အခြေခံပြီး ဖြစ်ပေါ်လာခဲ့တာပါ၊ အဲဒီစိတ်ဝေဒနာကိုတော့ နှစ်ရှည်လများ အချိန်ကာလကြာမြင့်စွာ ကုသရမယ့်အခြေအနေမျိုး ဖြစ်တယ်၊

ဒါပေမဲ့ သူ့ရမ္မက်ဆန္ဒဟာ အကြောင်းတစ်ခုခုနဲ့ တိုက်ဆိုင်ပြီး တစ်နည်းအားဖြင့် အလိုအလျောက် ဖြည့်ဆည်းပြီးသား ဖြစ်သွားရင်တော့ ကျုပ် သဖ်မှတ်ထားတဲ့အချိန်ကာလထက် စောပြီး မြန်မြန်ဆန်ဆန် သက်သာပျောက်ကင်းနိုင်တဲ့ အလားအလာရှိတယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီစိတ်ဝေဒနာနဲ့ပတ်သက်ပြီး အစွမ်းထက်တဲ့ ဆေးကိုလည်း မေထရွန်ကြီးနဲ့ပေးထားခဲ့ပါတယ်"

ဆရာဝန်ကြီးက စကားအဆုံးတွင် စံအိမ်ထဲမှ ထွက်ခွာရန် တံခါးပေါက်ဝသို့ ခြေဦးလှည့်လိုက်သည်။

"ဒါဖြင့် ကိုကိုထွင့်နဲ့ပတ်သက်လို့ ကျွန်မတို့က ထူးထူးခြားခြား ဘာများဆောင်ရွက်ပေးဖို့လိုမှာလဲ ဒေါက်တာ၊ ဥပမာ ကိုကိုထွင့်နဲ့ ဆက်ဆံတဲ့အခါမျိုးမှာ ဘယ်လောက်အတိုင်းအတာအထိ သူ့ဆန္ဒကိုဖြည့်ဆည်းပေးရမှာလဲ၊ သူနဲ့ပတ်သက်လို့ ဘာတွေကို ဆင်ခြင်ရမလဲဆိုတာလည်း ညွှန်ကြားခဲ့ပါဦး ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com

နန်းစော၏ တောင်းဆိုချက်ကြောင့် ဆရာဝန်ကြီးက ရပ်တန့်၍ နန်းစောဘက်သို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

“အကောင်းဆုံးက သူ့ဆန္ဒမှန်သမျှကို သမီးတို့ စွမ်းဆောင်နိုင်သမျှ ဆောင်ရွက်ပေးကြစေချင်တယ်၊ ကျုပ်မိတ်ဆွေကြီး ကိုမိုးထွဋ်ခေါင်ဟာ သူ့သားနဲ့သမီးအတွက် လိုလေသေးမရှိ တစ်သက် သုံးစွဲလို့မကုန်အောင် အမွေအနှစ်တွေထားခဲ့တယ်၊ ဒါကြောင့် သမီးရဲ့အစ်ကိုဖြစ်ချင်တဲ့ဆန္ဒကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းနိုင်မှာပါ၊ ဒါဆိုရင် မောင်ထွဋ်ခေါင်ထက်ရဲ့ စိတ်ပိုင်းဆိုင်ရာဝေဒနာဟာ ရက်သတ္တပတ်အနည်းငယ်အတွင်း သက်သာပျောက်ကင်းသွားပါလိမ့်မယ်”

* * *

## ငါး

ကျွန်ုပ်နှင့်နန်းစောတို့သည် ထမင်းစားသောက်ပြီးနောက် ထမင်းစားခန်းထဲမှ ထွက်လာခဲ့ကြသည်။

ဧည့်ခန်းထဲတွင် နေရာယူလိုက်ကြပြီး ငယ်စဉ်က ဖြစ်ရပ်အချို့ကို စပ်မိစပ်ရာ ပြောဆိုနေကြစဉ်မှာပင် သူနာပြုဆရာမကြီးသည် စံအိမ်အပေါ်ထပ်လှေကားမှ ဆင်းလာသည်ကို မြင်လိုက်ရသည်။

“ကိုကိုထွဋ်အခြေအနေ ဘယ့်နှယ်လဲ ဆရာမကြီး”

နန်းစောက ထိုင်ရာမှထ၍ မေးလိုက်သည်။

သူနာပြုဆရာမကြီးသည် ဧည့်ခန်းအတွင်းသို့ တောင်လျှောက်ဝင်လာပြီး နန်းစောအနီးတွင် ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့အစ်ကိုအခြေအနေ နည်းနည်းပြန်ကောင်းလာပါပြီ၊ ဆေးသောက်ပြီး အိပ်ရေးဝဝအိပ်လိုက်ရလို့ အားပြည့်နေတယ်၊ သူနဲ့ စကားပြောချင်ရင် ပြောလို့ရပါတယ်၊ ဒါပေမဲ့ အကြာကြီးတော့ မပြောသင့်ဘူး၊ သူက အခုမှ နာလန်ထခါစ ရှိသေးတယ်မဟုတ်လား"

ဆရာမကြီးက ခွင့်ပြုလိုက်သည်။

ထို့ကြောင့် ကျွန်ုပ်နှင့် နန်းစောတို့သည် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

ထွဋ်ခေါင်ထက်၏အိပ်ခန်းသည် အပေါ်ထပ် ကော်ရစ်တာ၏အဆုံးတွင် ရှိသည်။ နန်းစောဦးဆောင်၍ အမှောင်ရိပ်ကျနေသော လှူသွားစင်္ကြံအတိုင်း လျှောက်ခဲ့ကြသည်။

ထွဋ်ခေါင်ထက်၏ အခန်းပေါက်ဝရှေ့သို့ ရောက်သွားသောအခါ နန်းစောက ပိတ်ထားသောအခန်းတံခါးကို အသာအယာ ခေါက်လိုက်သည်။ တံခါးရွက်ကို စေ့ရုံသာစေ့ထားသောကြောင့် အခန်းတံခါးသည် အလိုအလျောက် အတွင်းသို့ပွင့်ဟသွားသည်။

အခန်းထဲရှိ ပြတင်းပေါက်များကို လုံးလုံးလျားလျား ပိတ်ထားပြီး ထူထဲသောရေညှိရောင်ခန်းဆီးများဖြင့် လုံခြုံစွာ ကာရံထားသည်။





ထို့ကြောင့် ထွဋ်ခေါင်ထက်၏အိပ်ရာပေါ်တွင် ခင်းထားသော အိပ်ရာခင်းဖြူဖြူလေးကိုသာလျှင် စတုဂံအဖြူရောင် အကွက်တစ်ကွက်ပမာ မြင်လိုက်ရသည်။

အိပ်ခန်းထဲတွင် ထွဋ်ခေါင်ထက်ကို မတွေ့ရပါချေ။

ကျွန်ုပ်သည် ထိုအိပ်ခန်းထဲသို့ ရောက်ရှိနေရခြင်းကြောင့် မှုန်းကျုပ်လျက် စိတ်အိုက်နေသောခံစားမှုတစ်ခု ဖြစ်ပေါ်နေသည်။

"ကျန်းမာရေးမကောင်းတဲ့ လူတစ်ယောက်ကို လေကောင်းလေသန့်နဲ့ အလင်းရောင်မရအောင် ပိတ်ဆို့ထားတဲ့ အခန်းထဲမှာ လှောင်ပိတ်ထားသလို ဖြစ်နေတယ်အစော၊ လူနာ မပြောနဲ့ တို့တောင် မှုန်းကျုပ်နေတယ်"

ကျွန်ုပ်က တီးတိုးပြောလိုက်သည်။

နန်းစောသည် ကျွန်ုပ်ပြောလိုက်သောစကားကို သဲသဲကွဲကွဲ ကြားလိုက်ဟန်မတူ။

"ကိုကိုထွဋ် အိပ်ခန်းထဲမှာ ရှိရမှာမဟုတ်လား၊ အခု သူ ဘယ်ရောက်နေသလဲ မသိဘူး"

နန်းစောက ဘဝင်မကျစွာ သူ့ဟာသူ ငြီးတွားနေသည်။

အိပ်ခန်းထဲရှိ ခုတင်ဘေးဘက် ကြမ်းပြင်ပေါ်တွင် စာအုပ်အချို့ ပြန့်ကျဲနေသည်ကို ဝိုးတဝါး မြင်နေရသည်။

အခန်းတစ်ခုလုံး အေးစက်ထိုင်းမှိုင်းနေပြီး ထွက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



မရှိသော လိုဏ်ဂူတစ်ခုထဲတွင် ပိတ်မိနေသူပမာ ထင်မြင်ယူဆမိသည်။ ထို့ကြောင့်၊ ...

"အိပ်ခန်းနဲ့မတူဘူး၊ လိုဏ်ခေါင်းထဲရောက်နေသလိုမျိုး ခံစားရတယ် အစော"

ဟူ၍ ကျွန်တော်က ရုတ်တရက် လွှတ်ခနဲပြောလိုက်မိသည်။

ကျွန်ုပ်နှင့်အစောသည် အိပ်ခန်းတွင်းရှိ ခုတင်အနီးသို့ တရွေ့ရွေ့ ချဉ်းကပ်လာကြသည်။

ထိုအခိုက်အတန့်တွင် ဖွင့်ထားသော အခန်းတံခါးက ရုတ်တရက်မြည်ဟိန်းလျက် ပိတ်သွားသံ ဂျုံးခနဲထွက်ပေါ်လာသည်။

ကျွန်ုပ်နှင့်နန်းစော နှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။

ပိတ်ထားသောတံခါးကို ကျောမှီလျက် ကျွန်ုပ်တို့အား ပြုံးကြောင်ကြောင် ရပ်ကြည့်နေသော အသွင်သဏ္ဍာန်တစ်ခုကို ရုတ်တရက်မြင်လိုက်ရသည်။

ထိုသူသည် ထွန့်ခေါင်ထက်မှတစ်ပါး အခြားသူ မဖြစ်နိုင်ပါချေ။ သို့ရာတွင် ကျွန်ုပ်သည် သူ့ကို ကျွန်ုပ်၏ငယ်သူငယ်ချင်း ထွန့်ခေါင်ထက်ဟူ၍ မယုံကြည်ချင်။





သူသည် လက်ညှိုးတစ်ချောင်းကို ဆန့်ထားပြီး ကျန်လက်ချောင်းများကိုကွေးလျက် ပြောင်းတိုသေနတ်ဖြင့် ပစ်သည့်ပမာ ဒိုင်းခနဲ အသံထွက်သည်။

ကျွန်ုပ်က ပါးစပ်အဟောင်းသားဖြင့် ရူးရူးရဲရဲကြည့်နေမိသည်။

သူရော ကျွန်ုပ်ပါ နှစ်ယောက်စလုံး စကားမပြောဖြစ်ကြ။ အံ့သြမှုလွှမ်းခြုံနေကြသည်။

ကျွန်ုပ်နှင့် ဘေးချင်းယှဉ်လျက် ရပ်တည်နေသော နန်းစောသည် အမှောင်ရိပ်လွှမ်းခြုံထားသော အခန်းထဲတွင် အမြင်အာရုံကျင့်သားရသွားသည်နှင့်တစ်ပြိုင်နက် အိပ်ခန်းဘေးဘက် မှန်ပြတင်းများကို ကာကွယ်ထားသည့် ခန်းဆီးများကို ဘေးသို့ တွန်း၍ ဖယ်ရှားသည်။

ပြတင်းမှန်ချပ်များကို ဖြတ်သန်းလာသော အလင်းရောင်က အိပ်ခန်းထဲသို့ အပြေးအလွှား ရောက်ရှိလာသည်။

နန်းစောက ပြတင်းတံခါးရွက်များကိုပါ ဖွင့်၍ ချိတ်ဖြင့် ချိတ်ထားလိုက်သည်။ သူမ၏လှုပ်ရှားမှုများမှာ သွက်လက်၍ တိကျမှန်ကန်သည်။

"ဟာ ... အခုမှပဲ ဂန္ထဝင်စံအိမ်ကြီးရဲ့ မူလအခြေအနေအတိုင်း ခမ်းခမ်းနားနား ပြန်ဖြစ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရုတ်တရက် ကောက်ချက်ချလိုက်မိသည်။

သူ၏အိပ်ရာခုတင်သို့ တရွေ့ရွေ့ ချဉ်းကပ်ကြိုးစားနေသော ထွန့်ခေါင်ထက်အနီးသို့ ကျွန်ုပ်က သွက်လက်စွာ လျှောက်သွားသည်။ ထို့နောက် သူ၏ပခုံးကို သိုင်းဖက်၍ ခုတင်ပေါ်တွင် ထိုင်မိအောင် တွဲ၍ ထိန်းပေးသည်။

နန်းစောက ခုတင်ခေါင်းရင်း၌ ခေါင်းအုံးကို မတ်မတ်ထောင်ပေးလိုက်သောအခါ ကျွန်ုပ်က ထွန့်ခေါင်ထက်၏ကျောနှင့် ကပ်ဖိ၍ နေရာချလိုက်သည်။

ထိုအခါကျမှ ကျွန်ုပ်သည် ငယ်သူငယ်ချင်း ထွန့်ခေါင်ထက်ကို အနီးကပ် စေ့စပ်သေချာစွာကြည့်လိုက်မိသည်။

သူသည် ကျွန်ုပ်ငယ်စဉ်က တရင်းတနှီး ပေါင်းသင်းဆက်ဆံလာခဲ့သော အသွင်သဏ္ဍာန်မျိုး မဟုတ်တော့ပါချေ။ ဆယ်နှစ်တာမျှသော ကာလအတောအတွင်း ထွန့်ခေါင်ထက်၌မျှ ပြောင်းလဲသွားလိမ့်မည်ဟူ၍ ကြိုတင်တွေးထင်ထားခြင်း မရှိ။

ထွန့်ခေါင်ထက်၏ အသားအရေက တင်းတင်းရှင်းရင်း မရှိ၊ လျော့ပါးလျက် ဖြူဖပ်ဖြူရော်ကြီးဖြစ်နေသည်။ နှုတ်ခမ်းအစုံက သွေးရောင်မရှိတော့ဘဲ ဖျော့တော့နေသည်။ ပါးရိုးများ ငေါထွက်နေသည်။ ဖရိုဖရဲ ဖွာလန်ကြဲရှည်လျားနေသောဆံပင်





များက မျက်လုံးအစုံကို ဖုံးအုပ်နေသည်။

ထို့ကြောင့် နန်းစောက သူ့အစ်ကို၏ဆံပင်များကို ဦးခေါင်းပေါ်သို့ ပြန်လည်တင်ပေးလိုက်သည်။ ထိုအခါတွင် ထွန့်ခေါင်ထက်၏ တောက်ပြောင်သောမျက်လုံးအစုံကို မြင်လိုက်ရတော့သည်။

သူ၏မျက်လုံးထဲတွင် အထိတ်တလန့် အရိပ်အယောင်များ ယှက်သန်းနေသည်။

သူက နန်းစော၏လှုပ်ရှားမှုများကိုသာ တစ်ချိန်လုံး အာရုံစိုက်လျက်ကြည့်နေရာမှ ရုတ်တရက် သူ၏အကြည့်သည် ကျွန်ုပ်၏မျက်နှာပေါ်သို့ ကျရောက်လာသည်။

သူက သုံးစက္ကန့်မျှ ဇဝေဇဝါ စူးစူးရဲရဲကြည့်နေရာမှ မှတ်မိသွားဟန်တူသည်။

ထို့ကြောင့် ကျွန်တော်ရှိရာသို့ ပြည့်ပြည့်ဝဝ မျက်နှာမူ၍ သူ၏လက်နှစ်ဖက်ကို ဘေးသို့ကား၍ ဆန့်တန်းလိုက်သည်။ ကျွန်ုပ်သည် ထွန့်ခေါင်ထက်ရှေ့သို့ တိုးကပ်သွားသည်။

ရင်ချင်းအပ်လျက် တစ်ယောက်နှင့်တစ်ယောက် ယက်ဆောင်းများဖြင့် အပြန်အလှန် ရစ်ပတ်ဖက်တွယ်ထားလိုက်ကြသည်။

သူသည် ကျွန်ုပ်ထက် ကိုယ်ခန္ဓာကြုံလှီသွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား ဖက်ညှစ်ထားမှုမှာ ကျွန်ုပ်နှင့်တန်းတူပင်ဖြစ်သည်။

ထိုအချိန်မှစ၍ ထွင့်ခေါင်ထက်၊ နန်းစောနှင့် ကျွန်ုပ်တို့သည် မူလ ရင်းနှီးကျွမ်းဝင်ခဲ့ကြသော အခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြလေတော့သည်။

❋ ❋ ❋

## ခြောက်

ကျွန်ုပ်နှင့်နန်းစောတို့သည် နံနက်စာ စားသောက်ပြီးစီးချိန်များတွင် သူနာပြုဆရာမကြီး၏ ခွင့်ပြုချက်ဖြင့် ထွင့်ခေါင်ထက်နှင့် သွားရောက်တွေ့ဆုံရသည်။

သူ မြစ်ကြီးနားနှင့် မြန်မာပြည်မြောက်ဖျားဒေသကို လိုက်ပါသွားစဉ်က သိရှိခဲ့သောအကြောင်းအရာများကို သူက ပြန်လည်ပြောပြခဲ့သည်။

ဆရာမကြီးက ထွင့်ခေါင်ထက်အား တစ်နေ့လျှင် တစ်နာရီမျှသာ စကားပြောခွင့်ပေးသည်။ ထိုကဲ့သို့ ထွင့်ခေါင်ထက်က လေးရက်တိုင်တိုင် အချိန်အားဖြင့် လေးနာရီသာသာ ပြောခဲ့ကြသောအခါ ပြီးပြည့်စုံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန့်ခေါင်ပြောသော အကြောင်းအရာထဲတွင် လမ်းပြ ဦးအိုက်ကစ်နှင့် သား ဝေလုအကြောင်းလည်း ပါသည်။

ဝေလုသည် အသက်ကိုးနှစ်သားအရွယ်ကတည်းက ဖခင်ဖြစ်သူ ဦးအိုက်ကစ်နှင့်အတူ တောထဲသို့ အမဲပစ် လိုက်ပါလေ့ရှိသည်။ ဖခင်ဦးအိုက်ကစ်၏ လက်တွေ့ပို့ချမှုများဖြင့် တောကျွမ်းလာသူ ဖြစ်သည်။

ဝေလု ၁၆ နှစ်သားအရွယ်တွင် လမ်းပြဖြစ်သော ဖခင် ဦးအိုက်ကစ်နှင့်အတူ မျက်နှာဖြူအရာရှိကြီးနှစ်ယောက်အပါအဝင် ဦးမိုးထွန့်ခေါင်တို့ အမဲလိုက်အဖွဲ့၏ တွဲဖက်လမ်းပြအဖြစ် မြန်မာပြည်မြောက်ဖျားဒေသသို့ လိုက်ပါသွားခဲ့သည်။

ဦးမိုးထွန့်ခေါင်တို့ အမဲလိုက်အဖွဲ့ ထိုဒေသသို့မရောက်မီ ရက်သတ္တပါတ်ခန့်စော၍ အိုမင်းနေသော ကိုးတောင်ကျား တစ်ကောင်ကို လူမျိုးခြား မုဆိုးအဖွဲ့တစ်ဖွဲ့က ပစ်ခတ်ခဲ့ဖူးသည်။

သို့ရာတွင် ပစ်ခတ်သူ၏ပေါ့ဆမှုကြောင့် ကျားအိုကြီး၏ လက်ဝဲဘက်မျက်လုံးကိုသာ ရှပ်၍ထိမှန်ခဲ့ပြီး ကျားကြီး လွတ်မြောက်သွားခဲ့သည်။

တောရိုင်းတိရစ္ဆာန်တို့၏ သဘာဝအရ အသက်အရွယ် အိုမင်းလာသော ကျားအိုကြီးများသည် သူတို့ထက် အဆပေါင်း များစွာ ပိုမိုသွက်လက် လျင်မြန်ဖြတ်လတ်သော သမင်၊ ဒရယ်၊





ချေ (ဂျီ)၊ စိုင်၊ ဆတ် စသည့် ခြေလေးချောင်းသားကောင်တို့ကို မလိုက်နိုင်တော့ပါချေ။

ထိုအခါ ခြေနှစ်ချောင်းသတ္တဝါများထဲတွင် နုံးကွေးသော လူသားကို စားသောက်ရန် ရှာနီးချုပ်စပ်သို့ ချဉ်းကပ် ချောင်းမြောင်းလေ့ရှိကြသည်။

အထူးသဖြင့် အိုမင်းမစွမ်းဖြစ်နေသော ကျားအိုကြီးသည် မဆင်မခြင်ပစ်ခတ်လိုက်သော မုဆိုး၏လက်ချက်ကြောင့် မျက်စိတစ်ဖက်ကွယ်နေသော ကျားနာကြီးတစ်ကောင်ဘဝသို့ ရောက်ရှိသွားခဲ့ရသည်။

ကျားအိုကျားနာဖြစ်နေသော ထိုကိုးတောင်ကျားကြီးသည် ငါ့ဝမ်းပူဆာ မနေသာသောအခါ လူသားကို အလွယ်တကူ ချောင်းမြောင်းကိုက်ချီ သယ်ဆောင်သွား၍ စားသောက်လေတော့သည်။

ငရမန်ကန်းဟူ၍ အမည်ပေးထားသော ထိုကျားအိုကြီးသည် တစ်ရက်တွင် ဦးမိုးထွန့်ခေါင်အား အလစ်ချောင်း၍ ကိုက်ချီ ပြီး ခုန်ဝင်လာသည်။

လမ်းပြဖြစ်သူ ဦးအိုက်ကစ်က ခုန်ဝင်လာသောကျားနှင့် တပ်ဆုံဖြစ်နေသည်။ သူ့တွင်လည်း ဓားရှည်တစ်လက်နှင့် ပြောင်းသာပါသည်။ ထို့ကြောင့် ဓားရှည်ဖြင့် ခုတ်ပိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တားရှည်၏ထက်မြက်သောအသွားသည် ကျားနာကြီး၏ လက်ပြင်ရှိ အရေပြားကို ထိရှရုံမျှသာဖြစ်သွားစဉ် ကျား၏ ပြင်း ထန်သော လက်ပြန်ပုတ်ထုတ်ချက်က ဦးအိုက်ကစ်၏ဝမ်းဗိုက်မှ ရင်ညွန့်အထိ လက်သည်းများဖြင့် တောက်လျှောက် ဟက်တက် ခွဲလိုက်သည့်ပမာ ရင်အုံတစ်ခုလုံး ဟင်းလင်းပွင့်ထွက်သွားသည်။

ထိုဒဏ်ရာဖြင့် ဦးအိုက်ကစ် သေဆုံးခဲ့ရသည်။

ကျားကြီး၏လက်ချက်ကြောင့် ဦးအိုက်ကစ် ပွဲချင်းပြီး သေဆုံးသွားသည်ကို သားဖြစ်သူဝေလုက မျက်ဝါးထင်ထင် မြင် လိုက်ရသည်။

သူ့အနေနှင့် ထိုဖြစ်ရပ်ကို ပြန်လည်မြင်ယောင်မိတိုင်း ကြောက်စိတ်ဟူ၍ လုံးဝမဖြစ်ပေ။ ကျားရေမန်ကန်းကိုသာ ဖိနင်း ချေလိုသောစိတ်က ဝေလု၏ရင်ထဲတွင် အစိုင်အခဲဖြစ်လာသည်။

ထို့နည်းတူ ကျားစာဖြစ်ခဲ့ရသော ဖခင်ဦးမိုးထွန့်ခေါင်၏ ဖြစ်ရပ်ကို ပြည့်စုံစွာသိရပြီးနောက် ဖခင်အား ကိုက်ချီသယ်ဆောင် သွားကာ မျက်နှာတစ်ခြမ်းကို စားသောက်ခဲ့သော ကျားကြီး နေထိုင်ရာလိုဏ်ခေါင်းအထိ ထွန့်ခေါင်ထက်က ရောက်ရှိခဲ့သည်။

ထို့ပြင် သူနှင့်ဘဝတူဖြစ်ခဲ့ရသော လမ်းပြ ဦးအိုက်တင် ၏သား ဝေလုကိုလည်း စံအိမ်သို့ခေါ်လာ၍ နေရာချသည်။

ထိုအတွေ့အကြုံများသည် သက်တမ်းတစ်လျှောက်





အေးချမ်းသာယာ အပူအပင် အကြောင့်အကြကင်းမဲ့စွာ နေထိုင် လာခဲ့သော ထွန့်ခေါင်ထက်အတွက် အပြင်းအထန် ထိတ်လန့် ချောက်ချားမှုများဖြင့် ဖုံးအုပ်လွှမ်းခြုံခြင်း ခံလိုက်ရသည်။

ထိုသွေးပျက်ခမန်း ကြောက်ရွံ့ထိတ်လန့်မှုသည် စိတ် ပိုင်းဆိုင်ရာတွင်သာမက ရုပ်ပိုင်းဆိုင်ရာကိုပါ ကူးစက်ပျံ့နှံ့သွား ကြောင်း ဆရာဝန်ကြီးက ရှင်းပြခဲ့သေးသည်။

ထိုဝေဒနာနှင့်ပတ်သက်၍ ကျွမ်းကျင်သော သူနာပြု ဆရာမကြီးအား နေ့ရောညပါ ပြုစုစောင့်ရှောက်ရမည့် လိုအပ် ချက်များကိုလည်း ဆရာဝန်ကြီးကိုယ်တိုင် ညွှန်ကြားခဲ့သေးသည်။

စင်စစ်အားဖြင့် လူနာအဖြစ်သို့ ရောက်ရှိနေသော ထွန့် ခေါင်ထက်အား အချိန်ပိုင်းသတ်မှတ်ချက်ဖြင့် စိုးရိမ်စိတ်ကြောင့် အသက်ရှူပြင်းခြင်း၊ အသက်ရှူမြန်ခြင်း စသောလက္ခဏာများ ကို စောင့်ကြည့်စစ်ဆေးမှတ်တမ်းပြုစုရမည်။ ဆေးပညာအရ Hyper Ventilation ဟု သတ်မှတ်ထားသည်။

ထိုသို့ဖြစ်လာပါက ဥပမာအားဖြင့် ခြေလက်များတွင် ဘန္ဓုရှဖြစ်လာခြင်း၊ ထုံကျဉ်လာခြင်း၊ အသက်ရှူမဝခြင်း၊ ရင် ဘတ်အောင့်ခြင်း၊ မူးဝေခြင်း၊ သတိလစ်လုနီးပါးဖြစ်ခြင်း စသည် တို့ကို စောင့်ကြည့်နေရသည်ဟု သူနာပြုဆရာမကြီးက ရှင်းပြ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခေါင်ထက်တွင် ထိုသို့သောလက္ခဏာများ ဖြစ်ပေါ်လာလျှင် ပြုစုကုသရမည့်နည်းလမ်းမှာ ပထမဆုံး သူ့ကို အားပေးနှစ်သိမ့်ရန်။ ထို့နောက် အထောက်အကူပြု စိတ်ကုထုံးဖြင့် ကုပေးရမည် ဖြစ်သည်။

ကုထုံးအခေနနှင့်–

Supportive Psychotherapy ဟူ၍ ခေါ်သည်။

"လူနာက အသက်ပြင်းပြင်းရှူလိုက်တဲ့အတွက် သွေးထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက်နည်းသွားပြီး အယ်လ်ကာလီဓာတ်များလာတယ်၊ တစ်နည်းအားဖြင့် အက်ဆစ်ဓာတ်နည်းသွားပြီး ပီအိပ်ချ်များလာတယ်၊ အသက်ရှူအဖွဲ့နဲ့ ဆက်နွယ်တဲ့သွေးထဲမှာ အယ်လ်ကာလီဓာတ်များပြားတဲ့ အခြေအနေတစ်ခု ဖြစ်ပေါ်လာတယ်၊ အဲဒါကို Respiratory Alkalosis လို့ခေါ်တယ်၊ အဲဒီတော့ သွေးထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက် ပြန်များလာအောင် ဆောင်ရွက်ရမယ်"

ဆရာဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း လိုအပ်လျှင် တိတိကျကျ လိုက်နာဆောင်ရွက်ရမည့်အကြောင်း သူနာပြု ဆရာမကြီးက စိတ်ရှည်လက်ရှည် ရှင်းပြခဲ့သည်။

❋ ❋ ❋



## ခုနစ်

ကျွန်ုပ်နှင့် နန်းစောသည် ထွန်းခေါင်ထက်၏ အလွန်အရာပြင်းပြသောဆန္ဒကို သိလိုက်ရသည်။

ထိုဆန္ဒမှာ သူ၏ဖခင်ဖြစ်သူ ဦးမိုးထွန်းခေါင်အား ရက်စက်စွာ သတ်ဖြတ်စားသောက်ခဲ့သော ကိုးတောင်ကျား ငရမန်တန်းအား ဖိဝိန်ခြေရန်အတွက်ပင် ဖြစ်သည်။

ဒုတိယအချက်မှာ အမဲလိုက်စဉ် သေဆုံးသူ ဦးမိုးထွန်းခေါင်ထံမှ ရရှိသောပစ္စည်းများကို သက်ဆိုင်ရာရဲတပ်ဖွဲ့မှ စစ်ဆေးသိမ်းဆည်းထားခဲ့သည်။

ထိုပစ္စည်းများကို သားဖြစ်သူ ထွန်းခေါင်ထက်အား ပြန်လည်ပေးအပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပစ္စည်းများမှာ . . .

ဦးမိုးထွန့်ခေါင်၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော သားရေဂျာကင်တစ်ထည်နှင့် ဂါဒင်းဘောင်းဘီရှည်၊ သားရေခါးပတ်တစ်ချောင်း၊ ဘောစီးဖိနပ်တစ်ရန်၊ ဒဿမ ၄၅ ပစ္စတိုတစ်လက်နှင့် ကျည်တစ်ကပ် စသည်တို့ဖြစ်သည်။

သားရေဂျာကင်၏ အိတ်များထဲတွင် ဒိုင်ယာရီ+မှတ်စုစာအုပ် အငယ်စားတစ်အုပ်၊ ပတ်ကားဘောလ်ပွိုင့်တစ်ချောင်း ပိရမစ်လက်ကိုင်ပဝါတစ်ထည် စသည်တို့ဖြစ်သည်။

ထိုဒိုင်ယာရီ+မှတ်စုစာအုပ်၏ အတွင်းဘက်ကျောဖုံး၌ အံဝှက်သဘော မျိုးပြုလုပ်ထားသော အကန့်ထဲတွင် သေသပ်စွာခေါက်ထည့်ထားသော မြေပုံကြမ်းတစ်ခု တွေ့ရသည်။

ထိုမြေပုံကြမ်းမှာ ပတ္တူစပေါ်တွင် ထင်ထင်ရှားရှား ပုံကြမ်းရေးဆွဲထားခြင်း ဖြစ်သည်။ မြေပုံကြမ်း၏ အရွယ်အစားမှာ ကိုးလက်မပတ်လည်ခန့် ရှိသည်။

နေရာဒေသတစ်ခု၏ အသွင်သဏ္ဌာန် အမှတ်အသားလက္ခဏာများနှင့်ဖြစ်ပြီး မြေပုံ၏အလယ်ဗဟိုတွင် 'အာယုတိဋ္ဌာန်' ဟူသော ပါဠိစာလုံးကို အသည်းပုံထဲတွင်ထည့်၍ အထူးပြုသည့်သဘောမျိုး ဖော်ပြထားသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ပြောပြရာတွင် ထွန့်ခေါင်ထက်သည် အိပ်ရာပေါ်တွင် လဲလျောင်းလျက်သား လူမမာတစ်ယောက်အဖြစ်မှ လက်ထောက်အားယူကာ ကိုယ်ခန္ဓာအထက်ပိုင်းကို ကြွ၍ စိတ်အားထက်သန်စွာဖြင့်ပြောသည်။

"အဲဒီနယ်မြေဒေသကို ငါကိုယ်တိုင် တစ်ခေါက်ပြန်သွားချင်တယ် သူငယ်ချင်း၊ ဒါပေမဲ့ ငါ့ကျန်းမာရေး ရာနှုန်းပြည့်ပြန်ကောင်းဖို့က နောက်ထပ် အနည်းဆုံးခြောက်လလောက်တော့ ကြာဦးမယ်လို့ သမားတော်ကြီးက ပြောထားတယ်၊ နောက်ပြီး ကျန်းမာရေးအပြည့်အဝမကောင်းသေးဘဲနဲ့ အဲဒီတောတောင်ခန်းကြမ်းကိုသွားရင် ဟိုမရောက်ခင် လမ်းမှာပဲ ခြေလက်တွေအကြောဆိုင်းပြီး လေဖြတ်ခံရသူတစ်ယောက်လို တစ်ကိုယ်လုံးချုပ်ရှားလို့ရတော့မှာမဟုတ်ဘူးတဲ့၊ ဒါကြောင့် ငါ စိတ်လျှော့ထိုက်ရတာ"

ထွန့်ခေါင်ထက်သည် ပြောလက်စစကားကို ရပ်နားသည်။

ပါးစပ်ကိုဟလျက် အသက်ပြင်းစွာ ရှူရှိုက်နေသေးသည်။ ပြီးမှ ဆက်လက်၍ အားယူကာ ပြောပြန်သည်။

"အဲဒီ ရေမန်ကန်းဟာ ငါ့ကျန်းမာရေးပြန်ကောင်းလာတဲ့အထိ အသက်ရှင်မှာမဟုတ်ဘူး သူငယ်ချင်း၊ တစ်ယောက်ယောက်ရဲ့လက်ချက်ကြောင့်ဖြစ်စေ, အကြောင်းတစ်ခုခုကြောင့်







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ သူ့ဘာသာ သေဆုံးသွားမှာကို ငါမလိုလားဘူး။ ငါနဲ့ အရင်းနှီးဆုံး သူငယ်ချင်းလို လူစားဖြစ်ရင်ဖြစ်, ဒါမှမဟုတ် ခွေမျိုးသားချင်းတစ်ယောက်ယောက် ဖြစ်ရမယ်၊ အဲဒီလိုလူတွေ ကိုယ်တိုင် ကျားကြီးရေမန်ကန်းကို သွေးကြွေးဆပ်မှ ငါ ကျေနပ် မယ် ... ငါပြောတာ ရှင်းလား''

သူက ရင်ခေါင်းထဲမှထွက်ပေါ်လာသော အသံကြီးဖြင့် ပြောသည်။

''သိပ်ရှင်းတာပေါ့ကွာ၊ မင်းကိုယ်စား သွေးကြွေးဆပ်ရ မယ့် လူစားထဲမှာ အရင်းနှီးဆုံးသူငယ်ချင်း ငါပါတယ်၊ နောက် ပြီး မင်းရဲ့ညီမအရင်း အစောလည်းပါတယ်၊ တို့နှစ်ယောက်ရဲ့ လက်ချက်နဲ့ အဲဒီကျားကြီး မုချ ဇီဝိန်ကြွေရစေ့မယ်၊ ငါ ကတိပြု တယ်''

ကျွန်ုပ်က လောလောဆယ် စိတ်ဝေဒနာသည်ဖြစ်နေ သော ထွန်းခေါင်ထက်၏အလိုကျ လိုက်လိုက်လှဲလှဲ ကတိပေး လိုက်သည်။

ထွန်းခေါင်ထက်၏ ဖြူဖပ်ဖြူရော်မျက်နှာကြီးက အား တက်သရောဖြင့် သွေးရောင်လျှမ်းလာသည်။

''အေး ... ဟုတ်ပြီ၊ မင်းကို ငါယုံကြည်တယ် အောင်၊ မင်းနာမည်ကလည်း အောင်ပါနေတဲ့အတွက် အဲဒီကိစ္စ အောင်





မြင်မှာပဲ၊ ငါ့ညီမတော် အစောကိုလည်း ခေါ်သွား။ အစောဟာ အားရင် အမြဲတမ်း ပွိုင့်တူးတူးလေသေနတ်နဲ့ ခြံထဲကသစ်ပင် ပေါ်မှာ လျှောက်ပြေးနေတဲ့ ရှဉ့်တွေ, ပုတ်သင်ညိုတွေ, ပဒပ်တွေ ကို လက်တည့်စမ်းပြီး ပစ်ခတ်နေကျ၊ လုံးဝ အထင်မသေးနဲ့ ... တစ်ချက် တစ်ကောင်ပဲ''

ထွန်းခေါင်ထက်က နန်းစောကိုလှမ်းကြည့်၍ ချီးကျူး သည်။ ထို့နောက် တစ်စုံတစ်ရာကို သတိရလိုက်သည့်အမူအရာ ဖြင့် ...

''ဟာ ... ငါပြောစရာတစ်ခု ကျန်သေးတယ်၊ ဝေလုကို လည်း မင်းတို့ခေါ်သွားမှဖြစ်မယ်၊ သူဟာ အသက်ကိုးနှစ်သား အရွယ်ကတည်းက သူ့အဖေနဲ့အတူ အဲဒီနယ်မြေဒေသကို ခြေ ရာချင်းထပ်အောင် သွားဖူးပြီးသား၊ နောက်ပြီး သူ့အဖေ ဦးအိုက် ကစ်ဟာလည်း ကျားကြီးရေမန်ကန်းရဲ့လက်ချက်နဲ့ အသက်ဆုံးရ တာ၊ ဒါ ဝေလုရဲ့မျက်စိရှေ့တင် ဖြစ်ခဲ့တာ၊ ဒါကြောင့် ဝေလု ဟာ မင်းတို့အတွက် လမ်းပြတစ်ယောက်အဖြစ်နဲ့ရော အမဲပစ် သမားအဖြစ်နဲ့ပါ အသုံးကျနိုင်တယ်''

ဟူ၍ ပြောလိုက်သည်။ ထို့နောက် မျက်လုံးအစုံကို မှိတ်ကာ အသက်ရှူသံပြင်းပြင်းဖြင့် ရင်ဘတ်တစ်ခုလုံး ဖောင်းမို့ ထိုးသည့်ပမာ အတက်အကျ မြန်ဆန်စွာဖြင့် လှုပ်ရှားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ... တော်လောက်ပြီ၊ ဒီနေ့အဖို့ နောက်ထပ် စကားပြောခွင့် မပြုတော့ဘူး။ ဆေးသောက်ဖို့ အချိန်ကျပြီ၊ ဆေးသောက်ပြီးတာနဲ့ အိပ်စက်အနားယူရတော့မယ်"

ဟူသော တားမြစ်သံနှင့်အတူ သူနာပြုဆရာမကြီးက အခန်းတွင်းသို့ ဝင်လာသည်။ ဆရာမကြီး၏လက်ထဲတွင် ကိုင်လာသော ငွေလင်ပန်းပေါ်တွင် ဆေးပုလင်းများနှင့် ဆေးဘူး အချို့ ပါလာသည်။

ထို့ကြောင့် ကျွန်ုပ်နှင့် နန်းစောတို့သည် အလိုက်သိစွာဖြင့် ထွန်ရှေခါင်ထက်၏အိပ်ခန်းတွင်းမှ ထွက်လာခဲ့ကြလေသည်။

* * *

## ၅

နောက်ထပ် ရက်သတ္တနှစ်ပတ်မျှ ကြာခဲ့သည်။

ထိုအချိန်ကာလအတောအတွင်း ကျွန်ုပ်နှင့်နန်းစောတို့သည် မြန်မာပြည်မြောက်ဖျားဒေသသို့ ခရီးထွက်ခဲ့ကြသည်။

လမ်းခရီး ခက်ခဲကြမ်းတမ်းခြင်းနှင့် ပတ်သက်၍ အထူး ဖော်ပြလိုတော့ပါချေ။ အဘယ်ကြောင့်ဆိုသော် မြို့ပြတွင်နေထိုင်ကြသူတိုင်းသည် တောလမ်းခရီး၊ တောင်တက်တောင်ဆင်း၊ လျှိုမြောင်ချိုင့်ဝှမ်း စသောနေရာများကို ဖြတ်သန်းသွားလာရခြင်းကို ကိုယ်တွေ့မကြုံဖူးသော်လည်း ခန့်မှန်းနားလည်သဘောပေါက်ကြပြီး ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်နှင့်နန်းစောသည် မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဖျားဒေသ၏ အစွန်ဆုံးနယ်မြေရှိ ရှရွှန်ခရွာလေးသို့ ရောက်ရှိခဲ့သောအခါ စိတ်လှုပ်ရှားစရာ သတင်းစကားများကို စတင်၍ ကြားသိလာရသည်။

လမ်းပြအဖြစ်လိုက်ပါလာသော ဝေလုသည် ထိုနယ်မြေဒေသတွင် အရွယ်ရောက်ကြီးပြင်းလာသူ ဖြစ်သည့်အလျောက် ထိုဒေသခံမျိုးနွယ်စုတို့၏ ဘာသာစကားကို ရေရေလည်လည် ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်သူဖြစ်သည်။

"သူတို့ပြောတာကတော့ အခုတစ်လော ဒီနယ်မြေဒေသမှာ ကျားဆိုးကြီးထက် ပိုပြီးထူးဆန်းတဲ့အန္တရာယ်တစ်ခု ဖြစ်နေသတဲ့"

ဝေလုက ကျွန်ုပ်နှင့်နန်းစောအား ရှင်းပြသည်။

ထိုအချိန်တွင် ရှရွှန်ခရွာ၏ အကြီးအကဲဖြစ်သော သူကြီးက သူ၏တဲပိုင်းကြီးတွင် ကျွန်ုပ်တို့အား နေထိုင်ခွင့်ပြုထားသည်။ သူကြီးကိုယ်တိုင် ညှော်ဝတ်ကျေပွန်စွာပင် ညှိခံကျွေးမွေးသည်။

သူသည် တစ်ချိန်က ဦးမိုးထွန်းခေါင်တို့ အမဲလိုက်အဖွဲ့ ဤရွာသို့ ရောက်ရှိစဉ်ကတည်းက ရွာ၏အကြီးအကဲအဖြစ် ဆောင်ရွက်နေသူဖြစ်သည်။ ထိုအခါက သူ၏သားသည် ဝေလုနှင့် အသက်အရွယ်ချင်းမတိမ်းမယိမ်း ဖြစ်ခဲ့သည်။





ထို့ကြောင့် အကယ်၍ သူ၏သားကို ကျွန်ုပ်တို့ ယခုသွားမည့်ခရီးစဉ်တွင် အဖော်အဖြစ်ခေါ်သွားလိုပါက ခေါ်သွားနိုင်ကြောင်း ခွင့်ပြုသည်။

"သူကြီးက သူ့သားဟာ မှတ်ပြောင်းမှတ်တာ အရမ်းကျင်လည်သတဲ့၊ ဒီအနီးအနား ပတ်ဝန်းကျင်မှာရှိတဲ့ ရွာတွေမှာ သူ့သားလောက် တော်တာမရှိဘူး၊ ဒါကြောင့် အဖော်အဖြစ် ခေါ်သွားချင်ရင် သူကြီးက ခွင့်ပြုမယ်လို့ ပြောပါတယ်"

သူကြီး၏စကားကို ဝေလုက ဘာသာပြန်ပြသည်။

"သူကြီးသားကို စိတ်ချရပါ့မလား၊ သူ သစ္စာရှိရဲ့လား၊ ဒါတို့ပြောတာကို နားထောင်ပါ့မလား၊ သတ္တိရှိရဲ့လား"

ကျွန်ုပ်က မေးခွန်းများကို ဆက်တိုက်မေးလိုက်သည်။

ဝေလုက ဦးခေါင်းညိတ်ပြသည်။

"ကျွန်တော် ဟိုတစ်ခေါက်ရောက်ကတည်းက သူနဲ့ ဆက်ဆံဖူးတယ်၊ ကျွန်တော့်ကို ယုံကြည်စိတ်ချသလို သူ့ကိုလည်း ယုံကြည်စိတ်ချနိုင်ပါတယ်၊ ဒီရွာမှာ သတ္တိအရှိဆုံးလူငယ်တစ်ယောက်ဖြစ်ပါတယ်၊ အရှင့်စကားကို နားထောင်မှာပါ"

ဝေလုက သူကြီးသားနှင့်ပတ်သက်၍ လိုက်လှဲစွာ ထောက်ခံသည်။ သူ့အနေနှင့် ထိုလူငယ်ကို အဖော်အဖြစ် ခေါ်သွားလိုကြောင်း ဆန္ဒရှိနေသည်မှာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

"ကောင်းပြီလေ ... မင်းကျေနပ်ရင် ငါတို့ ငြင်းပယ်စရာ အကြောင်းမရှိပါဘူး။ သူ့နာမည် ဘယ်လိုခေါ်လဲ"

"မာနုရှော ဖြစ်ပါတယ်"

"ဒါဖြင့် မနက်ဖြန်မနက်စောစော အရုဏ်တက်ချိန်မှာ ခရီးထွက်ကြမယ်၊ လိုအပ်တာအဆင်သင့်ပြင်ထားဖို့ မင်းသူငယ်ချင်း မာနုရှောကို ပြောပြလိုက်"

ကျွန်ုပ်က လေးနက်စွာ အမိန့်ပေးလိုက်သည်။ ထိုအခါ ဝေလုက ကျွန်ုပ်၏စကားကို ဘာသာပြန်ပြလိုက်သောကြောင့် ရှုရွှန်ခရှာသူကြီးနှင့် သူ၏သား မာနုရှောတို့က အားရပါးရ ပြုံးပြလိုက်ကြသည်။

※

အချိန်အားဖြင့် အရုဏ်တက်ချိန်ကို ကျော်လွန်ခဲ့လေပြီ။

ရှေ့ဆုံးမှ ဒူးလေးနှင့်မြားကျည်တောက် လွယ်ထားသော လမ်းပြဝေလု၊ သူနှင့်ဓားချင်းယှဉ်လျက် မှုတ်ပြောင်းတစ်လက်နှင့် အဆိပ်လူးမြားဘူး အပြည့်အစုံယူဆောင်လာသော မာနုရှော၊





သူတို့နှစ်ယောက်၏နောက်တွင် နန်းစောသည် ဝင်ချက်စတာ ၅၃ တစ်လက်ကို ပခုံးပေါ်တွင်ထမ်းလျက်သား ကျည်ဆန်အလုံအလောက်ပါသည်။ သူမသည် မြက်ဦးထုပ်ကိုဆောင်းလျက်သားရေဂျာကင်၊ ဘောင်းဘီရှည်၊ တောစီးဖိနပ်တို့ကို ဝတ်ဆင်ထားသည်။ သူမ၏ကျောနောက်မှ ကျွန်ုပ်က နှစ်လုံးပြူးသေနတ်တစ်လက် လွယ်လျက် ကျည်ဆန်ခါးပတ်ကို စလွယ်သိုင်းထား၍ လိုက်ပါလာသည်။

စားနပ်ရိက္ခာခြောက်များနှင့် သောက်ရေဘူးများ၊ တောင်တက်ရာတွင်အသုံးပြုရန် သုံးခွချိတ်တပ် ကြိုးခွေမှအစ လိုအပ်သည့်ပစ္စည်း စုံစုံလင်လင်တို့ကို အတွေ့အကြုံရှိသော ဝေလု၏စီစဉ်မှုဖြင့် သူနှင့်မာနုရှောတို့က ခွဲဝေသယ်ဆောင်ခဲ့ကြသည်။

ကျွန်ုပ်နှင့်နန်းစောထံတွင် အမဲလိုက်ဓားမြှောင်တစ်လက်စီကို ခါး၌ ကင်းပတ်အိတ်ဖြင့် ထည့်လာခဲ့ကြသည်။ ကျောပိုးအိတ်ကိုယ်စီ လွယ်လျက်သားဖြစ်သည်။

တောလမ်းခရီးသွားသူတိုင်း၏ အတွေ့အကြုံအရ အစပထမတွင် ပတ်ဝန်းကျင်သဘာဝရှုခင်းများ၊ ငှက်ကျေးသာရကာတို့၏အသံများသည် အတွေ့အကြုံသစ်များအဖြစ် ကြည်နူးစရာဖြစ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် စုစုပေါင်းနှစ်နာရီသာသာမျှ လျှောက်လာခဲ့ကြသောအခါ အသက်ရှူသံများပြင်းလာကြသည်။ အထူးသဖြင့် တောလမ်းခရီးအတွေ့အကြုံမရှိသော နန်းစောနှင့်ကျွန်ုပ်အဖို့ ဝေလုနှင့်မာနုရှောတို့ထက် ပို၍ ခရီးပန်းလာလေပြီး တစ်ကိုယ်လုံး ချွေးများစိမ့်ထွက်လာကြသည်။

"တကယ်လို့ တို့ဆက်သွားရမယ့်ခရီးက တော်တော်လေးဝေးနေသေးရင် အခြေအနေကောင်းမယ့် တစ်နေရာမှာ ခဏလောက် နားကြရအောင်"

ကျွန်ုပ်က ဝေလုကို လှမ်းပြောလိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာ ... ရှေ့နားကျရင် ရေကန်တစ်ကန် တွေ့ရပါလိမ့်မယ်၊ အဲဒီနေရာရောက်တော့မှ နားတာက ပိုကောင်းမှာပါ၊ ရောက်ခါနီးပါပြီ ... နောက်ထပ်ဆယ်မိနစ်လောက်ဆိုရင် ရေကန်နားကို ရောက်ပါပြီ"

ဝေလုက ခေတ္တရပ်လျက် ကျွန်ုပ်ကို လှည့်၍ပြောသည်။

"ဒါဆို မင်းတို့နှစ်ယောက် ရှေ့ကကြိုပြီးသွားနှင့်ပေတော့၊ ငါနဲ့အစောတို့ ဖြည်းဖြည်းချင်းလိုက်လာခဲ့ကြမယ်၊ ရေကန်ကိုရောက်တာနဲ့ လုပ်စရာရှိတာကို လုပ်ထားကြ၊ ငါတို့ အပန်းဖြေစခန်းချမယ်၊ စားသောက်ပြီးကြရင် တစ်နာရီလောက်နားပြီးမှ ခရီးပြန်ထွက်မယ် ... ရှင်းလား"





ကျွန်ုပ်က ပြတ်သားစွာ ပြောလိုက်သည်။

"ဟုတ် ဟုတ်ကဲ့"

ဝေလုက ဦးခေါင်းညိတ်ပြသည်။ ကျွန်ုပ်၏စကားကို မာနုရှောအား တိုတိုနှင့်လိုရင်းမျှ ရှင်းပြသည်။ ထို့နောက် သူတို့နှစ်ဦးသည် ကျွန်ုပ်နှင့်နန်းစောတို့ကို ချန်ထား၍ ခပ်သုတ်သုတ် လျှောက်သွားကြသည်။

မကြာမီ သစ်ပင်ချုံနွယ် ပိတ်ပေါင်းများကြားတွင် သူတို့နှစ်ယောက်၏ အသွင်သဏ္ဌာန် ကွယ်ပျောက်သွားလေသည်။

"ဒီနားက သစ်ပင်အောက်မှာ ခဏနားချင်ရင်လည်း ရသေးတယ် အစော"

ကျွန်ုပ်က သက်သက်ညှာညှာ အကြံပြုလိုက်သည်။

နန်းစောသည် ဆောင်းထားသော မြက်ဦးထုပ်ကိုချွတ်လျက် သူမ၏မျက်နှာကို ယပ်ခတ်နေသည်။ ပြေစင်သောနဖူးဆံစပ်တွင် ချွေးဥလေးများတွေ့ရသည်။

"ရပါတယ် အစ်ကိုအောင်၊ အစောတို့ ဖြည်းဖြည်းချင်း ဆက်လျှောက်သွားကြတာပေါ့၊ ဝေလုပြောတဲ့ ရေကန်စပ်ကျမှ မနက်စာစားပြီး တစ်ခါတည်း အနားယူကြရအောင်၊ တစ်နာရီလောက်အနားယူပြီးမှ ခရီးဆက်ထွက်တာက ပိုကောင်းပါတယ်"

နန်းစောက ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ဒါဆို ဖြည်းဖြည်းချင်းလျှောက်ကြစို့"

ကျွန်ုပ်က လိုက်လိုက်လျောလျော ပြောလိုက်သည်။

ကျွန်ုပ်တို့နှစ်ယောက်သည် ဘေးပတ်လည်၌ ပင်စည်ကြီးမားသော သစ်ပင်ကြီးများအောက်ရှိ လူသွားလမ်းပမာ မြက်ပင်များ ကျိုးတိုးကျဲတဲဖြစ်နေသည့်အတိုင်း ဆက်လျှောက်ခဲ့ကြသည်။

သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်များကို ဖြတ်သန်း၍ ထိုးဖောက်လာသော နေရောင်ခြည်သည် မြေပြင်ပေါ်သို့ အစက်အပြောက်များပမာ နေရာအနှံ့အပြား ကျရောက်နေလေသည်။

❋ ❋ ❋

# ကိုး

ရေကန်လေး၏ အကျယ်အဝန်းမှာ ပေငါးရာပတ်လည်ခန့်မျှ ရှိမည်။ သို့ရာတွင် ရေကန်တစ်ကန်၏ သဘာဝအနေအထားအတိုင်း ပြည့်စုံစွာတည်ရှိသည်။ ကြည်လင်စိမ်းမြနေသောကြောင့် ရေပြင်၏အောက်ခြေအထိ ထွင်းဖောက်၍ မြင်နိုင်သည်။

ရေကန်စပ်တွင် ကြာဖြူ၊ ကြာနီများ ပွင့်နေကြသည်။ ရေကန်ဝန်းကျင်တွင် ပင်စည်တုတ်ခိုင်မြင့်မားသော ယူကလစ်ပင်များက တစ်ပင်နှင့်တစ်ပင် နီးနီးကပ်ကပ် စုပြုံပေါက်နေကြသည်။

ရေကန်စပ်နှင့် ယူကလစ်များ၏အောက်ခြေ မြေပြန့်ကွက်လပ်လေးတွင် သစ်ကိုင်းခွနှစ်ခုစိုက်ထူ၍ ကိုင်းတံတင်ထား



www.burmeseclassic.com

www.burmeseclassic.com



ရေနွေးကရား ချိတ်ဆွဲထားသည်။ ရေနွေးကရား၏အောက်ခြေ မြေပြင်တွင် သစ်ကိုင်းခြောက်အချို့နှင့် ယူကလစ်ရွက်ခြောက် တို့ကို စုပုံထားသည်။

ဝေလုက မီးခြစ်ခြစ်၍ ယူကလစ်ရွက်ခြောက်များကို မီးခြစ်မှမီးစဖြင့် တို့ညှိနေသည်။ မီးစွဲလောင်သွားသောအခါ သစ်ကိုင်းခြောက်အချို့ကို ကန့်လန့်ဖြတ်တင်သည်။ မီးတောက် မီးညွန့်တို့သည် ရေနွေးကရား၏အောက်ဘက်ကို ထိကပ်လှုပ်ရှား နေသည်။

ကျွန်ုပ်နှင့်နန်းစောတို့သည် အရိပ်ရသောမြက်ခင်းပေါ် တွင် ထိုင်လိုက်ကြသည်။ လွယ်လာသောကျောပိုးအိတ်ကိုယ်စီကို ဖြုတ်ချ၍ ကျောမှီလျက် ခြေဆန့်လိုက်ကြသည်။

"မာနုရှော ,ဘယ်သွားလဲ"

ကျွန်ုပ်က အမှတ်မထင် မေးလိုက်သည်။

"ဒီနားတစ်ဝိုက်မှာ ထင်းခြောက်ကောက်ဦးမယ်ဆိုပြီး ထွက်သွားတာပဲ ဆရာ၊ နောက်ပြီး စားလို့ရတဲ့ သစ်သီးသစ်နှံ ရှိလိုရှိငြား ရှာဖွေခူးဆွတ်ခဲ့မယ်တဲ့"

ဝေလုက ပြန်လည်ဖြေကြားသည်။

"ဒါဆို ငါတို့ ခဏလောက်အနားယူကြတာပေါ့၊ ရေနွေး ဆူရင် ကော်ဖီတစ်အိုးနှပ်ပြီး ဖျော်လိုက်ပေတော့"





ကျွန်ုပ်က မျက်လုံးအစုံကို မှေးစင်းလျက် ပြောလိုက် သည်။ ထိုအချိန်တွင် နန်းစောသည် ထိုင်ရာမှရပ်လိုက်သည်။

"ဘယ်သွားမလို့လဲ အစော"

ကျွန်ုပ်သည် လဲလျောင်းလျက်သား အနေအထားဖြင့် မေးလိုက်သည်။

"တစ်လမ်းလုံး ထိန်းချုပ်လာခဲ့ရတဲ့အန္တရာယ်ကို စွန့်ပစ် ဖို့ အချိန်ကျပြီလေ"

နန်းစောက မပြောချင်ပြောချင်ဖြင့် ပြော၍ သစ်ပင် အုပ်စုရှိရာသို့ လျှောက်လှမ်းသွားသည်။

"သိပ်ဝေးဝေးမသွားနဲ့နော်၊ သတိထား၊ ဒီနားတစ်ဝိုက် မှာ တောရိုင်းတိရစ္ဆာန်တွေ ကျက်မစားဘူးလို့ ဘယ်သူမှ သေချာ အာမခံမှာမဟုတ်ဘူး"

ကျွန်ုပ်က သတိပေးလိုက်သည်။ နန်းစောက ကျွန်ုပ်ရှိရာ ဘက်သို့ ကျောပေးလျက် ရှေ့သို့ဆက်လျှောက်သွားရင်း သူမ၏ လက်ထဲမှ ဝင်ချက်စတာပြောင်းရှည်ကို အထက်သို့မြှောက်၍ လှုပ်ယမ်းပြသည်။ သူမထံတွင် ကိုယ်ရံတော်လက်နက်ပါကြောင်း အမူအရာဖြင့် ပြလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်သည် မျက်လုံးအစုံကို မှိတ်ထားလိုက်သည်။ ကျွန်ုပ်၏နားထဲသို့ ငှက်ကျေးသာရကာတို့၏ လွတ်လပ်စွာ အော်



www.burmeseclassic.com

www.burmeseclassic.com



မြည်ဟစ်ကြွေးသံများက တိုးဝင်လာသည်။ သစ်ကိုင်းသစ်ခက်တို့ကို ဖြတ်သန်းတိုက်ခတ်လာသော လေသည် သစ်ရွက်များအချင်းချင်း ပွတ်တိုက်လှုပ်ရှားသံများကို ဖြစ်ပေါ်စေသည်။

တစ်ခါတစ်ရံ အတော်ဝေးဝေးတစ်နေရာမှ တောကြက်ဖတစ်ကောင်၏ တွန်သံကို ကြားရတတ်သည်။

ဝေလုတည်ထားသော ရေနွေးကရား၏နှုတ်သီးမှ ထွက်ပေါ်လာသော လေချွန်သံသဲ့သဲ့ကိုကြားလိုက်ရပြီးနောက် ကျွန်ုပ်သည် မျက်ခွံများလေးလံလာပြီး အလိုအလျောက် အိပ်ပျော်မှန်းမသိ အိပ်မောကျသွားတော့သည်။

မည်မျှကြာအောင် အိပ်ပျော်သွားမှန်း မသိ။ တစ်စုံတစ်ယောက်က ကျွန်ုပ်၏ပခုံးကို အသာအယာဆုပ်ကိုင်၍ လှုပ်နှိုးနေခြင်းကို သတိပြုမိလိုက်သည်။ တစ်ချိန်တည်းမှာပင် ...

"ဆရာ ဆရာ ... ထပါဦး။ တစ်ခုခုဖြစ်နေပြီထင်တယ်။ အစ်မတော်ရဲ့အော်သံကို ကြားလိုက်ရတယ်"

ဝေလု၏အသံကိုလည်း ကြားလိုက်ရသည်။

ကျွန်ုပ် မှိတ်ထားသောမျက်လုံးအစုံကို ဖွင့်လိုက်သည်။ တစ်ပြိုင်တည်းမှာပင် လဲလျောင်းနေရာမှ ထလိုက်သည်။ ချထားသော ကျောပိုးအိတ်ကိုလွယ်လိုက်ပြီးနောက် နှစ်လုံးပြူးသေနတ်ကို ကောက်ကိုင်လိုက်သည်။





"အော်သံကို ဘယ်တုန်းကကြားလိုက်ရတာလဲ"

"အခုလေးတင်ပဲ ဆရာ"

"မာနုရှော မရောက်သေးဘူးလား"

"မရောက်သေးဘူးဆရာ"

"ကောင်းပြီလေ၊ အစောနောက်ကို ငါလိုက်သွားမယ်။ မင်း အထုပ်အပိုးယူပြီး လိုက်လာခဲ့"

ကျွန်ုပ်က ပြောပြောဆိုဆို နန်းစော တပို့တပါးသွားရာဘက်သို့ အပြေးအလွှားသွားခဲ့သည်။ ထိုအချိန်အတန့်တွင် သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ သေနတ်သံသည် တိခနဲ အသံပြတ်ဖြစ်သည်။ ထို့ကြောင့် ပစ်မှတ်ကိုထိမှန်သွားကြောင်း သဘောပေါက်မိသည်။

လောလောဆယ်အချိန်ကာလတွင် ဤပတ်ဝန်းကျင်၌ သေနတ်ပါသူဟူ၍ ကျွန်ုပ်နှင့်နန်းစောသာ ရှိသည်။ ထို့ကြောင့် သေနတ်သံသည် နန်းစောထံမှဖြစ်သည်မှာ သေချာသည်။

စောစောတုန်းက နန်းစော၏အော်သံကို ကြားလိုက်ရကြောင်း ဝေလုကပြောခဲ့သည်။ ယခု နန်းစောထံမှ သေနတ်သံ ကြားရသည်။ သေနတ်နှင့်ပစ်ရလောက်အောင် မည်သို့သော ဆိုးရိုင်းတိရစ္ဆာန်တစ်ကောင်ကောင်နှင့် ကြုံတွေ့နေပြီလဲ ဟူ၍ တွေးစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းစောသည် သေနတ်ပစ်ရာတွင် လက်ဖြောင့်သူ တစ်ယောက်ဖြစ်ကြောင်းကို ကျွန်ုပ်ကြိုတင်သိထားသည်။ အကြောင်းမှဲ့သက်သက် ပစ်လေ့ပစ်ထမရှိသောကြောင့် နန်းစော၏ပတ်ဝန်းကျင်တွင် ချက်ကောင်းကို ထိမှန်ထားသော သားကောင်တစ်ကောင်ကို တွေ့ရတော့မည်ဟု ကျွန်ုပ် ကြိုတင်၍ ကောက်ချက်ချလိုက်မိသည်။

ကျွန်ုပ်၏ သွက်လက်သော အပြေးခြေလှမ်းများသည် နန်းစောသွားရာဘက်သို့ ဆက်လက်ဦးတည်ခဲ့သော်လည်း နန်းစော၏အရိပ်အယောင်ကိုမျှ မတွေ့ရ။

"အစော အစော ... မင်းဘယ်မှာလဲ၊ ဘာဖြစ်နေလဲ"

ကျွန်ုပ်က စိုးရိမ်မကင်းဖြင့် အော်ဟစ်မေးမြန်းလိုက်သည်။

သို့ရာတွင် နန်းစောကို လုံးဝမတွေ့ရ။ လူကိုယ်တိုင်တွေ့ရန်မဆိုထားနှင့် သူမ၏တုံ့ပြန်ဖြေကြားသံပင်လျှင် မကြားရ။

ထို့ကြောင့် ကျွန်ုပ်၏စိုးရိမ်ကြောင့်ကြမှုက အထွတ်အထိပ်သို့ ရောက်ရှိလာသည်။ နန်းစော တပို့တပါးသွားသည်ဟု ထင်မြင်ယူဆရသောနေရာရှိ ချုံနွယ်ပိတ်ပေါင်းအကွယ်အကာတစ်နေရာတွင် ဖရိုဖရဲဖြစ်နေသည်။

ချုံနွယ်များက ပုံမှန်အနေအထားအတိုင်း မရှိ။ ထို့ပြင်





သွေးစက်အချို့ကိုလည်း တွေ့လိုက်ရသည်။ ကျွန်ုပ်က ထိုသွေးစက်လမ်းကြောင်းအတိုင်း ရှေ့သို့ ဆက်လျှောက်ခဲ့သည်။ ကျွန်ုပ်၏လက်ထဲရှိ နှစ်လုံးပြူးသေနတ်တွင် ကျည်ထိုးပြီးသားဖြစ်သည်။ ပစ်ရန် အသင့်အနေအထားမျိုး။

စမ်းရေစီးသံ တသွင်သွင် ကြားလိုက်ရသည်။ ရှေ့တွင် စမ်းချောင်းတစ်ခုရှိသည်။ စမ်းချောင်းစပ်တွင် ရေတစ်ပိုင်း ကုန်းတစ်ပိုင်းကျနေသော ဝင်ချက်စတာသေနတ်ကို တွေ့သည်။ ကန့်လန့်ဖြတ်စီးဆင်းနေသော ချောင်း၏အကျယ်မှာ ခုနစ်ပေခန့်မျှရှိမည်။ ထိုချောင်းစပ်တွင် သွေးစက်များ လုံးဝပျောက်သွားသည်။

အကယ်၍ ထိုသွေးစက်သည် သေနတ်ဒဏ်ရာမှ ထွက်ကျခြင်းဖြစ်ခဲ့ပါက ဒဏ်ရာရသူသည် စမ်းချောင်းအလျားအတိုင်း ရေထဲမှ လျှောက်သွားခဲ့လျှင် သွေးစက်တို့ နောက်ထပ်တွေ့ရန် မလွယ်ကူပါချေ။

ကျွန်ုပ်သည် လောလောဆယ် နန်းစော၏သေနတ်ကို ကောက်ယူကာ စမ်းချောင်းကမ်းစပ်တွင် ရပ်လျက် ခေတ္တမျှ တွေဝေနေမိသည်။ လက်ရှိအခြေအနေတွင် နန်းစောအဖို့ မည်သို့သောအန္တရာယ်နှင့် တွေ့ခဲ့ရလေသနည်း။

ထိုမေးခွန်းကို လောလောဆယ် ကျွန်ုပ် တိတိကျကျမဖြေနိုင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းခြေအားဖြင့် တောရိုင်းတိရစ္ဆာန်ဖြစ်ဖို့ သေချာသလောက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် လူသား တစ်ယောက်ဆိုပါက နန်းစော၏သေနတ်ကို လက်ရှိအနေအထားအတိုင်း ချောင်းစပ်တွင် ထားပစ်ခဲ့ရန် အကြောင်းမရှိပါချေ။

တစ်ချိန်က သူမ၏ဖခင် ဦးမိုးထွန်းခေါင်အား ကိုက်ချီသယ်ဆောင်၍ စားသောက်ခဲ့သော ရေမန်ကန်းကျားနာကြီး၏ လက်ချက်များ ဖြစ်လေမလားဟူ၍ တွေးမိသည်။

ထိုသံသယအတွေးသည် ကျွန်ုပ်၏တစ်ကိုယ်လုံးရှိ သွေးကြောများကို ပကတိအေးစက်သွားစေသည်။

* * *

## တစ်ဆယ်

ကျွန်ုပ်သည် လမ်းပြဝေလုမပါဘဲ ဤတောတောင်ထဲတွင် တစ်ယောက်တည်း ဆက်လက်သွားလျှင် နန်းစောနှင့်တွေ့ဖို့ဆက် မျက်စိလည်လမ်းမှားဖို့သာ ဖြစ်လိမ့်မည်။ နက်ရှိုင်းသော တောတောင်နယ်မြေဒေသတွင် ကျွမ်းကျင်သောဝေလုကို ပြန်ခေါ်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ရေကန်ရှိရာသို့ ခြေဦးလှည့်၍ ပြန်လာခဲ့သည်။

ဝေလုသည် ကော်ဖီကျကျတစ်အိုး နှပ်ထားပြီးဖြစ်သည်။ [illegible]ကြွပ်ထုပ်ကိုလည်း အဆင်သင့်နေရာချထားသည်။

သူသည် ကျွန်ုပ်၏မျက်နှာကို လှမ်းကြည့်လိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် နန်းစောနှင့်ပတ်သက်၍ အခြေအနေမလှကြောင်း နားလည်သဘောပေါက်သွားသည်။

ကျွန်ုပ်၏ပခုံးပေါ်တွင် နန်းစော၏ ဝင်ချက်စတာ ပြောင်း ရှည်ကိုပါ မြင်လိုက်ရသဖြင့် အကြီးအကျယ် စိတ်မကောင်းဖြစ် နေမသည်။

"တစ်ခုခု စားသောက်ပြီးမှ ကျွန်တော်တို့ ခရီးဆက်ကြ တာပေါ့ ဆရာ"

ဝေလုက မျက်နှာညှိုးညှိုးဖြင့် ပြောသည်။

ကျွန်ုပ်က နှုတ်ဖြင့်ဖြေချင်စိတ် မရှိ၊ လက်ရှိဖြစ်ပေါ်နေ သော အခြေအနေကိုလည်း ရှင်းပြလိုသော ဆန္ဒမရှိ။ ထို့ကြောင့် ဝေလုနှင့် မျက်နှာချင်းဆိုင်ထိုင်၍ ကော်ဖီနှင့်မုန့်ကြွပ်အချို့ကို ကောက်ယူ၍ ဝါးနေမိသည်။

"မာနုရှော့လည်း ခုထက်ထိ ရောက်မလာသေးဘူး ဆရာ"

ဝေလုက ခပ်ဝါးဝါးဖြေသည်။

စင်စစ်အားဖြင့် ဝေလု မပြောခင်ကတည်းက သူ့အိမ်း ပတ်ဝန်းကျင်တွင် မာနုရှော့ကို မတွေ့ရသဖြင့် မာနုရှော့ ပြန် မရောက်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။

"ဆရာ့ဆန္ဒသဘောထားက ဘယ်လိုပါလဲခင်ဗျာ ...





ရှုန်ခရွာကိုပြန်ပြီး မာနုရှော့အကြောင်းပြောဖို့နဲ့ နောက်ထပ် အကူအညီ ခေါ်ဦးမလား။ ဒါမှမဟုတ် မူလအစီအစဉ်အတိုင်း ရှေ့ဆက်သွားပြီး ငရမန်ကန်းကျားကြီးကို နှိပ်ကွပ်ဖို့ ..."

ဝေလုက စဉ်းစဉ်းစားစား မေးသည်။ သူ့စကားမဆုံးမီ ကျွန်ုပ်က စကားဖြတ်၍ ...

"ငါတို့ မူလအစီအစဉ်အတိုင်း ရှေ့ဆက်သွားကြမယ်၊ တကယ်လို့ ရှုန်ခရွာကို တစ်ခေါက်ပြန်နေရင် သွားချည်လာ ချည်နဲ့ အချိန်ပိုပြီးကြာသွားမယ်၊ အစောကိုရှာဖို့ကိစ္စအတွက် အချိန်နှောင်းမခံနိုင်ဘူး။ အခုချက်ချင်း ခရီးထွက်မယ်၊ အဆင် သင့်ပြင်ပြီးတာနဲ့ သွားကြရအောင်"

ကျွန်ုပ်က အလောသုံးဆယ်ပြောလိုက်သည်။ ဝေလု သည် ကျွန်ုပ်အား မည်သို့မျှ ပြန်လည်၍မေးခွန်းမထုတ်တော့ဘဲ သိမ်းဆည်းစရာရှိရှိသမျှတို့ကို ဝန်ကျဉ်းအောင် စီစဉ်ထုပ်ပိုးနေ လေသည်။

❋

ရေကန်ဘေးမှ ကျွန်ုပ်တို့ ခရီးထွက်လာချိန်တွင် နေမွန်း



www.burmeseclassic.com

www.burmeseclassic.com



တည့်လုပေပြီ။ ကျွန်ုပ် ပထမတစ်ခေါက်ရောက်ခဲ့သော စမ်းချောင်းလေးရှိရာသို့ရောက်သောအခါ ကျွန်ုပ်က နန်းစောဓါ် သေနတ်ရရှိခဲ့သောနေရာကို ဝေလုအား ညွှန်ပြလိုက်သည်။

"ဒီနေရာမှာပဲ သွေးစက်လည်း အဆက်ပြတ်သွားတယ်"

"ဒါဆိုရင် ကျွန်တော်တို့ ဟောဒီစမ်းချောင်းအတိုင်း စုန်ဆင်းသွားကြရင် ကောင်းမယ်ဆရာ"

"ဘာလို့ စမ်းချောင်းအထက်ကို ဆန်မတက်တာလဲ"

ကျွန်ုပ်က ဝေလုကို မေးခွန်းထုတ်လိုက်သည်။

"တကယ်လို့ အစ်မတော်ကို စမ်းချောင်းအထက်ဘက် ခေါ်သွားတာဆိုရင် အထက်ကစီးဆင်းနေတဲ့ ရေစီးကြောင်းထဲမှာ သွေးမျှင်တွေနဲ့ သွေးစသွေးနတွေ ခြေရာခံမိနိုင်တယ်၊ ဒါကြောင့် အသိဉာဏ်ရှိတဲ့ သတ္တဝါတစ်ကောင်ကောင်ဟာ သွေးစက်ခြေရာ မခံနိုင်အောင် စမ်းချောင်းအောက်ခြေကို သယ်ဆောင်သွားတာ ဖြစ်နိုင်တယ်"

ကျွန်ုပ်က ဝေလုစကားကို လက်သင့်ခံသည့်သဘောဖြင့် ဦးခေါင်းညိတ်ပြသည်။

"အဲဒီစမ်းချောင်းက ဘယ်အထိ စီးဆင်းသွားသလဲ မင်းသိလား"





"သိပါတယ်ဆရာ၊ တောင်ခြေအထိ စီးဆင်းသွားပြီး တောင်ခြေအရောက်မှာ ငုပ်ပြီး စမ်းချောင်းပျောက်သွားတယ်၊ အဲဒီတောင်ခြေရဲ့အထက်ပိုင်းမှာ သက်ရှင့်ပံသုအမျိုးအစား ကျောက်လိုဏ်ခေါင်းတွေလည်း ရှိတယ်ဆရာ"

သူက ရေရေလည်လည် ရှင်းပြသည်။

"ဒါဖြင့် စမ်းချောင်းဆုံးတာနဲ့ ငရမန်ကန်းကျားဆိုးကြီး နေတဲ့ ကျောက်လိုဏ်ခေါင်းတစ်ခုကို ရောက်တော့မှာပေါ့ ... ဟုတ်လား ဝေလု"

ကျွန်ုပ်၏ ထင်မြင်ချက်ကို မေးကြည့်လိုက်သည်။

"မှန်ပါတယ်ဆရာ၊ အခုအချိန်ကစပြီး သတိကြီးစွာထားကြဖို့နဲ့ အတတ်နိုင်ဆုံး အသံမထွက်အောင် ထိန်းသိမ်းရတော့မယ် ဆရာ၊ တကယ်လို့ ပစ်ဖို့လိုအပ်ရင်လည်း ဆရာ့သေနတ်က အသံကျယ်ကျယ် မြည်ဟိန်းတဲ့အတွက် ကျွန်တော်တို့ရဲ့ ရန်သူကို သတိပေးသလို ဖြစ်သွားနိုင်တယ်၊ ဒါကြောင့် သူတို့ မျက်ခြည်ဖြတ်, ခြေရာဖျောက်မသွားအောင် သေနတ်ကို သုံးမယ့်အစား ဟောဒီဒူးလေးကို ဆရာယူထားပါ၊ ဒူးလေး ပစ်တတ်တယ်မဟုတ်လား ဆရာ"

ဝေလုက ကျွန်ုပ်၏မျက်လုံးထဲသို့ စူးစူးရဲရဲကြည့်၍ မေးဆိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချန်ပီယံတစ်ယောက်လောက် မကျွမ်းကျင်ပေမယ့် ကိုက်တစ်ရာလောက်အကွာအဝေးမှာရှိတဲ့ လူတစ်ကိုယ်စာ ပစ်မှတ်ကိုတော့ ထိအောင်ပစ်နိုင်ပါတယ်ကွာ"

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် သူလှမ်းပေးသော ဒူးလေးနှင့် မြားဘူးကို ယူလိုက်သည်။ ထို့နောက် စမ်းချောင်းဘေးမှ ရရှိခဲ့သော နန်းစော၏ဝင်ချက်စတာပြောင်းရှည်ကို ဝေလုထံသို့ ပစ်ပေးလိုက်သည်။

ဝေလုက ကျင်လည်စွာဖမ်းယူ၍ သိုင်းကြိုးဖြင့် ပခုံးတွင် လွယ်ထားလိုက်သည်။

"ကျွန်တော်လည်း လောလောဆယ် သေနတ်ကို မသုံးချင်ဘူး၊ ဟောဒီမှာ အဲမောင်းတစ်လက်ပါတယ်၊ အသံတိတ် လက်နက်တွေနဲ့ပဲ ပဏာမအသုံးပြုကြရအောင်"

ထိုအချိန်မှစ၍ စမ်းချောင်းရေစီးအတိုင်း ဝေလုကို ရှေ့မှ လျှောက်စေသည်။

ကျွန်ုပ်က သူ၏နောက်ခြေတစ်လှမ်းအကွာမှ လျှောက်ခဲ့သည်။ ရေအနက်အားဖြင့် တစ်ခါတစ်ရံ ခြေဖမိုးမြုပ်ရုံမျှရှိပြီး တစ်ခါတစ်ရံ ခြေသလုံးထက်ဝက်အထိသာ နစ်သည်။

ထို့ကြောင့် ခြေကို ရေထဲမှအကြွအနုတ်အသိမ်းတွင် သတိထား၍ လှုပ်ရှားရသည်။ ရေထဲသို့ ခြေကိုနှစ်၍ လှမ်းလိုက်





သောအခါမျိုးတွင် စွပ်ခနဲ အသံထွက်ပေါ်မလာစေရန် အထူးသတိပြုခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ . . .

ကျွန်ုပ်တို့နှစ်ယောက်သည် တစ်နာရီနီးပါးမျှ လျှောက်ခဲ့ကြသောအချိန်တွင် ရှေ့ခပ်လှမ်းလှမ်း၌ ကန့်လန့်ဖြတ် ကာဆီးနေသော တောင်တန်းကြီးကို မြင်လိုက်ရသည်။

ထိုတောင်တန်းကြီးသည် အမျိုးသမီးတစ်ယောက် ပက်လက်အိပ်နေသည့်အသွင်သဏ္ဍာန်မျိုးနှင့် ခပ်ဆင်ဆင်တူသည်။ တောင်ကြောတစ်လျှောက် ကျောက်လွှာအထပ်ထပ် ကာရံထားသည့်ပမာဖြစ်နေသည်။

ရုတ်တရက် ကျွန်ုပ်တို့လျှောက်လာခဲ့သော ရေစီးကြောင်းသည် တောင်ခြေသို့ ဦးတိုက်စီးဆင်းနေရာမှ ပျောက်ကွယ်သွားသည်။

စမ်းချောင်း၏အဆုံးသည် တစ်မုဟုတ်ချင်း အောက်ခြေမြေလွှာအတွင်းသို့ ငုပ်ဆင်းဝင်ရောက်သွားသည်။

ထိုအခါ ကျွန်ုပ်နှင့်ဝေလုသည် တောင်ကြောပေါ်သို့ ခက်ခဲစွာ တက်ခဲ့ကြသည်။ တောင်ကြော၏လမ်းခုလတ်တွင် မြေပြန့်ကလေးတစ်ခုရှိသည်။ မြေပြန့်၏ဧရိယာမှာ ဧက ၁၀၀၀ ခန့် ကျယ်ဝန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ၏မြေသားမှာ ခပ်ဖွဖွဖြစ်သည်။ ချရင်ကောက် ပင်များနှင့် ဘွဲ့ချဉ်ပင်များကို တွေ့ရသည်။ အထက်သို့မြင့်လာ သည်နှင့်မျှ လေတိုက်နှုန်းက မြင့်မားလာသည်။

ကျွန်ုပ်တို့ မျက်နှာမူရာ ကျောက်သားတောင်ကြော၏ မျက်နှာပြင်တွင် ညိုမည်းသောအကွက်ကြီးများကို ဟိုနေရာ တစ်ကွက် သည်နေရာတစ်ကွက် စသည်ဖြင့် တွေ့ရသည်။

"အဲဒါ မီးနတ်ဘုရားနေတဲ့တောင် ဖြစ်ပါတယ် ဆရာ အထူးသဖြင့် မိုးရာသီရောက်တိုင်း မီးနတ်ဘုရား စိတ်ဆိုးလာတဲ့ အခါ လျှပ်စီးတွေလက်ပြီး မိုးကြိုးတွေပစ်တော့တာပါပဲ၊ ဒါ ကြောင့် ဒေသခံမျိုးနွယ်စုတွေက အဲဒီတောင်ပေါ်ကို လုံးဝမတက် ကြဘူး"

ဝေလုက ရှင်းပြသည်။

ကျွန်ုပ်တို့နှစ်ယောက် တောင်ကြောပေါ်သို့ရောက်ချိန် တွင် အထိတ်တလန့် စူးစူးဝါးဝါးအော်သံတစ်သံကို ကြားလိုက် ရသည်။

ထိုအော်သံသည် နန်းစော၏အော်သံသာ ဖြစ်သည်။

"အစ်ကိုအောင် အစ်ကိုအောင်ရေ ... လာပါဦး၊ အစော ကို ကယ် ..."

နန်းစော၏အသံက တိတိရိရိကြီး ပြတ်တောက်သွား





သည်။ ဆက်လက်၍ ဂူးဂူးဝါးဝါး အသံမျိုးအဖြစ် ပြောင်းလဲသွား သည်။

သူမကို ဖမ်းဆီးခေါ်ဆောင်သွားသူ တစ်ယောက် ယောက်က သူမ၏ပါးစပ်ကို ပိတ်လိုက်သောကြောင့် ဖြစ်ဟန်တူ သည်။

သို့ဖြစ်လျှင် နန်းစောကို ငရမန်ကန်းကျားနာကြီး၏ ကိုက်ချီသွားခြင်းခံရသည်ဟူသော ထင်မြင်ချက် ပြောင်းလဲသွား သည်။

အကယ်၍ ကျားနာကြီးမဟုတ်လျှင် အခြား မည်သူဖြစ် မည်နည်း။

"ရှေ့နားမှာ လိုဏ်ခေါင်းတွေရှိတယ်ခင်ဗျ၊ အစ်မတော် ကို အဲဒီလိုဏ်ခေါင်းတစ်ခုခုထဲ ထမ်းခေါ်သွားတာ ဖြစ်လိမ့်မယ်"

ဝေလုက တီးတိုးလေသံဖြင့် ပြောသည်။

ထို့နောက် သူသည် ဒူးထောက်ထိုင်ချလိုက်သည်။ ခြေတွေ့ ရာ မြေပြင်ကို စူးစူးရဲရဲ ငုံ့ကြည့်စစ်ဆေးနေသည်။ ရှေ့ခပ်လှမ်း လှမ်းသို့ တစ်ချက်မျှော်ကြည့်သည်။

"အစ်မတော်ကို ထမ်းခေါ်သွားတဲ့ သတ္တဝါကြီးဟာ အဲဟိုရှေ့က လိုဏ်ခေါင်းပေါက်ကို ဦးတည်ပြီး လျှောက်ဝင်သွား ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝေလုသည် ဒူးထောက်ရာမှ ထ၍ မတ်တတ်ရပ်လိုက်လေသည်။

❋ ❋ ❋

## တစ်ဆယ့်တစ်

စိတ်လှုပ်ရှားစရာဖြစ်ရပ်များက မိနစ်ပိုင်းအတွင်း၌ တစ်ခုပြီးတစ်ခု ဆက်တိုက်လျင်မြန်စွာ ဖြစ်သွားကြသည်။

ဝေလု ကွင်းလျှောထောင်ခြောက်မိသွားခြင်း။ ဝေလု၏လက်မှ လွတ်ကျသွားသော အဲမောင်းလုံတံကို လိုဏ်ခေါင်းထဲမှ လက်ကြီးတစ်ဖက်က လျင်မြန်စွာ ဆွဲယူသွားခြင်း။ ကျွန်ုပ်၏လက်၌ရှိ ဒူးလေးမှ မြားတံဖြင့် လိုဏ်ဂူတွင်း အမှောင်ထဲသို့ လျှပ်တစ်ပြက် ပစ်လွှတ်လိုက်ခြင်း စသောအကြောင်းအရာများ။

ထို့နောက် လိုဏ်ခေါင်းထဲသို့ ပြေးဝင်လိုက်သော ကျွန်ုပ်သည် အမှောင်ထဲမှ ရိုက်ချက်တစ်ခုကို ပြင်းထန်စွာ ခံလိုက်ရသည်။ ထို့နောက် အမြင်အာရုံတွင်းသို့ ထုထည်ကြီးမားသော



www.burmeseclassic.com

www.burmeseclassic.com



အမှောင်တိမ်တိုက်ကြီးတစ်ခု တိုးဝင်လာသည့်ပမာ ခံစားလိုက်ရသည်။

ဒူးညွှတ်ပျော့ခွေသွားသော ကျွန်ုပ်သည် လိုဏ်ခေါင်းတွင်းရှိ မြေပြင်ပေါ်သို့ အရှိန်အဟုန်ဖြင့် မျက်နှာကပ်ဖိလျက်သား ကျသွားခဲ့သည်။ နောက်ဆုံးတွင် ကျွန်ုပ်၏ခံစားမှုမှန်သမျှ လုံးဝ ပျောက်ကွယ်သွားခဲ့လေတော့သည်။

*

ကျွန်ုပ်၏ နားထဲတွင် အမျိုးသမီးတစ်ယောက်၏ ကြည်လင်ပြတ်သားသော စကားသံတစ်သံကို ကြားနေရသည်။ သို့ရာတွင် ထိုစကားသံသည် လိုဏ်သံပါနေသည်။

ကျွန်ုပ်၏လက်နှစ်ဖက်ကို ကျောက်တွင်ချည်နှောင်ထားပြီး ခန္ဓာကိုယ်သည် ကျောက်သားကြမ်းပြင်ပေါ်တွင် ထိုင်လျက်သားအနေအထားဖြင့် ကျောက်နံရံ၌ ကျောမှီလျက်သားဖြစ်နေသည်ကို သတိပြုမိလိုက်သည်။

ကျွန်ုပ်က မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်မိသည်။





လိုဏ်ခေါင်းထဲတွင် ကညင်ဆီမီးတုတ်ကြီးများ ထွန်းညှိထားသည်။ မျက်နှာမူရာ ရှေ့တည့်တည့်မြင်ကွင်းထဲတွင် ရွှေစင်ရွှေသားဖြင့် ပြုလုပ်ထားသော သလွန်ညောင်စောင်းပေါ်တွင် အမျိုးသမီးတစ်ယောက် မှီအုံးဖြင့် မှီထိုင်နေသည်။

ထိုအမျိုးသမီး၏ဆံပင်များက ရွှေရောင်တောက်လျက် ပွင့်စသောမဟာနဖူးထက်သို့ ခွေခွေရစ်ရစ်ကျနေသည်။ မျက်ခုံးကောင်းနက်၊ မျက်လုံးလက်လက် ပါးရှိုးမြင့်မြင့်၊ နှာတံသွယ်သွယ်နှင့် ပုံပန်းကျနသော နှုတ်ခမ်းနှစ်လွှာက နီစွေးနေသည်။

မေးစေ့နှစ်ခွနှင့် ပါးလျှံး၍ကားသော နားရွက်နှစ်ဖက်ရှိသည်။ ဝင်းဝါသော လည်တိုင်က ဝင်းမွတ်ညက်ဝင်နေသည်။ ခါးဆန့်လျက် ထိုင်လျက်သားအနေအထားမှာ မဟာဆန်သည်။ သူမ၏ ဝတ်စားဆင်ယင်မှုမှာ ပကာတိ ရိုးစင်းသော သစ်ခေါက်ဆိုးအင်တိုင်းရှည်ကြီးတစ်ထည်သာလျှင် ဖြစ်သည်။

အမျိုးသမီး၏ညာလက်ထဲတွင် တစ်တောင်ခန့်ရှည်သော ကြိမ်တံတစ်ခုကို ကိုင်ထားသည်။ သူမ၏ဘေးတစ်ဖက်တစ်ချက်တွင် တစ်ကိုယ်လုံး အမွေးဆွတ်ဆွတ်ဖြူနေသော သတ္တဝါကြီးနှစ်ကောင်ရှိသည်။

ထိုသတ္တဝါကြီးနှစ်ကောင်သည် လူနှင့်တူသယောင်ယောင်ဖြစ်သော်လည်း အရပ်ခြောက်ပေကျော် မြင့်မားထွားကျိုင်း



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် မျောက်ဝံကြီးများနှင့် ပို၍တူသည်။ အဝတ်အစား ဟူ၍ သူတို့၏ခါးတွင် နံငယ်ပိုင်းတစ်ခုကို တင်းတင်းရင်းရင်း ရစ်ပတ်ချည်နှောင်ထားခြင်းကိုသာ တွေ့ရသည်။

ကျွန်ုပ် သတိလစ်နေစဉ်က ကျွန်ုပ်၏လက်နက်များကို သူတို့ ယူဆောင်သိမ်းဆည်းထားသည်ဟု ယူဆမိသည်။ မည်သည့် လက်နက်မျှမရှိတော့။

"သင် ဘယ်သူလဲ၊ ဘာကိစ္စနဲ့ သခင်မတို့နယ်မြေထဲကို ရောက်လာခဲ့တာလဲ"

အမျိုးသမီး၏စကားလုံးနှင့် လေယူလေသိမ်းက အထက်စီးနင်းဖြစ်သော်လည်း အမူအရာအားဖြင့် ခက်ထန်မှုမရှိပါချေ။

"ကျွန်ုပ်တို့ ကျားဆိုးတစ်ကောင်ကို သွေးကြောဆပ်၍ လာခဲ့ပါတယ်၊ အဲဒီကျားဆိုးဟာ ကျွန်ုပ်နဲ့အတူပါလာတဲ့ မိန်းကလေးရဲ့အဖေကို လွန်ခဲ့တဲ့အချိန်တစ်ချိန်တုန်းက ကိုက်ချီသွားပြီး စားသောက်ခဲ့တဲ့အတွက် အပြစ်ရှိပါတယ်"

"တကယ်လို့ အဲဒီကျားဟာ သခင်မရဲ့အစေအပါးတစ်ယောက် ဖြစ်နေတယ်ဆိုရင် သခင်မရဲ့အစေအပါးကို သင်တို့ သတ်ခွင့်မရှိဘူးဆိုတာ နားလည်လား"

"ဒါပေမဲ့ ကျွန်ုပ်တို့ရဲ့ဖခင်တစ်ယောက်လို ဖြစ်ခဲ့ရတဲ့ ပုဂ္ဂိုလ်ကို အဲဒီကျားက အကြောင်းမဲ့သက်သက် အသက်အန္တ





ရာယ်ပေးခဲ့တာနဲ့ပတ်သက်ပြီး ဘယ်လိုမှ ပြစ်ဒဏ်မစီရင်ရဘူးပေါ့ . . . ဟုတ်လား၊ အဲဒါ တရားမျှတရဲ့လား"

ကျွန်ုပ်က မာကျောပြတ်သားစွာ ပြောလိုက်သည်။

"ကောင်းပြီ၊ ဒါဆိုရင် သူ့ဟာသူ တိရစ္ဆာန်သဘာဝ ပေဟာဒီနယ်မြေဒေသရဲ့ တောထဲတောင်ထဲမှာ လွတ်လပ်စွာ အစာရှာဖွေစားသောက်နေတဲ့ ကျားအိုကြီးတစ်ကောင်ကို သင်တို့လို တခြားတစ်နေရာမှာနေထိုင်ကြတဲ့ လူသတ္တဝါတွေက ကျူးကျော်ရောက်ရှိလာပြီး ရက်ရက်စက်စက် ပစ်သတ်ခဲ့တဲ့အတွက် ကျားအိုကြီးမျက်လုံးတစ်ဖက် ပျက်စီးခဲ့ရတယ်၊ ဒါကြောင့် အဲဒီကျားအိုကြီးဟာ ကျားနာအဖြစ် စိတ်ပြောင်းသွားလို့ သင်တို့ရဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ရန်မူခဲ့တာမဟုတ်လား"

"ဒါပေမဲ့ အဲဒီကျားကို မျက်စိပျက်အောင် ပစ်ခတ်ခဲ့တာ တခြားတစ်ယောက်ပါ၊ သူကိုက်ချီသွားပြီး စားခဲ့တာက နောက်တစ်ယောက် ဖြစ်နေပါတယ်၊ ဘာပဲဖြစ်ဖြစ် တောရိုင်းတိရစ္ဆာန်ဟာ တိရစ္ဆာန်အချင်းချင်းဖြစ်စေ၊ လူသားတစ်ယောက်ယောက်ကို ဖြစ်စေ အသက်အန္တရာယ်ပေးနိုင်တဲ့အတွက် အများစု အသက်ရှင်သန်ရေးအတွက် သူ့ကို သတ်မှဖြစ်မယ်၊ ဒါမှ တရားနည်းလမ်းကျမယ်"

ကျွန်ုပ်က စကားကိုအဆုံးသတ်၍ ထိုင်လျက်သား



www.burmeseclassic.com

www.burmeseclassic.com



အနေအထားမှ မတ်တတ်ရပ်လိုက်သည်။ ကျွန်ုပ်အား လက်ပြန်ကြိုးတုပ်ထားဆဲဖြစ်သောကြောင့် လက်ကောက်ဝတ်နှစ်ဖက်စလုံး တင်းရင်းနာကျင်နေသည်။

''ဒါပေမဲ့ ဒီနယ်မြေဒေသဟာ သခင်မရဲ့ပိုင်နက်ဖြစ်နေတဲ့အတွက် သခင်မမှာ အာဏာရှိတယ်၊ ဒါကြောင့် သခင်မရဲ့ဆုံးဖြတ်ချက်သာလျှင် အတည်ဖြစ်တယ်''

အမျိုးသမီးက ပြတ်သားစွာ ပြောလိုက်သည်။

''ဒါဆိုရင် အမှန်အမှား မခွဲခြားတော့ဘဲ ကိုယ်ထင်ရာတစ်ယူသန်ဆုံးဖြတ်ချက်ချတာမျိုး ဖြစ်နေမှာပေါ့၊ သခင်မရဲ့အာဏာကို အသုံးပြုပြီး စီရင်ဆုံးဖြတ်တာဟာ တောရိုင်းတိရစ္ဆာန်လောကနဲ့အတူတူဖြစ်သွားပြီ၊ အစွယ်ရှိသူက အစွယ်မရှိသူကို, ဦးချိုရှိသူက ဦးချိုမရှိသူကို, အဆိပ်ရှိသူက အဆိပ်မရှိသူကို အနိုင်ယူလေ့ရှိတာမျိုး ဖြစ်နေပြီ၊ ဒါကြောင့် တရားမျှတသည်ဖြစ်စေ, မတရား မမျှတသည့်ဖြစ်စေ အင်အားသာသူက အင်အားနည်းပါးသူကို အနိုင်ယူစတတ်တဲ့ တိရစ္ဆာန်လောကကြီးနဲ့တူနေမှာပေါ့''

ကျွန်ုပ်က တင်းမာစွာ ပြောလိုက်သည်။

အမျိုးသမီးက သလွန်ညောင်စောင်းပေါ်တွင် ထိုင်နေရာမှ ဆင်း၍ ကျွန်ုပ်ရှိရာသို့ လက်ညှိုးညွှန်ပြလျက်. . . .





''သူ့ကို ငါ့ဆီခေါ်ခဲ့ကြစမ်း၊ ငါလို သခင်မတော်[illegible]ကို အမျက်တော်ရှရင် သေဒဏ်စီရင်တတ်တာကို မကြောက်[illegible]နှုတ်လှန်ထိုးရဲတဲ့လူဆိုတာ တွေ့ရဖို့ အင်မတန်ရှားတယ်၊ [illegible]ခင် မှတ်မှတ်ရရဖြစ်အောင် ကြည့်ရဦးမယ်''

အမျိုးသမီးက ခပ်ထေ့ထေ့ပြောလိုက်သည်။

ကျွန်ုပ်၏ဘေးဘက် အမှောင်ရိပ်ထဲတွင်ရှိနေကြသော ဖြူရော်ရော် အမွေးစုတ်ဖွားဖွားနှင့် သတ္တဝါကြီးနှစ်ကောင်က ကျွန်ုပ်၏လက်မောင်းရင်းကို တစ်ဖက်တစ်ချက်စီ ဆုပ်ကိုင်ဆွဲ၍လျက် အမျိုးသမီး၏ရှေ့မှောက်သို့ ဆွဲခေါ်သွားကြသည်။

ကျွန်ုပ်၏ခြေထောက်နှစ်ဖက်သည် ကျောက်သားကြမ်းပြင်နှင့်မထိဘဲ မြောက်ကြွလျက်ပါသွားသည်။ အမျိုးသမီးနှင့်ခြေတစ်လှမ်းစာအကွာတွင် သတ္တဝါကြီးများက ကျောက်သားပြင်သို့ ပြန်ချပေးလိုက်ကြသည်။

အမျိုးသမီးနှင့် နီးနီးကပ်ကပ် မျက်နှာချင်းဆိုင်ရပ်တည်လျက် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံလိုက်မိကြသည်။ အမျိုးသမီးက ရှေ့သို့တစ်လှမ်းတိုးလိုက်သောအခါ တစ်ယောက်နှင့်တစ်ယောက်၏ မျက်နှာချင်းအကွာအဝေးမှာ တစ်ထွာခွဲထက် မပိုပါချေ။

ထိုမျှသောအကွာအဝေးတွင် ကညင်ဆီမီးတုိင်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



၏ အလင်းရောင်ကြောင့် အမျိုးသမီး၏ ပြစ်မျိုးမှည့်မထင်သော မက်မောဖွယ်ရာ မျက်နှာအလှကို အမြင်အာရုံဖြင့် တွေ့မြင်နေရသည်။ သူမ၏မျက်နှာပြင်မှ ပျံ့မွှေးနေသော ချိုနုံ့သင်းသည် ကျွန်ုပ်၏ အနံ့အာရုံဖြင့် ခံစားလိုက်ရသည်။

"ဥပစိရုပ်ကတော့ ယောက်ျားပီသပြီး ခံ့ညားတဲ့ အသွင်သဏ္ဍာန်ပဲ၊ သင့်လိုလူစားကို သတ်မိန့်စီရင်ရတာ နှမြောမိပါရဲ့"

သူမက ဆွဲဆောင်သော ညို့ဓာတ်ပါသည့်အသံမျိုးဖြင့် ခင်ထေ့ထေ့ပြောလိုက်သည်။

လောလောဆယ်အခြေအနေတွင် ကျွန်ုပ်သည် ဤအမျိုးသမီးနှင့်ပတ်သက်သော အမြင်အာရုံ၊ အနံ့အာရုံ၊ အကြားအာရုံ စသဖြင့် အာရုံသုံးပါးစလုံး၏ ဖမ်းစားမှုကို ရေရေလည်လည် ခံစားနေရသည်။

အကယ်၍သာ ဤအမျိုးသမီးက အာရုံငါးပါးစလုံးကို အစွမ်းကုန်အသုံးပြု၍ စေခိုင်းခဲ့ပါက အမျိုးသားအတော်များများသည် သေလမ်းခရီးကိုပင် စွန့်စားသွားနိုင်လောက်သည်။

သို့ရာတွင် ကျွန်ုပ်သည် သူမ၏ ရမ္မက်ပင့်ကူအိမ်မှ လွတ်မြောက်ရန် အသည်းအသန်ရုန်းထွက်နေရသော အခြေအနေမျိုး ဖြစ်နေလေသည်။

* * *

## တစ်ဆယ့်နှစ်

ထိုအခိုက်အတန့်တွင် သင်တိုင်းရှည်ဝတ် မိန်းမငယ်တစ်ဦးသည် ကျွန်ုပ်တို့ရှိနေသော လိုဏ်ခေါင်းတွင်းသို့ သုတ်သီးသုတ်ပျာ ဝင်လာသည်။ ကျီးကန်းတောင်းမှောက် မျက်လုံးအစုံဖြင့် ကြည့်လျက် အမျိုးသမီး၏ရှေ့မှောက်သို့ ရောက်သောအခါ ဒူးတုပ်လျက်သား ထိုင်ချလိုက်သည်။

"သခင်မ သခင်မ . . . အပြင်ဘက်မှာ ဟိုမိန်းမကြီးရောက်လာပြန်ပြီ၊ သခင်မကို တွေ့ဖို့လာတာတဲ့၊ တကယ်လို့သခင်မ အပြင်ကိုထွက်မလာရင် သူကိုယ်တိုင် အထဲကို ဝင်ခဲ့ရမလားလို့ မေးနေတယ်၊ လိုဏ်ခေါင်းပေါက်ဝမှာ စောင့်နေတဲ့ဘာဘာတာလီနဲ့ အစ်ကိုဘီဘာတို့က မိန်းမကြီးမဝင်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



တားထားကြတယ်၊ အဲဒါ ဘာဆက်လုပ်ရမလဲလို့ သခင်မအမိန့်ကို စောင့်နေကြတယ်''

မိန်းမငယ်၏အသားအရေမှာ ပကတိညိုမောင်းနေသည်။ အသက်အားဖြင့် အပျိုဖော်ဝင်စဖြစ်သော်လည်း အရိုးပေါ်အရေတင် ပိန်လှီလျက် ပြူးကြောင်သောမျက်လုံးအစုံဖြင့် အရာခပ်သိမ်းကို အထိတ်တလန့်ဖြစ်နေပုံရသည်။

''ကောင်းပြီ . . . သခင်မကိုယ်တိုင် ထွက်လာခဲ့မယ်လို့ပြောလိုက်၊ အဲဒီမိန်းမကြီးကို မြင့်မြတ်တော်ဝင်သစ်ပင်ကြီးအရှေ့မှာ ရပ်စောင့်ခိုင်းထား၊ သခင်မ ခွင့်မပြုဘဲ မထိုင်စေနဲ့၊ ဘယ်ကိုမှလည်း လျှောက်မသွားစေနဲ့လို့ ဘာဘာတာလီကို ပြောလိုက်၊ အဲဒါ သခင်မရဲ့အမိန့်ပဲ . . . မှတ်မိလား''

အမျိုးသမီးက မိန်းမငယ်ကို စူးစူးရဲရဲကြည့်၍ ပြောလိုက်သည်။

''ဟုတ်ကဲ့ . . . မှတ်မိပါတယ် သခင်မ၊ အဲဒီမိန်းမကြီးကို မြင့်မြတ်တော်ဝင်သစ်ပင်ကြီးအရှေ့မှာ ရပ်စောင့်ခိုင်းထားရမယ်၊ သခင်မ ခွင့်မပြုဘဲ မထိုင်စေနဲ့၊ ဘယ်မှ လျှောက်မသွားစေနဲ့လို့ ဘာဘာတာလီကို သခင်မအမိန့်ဆိုပြီး ပြောပြလိုက်ရမယ်''

''ဟုတ်ပြီ၊ မိန်းကလေး ဉာဏ်ရည်အဆင့်တက်လာပြီ သွားတော့''





အမျိုးသမီး၏စကားအဆုံးတွင် မိန်းမငယ်သည် လာစဉ်အတိုင်း သုတ်သီးသုတ်ပျာဖြင့် ပြန်ထွက်သွားသည်။

ထိုအခါကျမှ အမျိုးသမီးက ကျွန်ုပ်ဘက်သို့ မျက်နှာမူလိုက်သည်။ ထို့နောက် ကျွန်ုပ်၏မျက်လုံးနှင့် အကြည့်ချင်းဆိုင်လိုက်သည်။ အမျိုးသမီး၏မျက်နက်ဝန်းထဲမှ တဖြုတ်ဖြုတ်အရောင်တန်းတစ်ခု စူးစူးရှရှ ထွက်ပေါ်လာသည်ဟု ထင်မှတ်လိုက်ရသည်။

အမျိုးသမီး၏အကြည့်သည် ကျွန်ုပ်၏ဦးနှောက်တွင်းသို့ ထိုးဖောက်ဝင်ရောက်လာပြီး တစ်စုံတစ်ရာရှာဖွေပြီးမှ ပြန်ထွက်သွားသည့်ပမာ ခံစားလိုက်ရသည်။

အမျိုးသမီးက ဦးခေါင်းကို တဆတ်ဆတ်ညိတ်၍ ကျေနပ်အားရနေသည့်အသွင်မျိုး ဖြစ်ပေါ်လာသည်။ သူမ၏မျက်လုံးထဲမှ အလင်းရောင်ကို ပြန်လည်ရုပ်သိမ်းသွားသည်။

''သင်ဟာ သခင်မတို့နဲ့ပတ်သက်ပြီး ဆောင်ရွက်စရာရှိတာတွေကို ကူညီဆောင်ရွက်နိုင်စွမ်းရှိမယ့် လူတစ်ယောက် ဖြစ်မယ်၊ ဒါပေမဲ့ လောလောဆယ်အခိုက်အတန့်မှာတော့ သခင်မအပေါ်မှာ သံသယဖြစ်နေတယ်မဟုတ်လား၊ ဒါပေမဲ့ သင့်ဆန္ဒပြည့်ဝစေရအောင် သခင်မ ဖန်တီးပေးမှာပါ၊ ကဲ . . . သူ့ကိုကြိုးဖြည်လိုက်ကြစမ်း၊ သူ့ဆီက သိမ်းဆည်းထားတဲ့ လက်နက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလေးတွေကိုလည်း ပြည့်ပြည့်စုံစုံ ပြန်ပေးလိုက်ကြ"

အမျိုးသမီး၏ ညွှန်ကြားချက်ကို ကျောက်လိုဏ်ခေါင်းထဲတွင် ရှိနေကြသော သတ္တဝါကြီးများက သွက်လက်စွာ ဆောင်ရွက်လိုက်ကြသည်။

"သင့်နာမည် ဘယ်လိုခေါ်သလဲ"

"အောင်စည်ပဲဟိန်း"

အမျိုးသမီး၏အမေးကို ကျွန်ုပ်က ချက်ချင်းဖြေဆိုလိုက်သည်။

"ဟုတ်ပြီ၊ ဒါဆိုရင် ဘဘဘုရားရဲ့ဆန္ဒတော်အတိုင်း ရောက်လာတာပဲဖြစ်ရမယ်"

အမျိုးသမီးက လွှတ်ခနဲပြောလိုက်ပြီးနောက် ဦးခေါင်းကို မော့လျက် လက်အုပ်ချီလိုက်သည်။

"ကျေးဇူးကြီးလှပါတယ် ဘဘဘုရားရယ်၊ သမီးတော်ရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးတဲ့ ဘဘကျေးဇူးကို သမီး ဘယ်သောအခါမှ မမေ့ပါဘူးရှင်"

ဟူ၍ လိုက်လှဲစွာ ရွတ်ဆိုလိုက်သည်။ ထို့နောက် ကျွန်ုပ်ဘက်သို့ မျက်နှာမူလိုက်သည်။

"သင်ဟာ တစ်ချိန်က သခင်မတို့နဲ့ ပဋ္ဌာန်းဆက်ရှိခဲ့ဖူးသူဖြစ်တာ သေချာသွားပြီ၊ သင်နဲ့အတူပါလာတဲ့ သင့်အဖော်





အတွက် သခင်မ အတတ်နိုင်ဆုံး ကြိုးစားပေးမယ်၊ ဒါပေမဲ့ ဒီအကြောင်းအရာကို သင်ကြိုတင်သိမထားတဲ့ အခြေအနေမျိုး ဖြစ်ပါစေ၊ ကဲ လာ ... အပြင်ထွက်စို့"

အမျိုးသမီးသည် သူမ၏လက်ထဲတွင် ကိုင်ဆောင်ထားသော ရွှေရောင်နှင်တံလေးကို တဖြတ်ဖြတ်လှုပ်ရမ်း၍ ဂူပေါက်ဝသို့လျှောက်သွားသည်။ ဂူနံရံတွင် ထွန်းညှိထားသော မီးတုတ်များ၏ အလင်းရောင်ထဲတွင် ရွှေရောင်နှင်တံလေးက လင်းလက်နေသည်ဟု ထင်မှတ်ရသည်။

*

လိုဏ်ခေါင်းအဝမှ ထွက်လိုက်သည်နှင့် တစ်ပြိုင်နက် တောင်ကြောကို ဖြတ်သန်းတိုက်ခတ်လာသော လေ၏အတွေ့အထိကို ခံစားလိုက်ရသည်။ ထို့ကြောင့် စောစောက ညှိုးနွမ်းသယောင် ဖြစ်ခဲ့ရသော စိတ်ဓာတ်သည် ပြန်လည်ကြည်လင်လန်းဆန်းလာရသည်။

အချိန်အားဖြင့် နေ့ဝင်ရီတရောအချိန် ဖြစ်လေသည်။ အနောက်မိုးကောင်းကင်တွင် တောက်ပနေသော အနီရောင်



www.burmeseclassic.com

www.burmeseclassic.com



သည် တစ်စ တစ်စ ညှို့မှိုင်းစပြုလာချေပြီ။

ကျွန်ုပ်၏ရှေ့ဘက် ခြေလှမ်းသုံးလှမ်းစာအကွာမှ ခန့်ညားထည်ဝါစွာလျှောက်လှမ်းသွားသော အမျိုးသမီးသည် လိုဏ်ခေါင်းအပြင်ဘက် ကိုက်ငါးဆယ်အကွာတွင်ရှိသော အင်ကြင်းပင်အောက်သို့ ဦးတည်ခဲ့သည်။

စောစောက မြင့်မြတ်တော်ဝင်သစ်ပင်ဟူ၍ သုံးနှုန်းလိုက်သောအမည်မှာ ထိုအင်ကြင်းပင်ကို အမည်ပေးထားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဗုဒ္ဓမြတ်စွာဘုရားကို မွေးဖွားခါနီး အခါကာလတွင် မယ်တော်မာယာဒေဝီမိဖုရားကြီးသည် အင်ကြင်းအကိုင်းအခက်ကို ကိုင်တွယ်အမှီပြုခဲ့ကြောင်း ကျွန်ုပ် အမှတ်ရလိုက်မိသည်။ ထို့ကြောင့် အင်ကြင်းပင်ကို မြင့်မြတ်တော်ဝင်ဟူ၍ အမည်မှည့်ခေါ်လိုက်ခြင်းမှာ လျော်ကန်သင့်မြတ်လှပါပေသည်။

အမျိုးသမီးသည် အင်ကြင်းပင်၏အာဝါသအောက်တွင် ကြိုတင်နေရာချထားသော သားမွေးထိုင်ခုံပေါ်တွင် တည်ငြိမ်စွာ ထိုင်လိုက်သည်။ သူမ၏ရှေ့ လက်တစ်ကမ်းအကွာတွင် ရပ်နေသော အကျည်းတန်သောမိန်းမကြီးကို ကျွန်ုပ် သေချာစွာမြင်လိုက်ရသည်။

ထိုမိန်းမကြီးသည် အနောက်ဘက်သို့ မျက်နှာမူထားခြင်းဖြစ်သောကြောင့် ဝင်လုဆဲနေဝန်း၏ နီရဲသောရောင်ခြည်များ





သည် ထိုမိန်းမကြီး၏မျက်နှာတစ်ပြင်လုံးနှင့် ခန္ဓာကိုယ်တစ်ခုလုံးကို အနီရောင်ခြယ်ထားသည့်ပမာ ပကတိသွေးရောင်လွှမ်းနေသည်။

လောကတွင် ရှိရှိသမျှ အကျည်းတန်ဆုံးအရာများသည် ထိုမိန်းမကြီး၏မျက်နှာပေါ်တွင် စုပေါင်းရောက်ရှိနေကြသည်။

မိန်းမကြီး၏ပြောင်းဖူးမွေးရောင် ကျိုးတိုးကျဲတဲဆံပင်များသည် ဦးခေါင်းပေါ်တွင် ရေတွက်၍ ရနိုင်ကောင်းသည်။ မျက်ခုံးမွေးနှစ်ဖက်မှာ တုတ်တိုတိုဖြစ်သည်။ မျက်စိတစ်ဖက်ကျဉ်း တစ်ဖက်ကျယ်နှင့် နှာအိုးက ကျယ်ဝန်းလွန်းသည်။

ထိုမိန်းမကြီး၏ နှုတ်ခမ်းထောင့်နှစ်ဖက်မှာ အစဉ်သဖြင့် ငုံ့နေသည်ဟုထင်ရလောက်အောင် အောက်သို့ ကုပ်ကျနေသည်။ ကျောကုန်းတွင် ကြီးမားသောဘုကြီးတစ်လုံး မို့မောက်နေသောကြောင့် ကိုယ်ခန္ဓာမှာ ရှေ့သို့ကိုင်းညွတ်နေသည်ဟု ထင်ရသည်။ သူ့ကိုယ်သူ သခင်မဟူ၍ ရည်ညွှန်းပြောဆိုတတ်သော အမျိုးသမီးနှင့်ယှဉ်၍ မျက်လုံးချင်းဆိုင်ရပ်နေသောကြောင့် မိန်းမကြီး၏အသွင်သဏ္ဌာန်မှာ ပိုမိုအကျည်းတန်သွားသည်။

ထိုနည်းတူ သခင်မဟူသော အမျိုးသမီးသည် မိန်းမကြီးနှင့် ယှဉ်လိုက်သောအခါ အလှအပသည် အထွတ်အထိပ်သို့ ရောက်ရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ်အားဖြင့် ထိုမိန်းမကြီးသည် မည်သူနှင့်ယှဉ်ယှဉ် အကျည်းတန်ဆုံးဟူသော သရုပ်ကို ပြိုင်ဘက်မရှိ ရယူနိုင် လောက်သည်။ ထိုမိန်းမကြီး၏လက်ထဲတွင် ဝံပုလွေတစ်ကောင် ၏အမြီးကို ကိုင်ဆောင်ထားသေးသည်။ ထို့ကြောင့် မကောင်းဆိုး ဝါးတစ်ယောက်ဟု ကျွန်ုပ်၏စိတ်ထဲတွင် ထင်မြင်ယူဆ ကောက် ချက်ချလိုက်မိသည်။

"ဘာကိစ္စနဲ့ သခင်မကို လာတွေ့တာလဲ ရှီမာ"

အမျိုးသမီးက ဩဇာသံဖြင့်မေးလိုက်သည်။

"အကြောင်းမဲ့ ရှီမာ ဘယ်တော့မှမလာဘူး၊ မင်းနယ် မြေထဲမှာ မင်းက သခင်မဖြစ်တယ်၊ ကျုပ်နယ်မြေထဲမှာလည်း ရှီမာက သခင်မပဲ၊ မင်းနယ်မြေထဲကို အခုရောက်နေကြတဲ့ လူသားသုံးယောက်ဟာ ကျုပ်ခွင့်ပြုချက်မရဘဲ ကျုပ်ပိုင်နက်ထဲ က ဖြတ်သန်းသွားခဲ့ကြတယ်လို့ သတင်းကြားတယ်၊ တစ် ယောက်ကို ကျုပ်တို့ ဖမ်းမိထားတယ်၊ ကျန်တဲ့သုံးယောက်ကို ကျုပ်လက်ထဲကို အပ်ပါ၊ ဒါဆိုရင် မင်းနဲ့ကျုပ် ဘာပြဿနာမှ မရှိဘူး၊ ကိုယ့်ပိုင်နက်မှာ ကိုယ် အေးအေးဆေးဆေးနေကြရုံပဲ ကျုပ်ပြောတဲ့အတိုင်း မလိုက်နာရင် နောက်တော့ ကျုပ်ကို အပြစ် မဆိုနဲ့ ... ဒါပဲ"

မိန်းမကြီးက တင်းမာစွာပြောသည်။





ထို့ကြောင့် မာနရှောကို မိန်းမကြီး၏လက်ပါးစေများက ဖမ်းဆီးထားကြောင်း ကျွန်ုပ် သဘောပေါက်လိုက်မိသည်။

"ရှီမာ ... အခု ဘယ်သူ့ပိုင်နက်ထဲကို ရောက်နေလဲ၊ သခင်မရဲ့ပိုင်နက်ထဲကို ကျူးကျော်ဝင်ရောက်လာပြီး ခြိမ်းခြောက် အရေးဆိုနေတာဟာ အပြစ်ကျူးလွန်တာပဲ၊ ဒါပေမဲ့ သခင်မက သဘောရား၏ ကျေးဇူးသစ္စာတော်ကို စောင့်သိရှိသေတယ်၊ ဒါ ကြောင့် ဒီတစ်ခါတော့ ရှီမာကို ခွင့်လွှတ်လိုက်မယ်၊ အေးအေး သက်သာ ပြန်ပေတော့ ရှီမာ၊ နောက်တစ်ကြိမ်ဆိုရင်တော့ ဒီလိုမျိုး ခွင့်လွှတ်မိမှာမဟုတ်ဘူး၊ ကဲ ... သွားပေဦးတော့"

အမျိုးသမီးက စကားအဆုံးတွင် သားမွေးထိုင်ခုံပေါ်တွင် ထိုင်နေရာမှ ထလိုက်သည်။ ရှီမာဆိုသောမိန်းမကြီးကို မျက်နှာ ချင်းဆိုင်ရာမှ ကျောခိုင်းလိုက်သည်။ လိုဏ်ဂူရှိရာသို့ ခြေဦးတည် လိုက်စဉ် ရှီမာသည် အမျိုးသမီး၏နောက်သို့ သွက်လက်စွာ ခုန်ဝင်သည်။ လက်ထဲရှိ ဝံပုလွေအမြီးဖြင့် အမျိုးသမီး၏ကျောကို ရိုက်ရန် လက်လွှဲလိုက်သည်။

သို့ရာတွင် အမျိုးသမီးသည် ချာခနဲလှည့်၍ ရှီမာအား မျက်နှာချင်းဆိုင်လိုက်သည်။ သူမ၏လှုပ်ရှားမှုများ မြန်ဆန်လွန်း သောကြောင့် ရိပ်ခနဲသာ မြင်လိုက်ရသည်။ သူမလက်ထဲတွင် ကိုင်ဆောင်ထားသော ရွှေရောင်နှင်တံ၏ထိပ်ဖျားဖြင့် ရှီမာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးနှစ်ခုအလယ်ဗဟိုသို့ တည့်တည့်မတ်မတ် ထောက်လိုက်ခြင်းဖြစ်သည်။

အမျိုးသမီးအား နောက်ဘက်မှရိုက်နှက်ရန် အားယူလိုက်သော ရှိမာ၏လက်ထဲမှ ဝံပုလွေအမြီးသည် မြေပြင်ပေါ်သို့ ဖုတ်ခနဲ လွတ်ကျသွားသည်။

ထိုအခိုက်အတန့်တွင် သခင်မ၏ကိုယ်ရံတော် သတ္တဝါကြီးနှစ်ကောင်သည် မြင့်မားထွားကျိုင်းသော ခန္ဓာကိုယ်ကြီးများနှင့် မလိုက်သော လျှပ်တစ်ပြက်လှုပ်ရှားမှုဖြင့် ရှိမာအနီးသို့ ချဉ်းကပ်သွားကြသည်။

"အဲဒီရှိမာကို ခေါ်သွားပြီး သူ့ပိုင်နက်နယ်မြေအစပ်မှာ ထားခဲ့ကြ"

သခင်မဆိုသူက အမိန့်ပေးလိုက်သည်။ ကိုယ်ရံတော်သတ္တဝါကြီးနှစ်ကောင်ကလည်း သူတို့သခင်မ၏အမိန့်ကို မြေဝယ်မကျ နားထောင်ဆောင်ရွက်ကြသည်။ နောက်ဆုံးတွင် ရှိမာ၏ကြိုးဝါးသံက လေထဲတွင် ပျံ့လွင့်ကျန်ခဲ့သည်။

"နင်တို့အားလုံး မကြာခင်အချိန်အတောအတွင်း ငါ့အကြောင်းကို ကောင်းကောင်းကြီးသိစေရမယ် ... ရှိမာတဲ့ဟေ့"

❋ ❋ ❋



## တစ်ဆယ့်သုံး

ဤတစ်ကြိမ်တွင် ...

သခင်မဆိုသော အမျိုးသမီးနှင့်အတူ နန်းမဆောင်ရှိရာသို့ လိုက်ပါသွားခဲ့ရသည်။

နက်ရှိုင်းသော တောတောင်နှင့် လိုဏ်ခေါင်းများသာ ဖုံးမိုးနေသည့် ယခုလိုနေရာအတွင်း၌ ဤမျှ ခမ်းနားထည်ဝါသော နန်းဆောင်ကြီးတစ်ဆောင် ရှိနေလိမ့်မည်ဟု လုံးဝမထင်ခဲ့မိပါချေ။

အံ့ဩစရာ ဖြစ်ရပ်တစ်ခုပင်။

လိုဏ်ဂူအကွေ့အကောက် ဝက်ပါလမ်းကြောင်းများကို အနှံ့အပြား ဝင်ထွက်ကျော်ဖြတ်လာခဲ့ရသောကြောင့် နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်ဝင်ဖို့ဖြစ်စေ၊ ပြန်ထွက်ရန်အတွက်ဖြစ်စေ လုံးဝ မှတ်မိစရာအကြောင်း မရှိပါချေ။

ဝက်ပါလမ်းကြောင်းတစ်လျှောက်လုံး အေးစက်စွတ်စိုထိုင်းမှိုင်းနေသည်။

တစ်ခါတစ်ရံ အောက်ခြေကျောက်သားအလွှာထဲသို့ လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် ဆင်းသက်ခဲ့ရသည့် အကြိမ်ပေါင်း နှစ်ဆယ်မျှဖြစ်ပေလိမ့်မည်။

ထိုနည်းတူ ...

အထက်သို့ ပြန်လည်ဦးမော့တက်ခဲ့ရသည့် အကြိမ်ကလည်း မနည်းလှပါချေ။

ပင်ပန်းလွန်းသောကြောင့် အကြိမ်မည်မျှဟူ၍ မှတ်ထားချင်စိတ် မရှိတော့ပါချေ။

ကျောက်သားလိုဏ်ခေါင်းများအတွင်း၌ အလင်းရောင်ကင်းမဲ့နေသော နေရာမျိုးတွင် သတ္တဝါကြီးနှစ်ဦးက ကညင်ဆီမီးတုတ်ထွန်းညှိ၍ လမ်းပြခဲ့သည်။

"ကျွန်ုပ်နဲ့လိုက်ပါလာတဲ့ မိန်းကလေး အခုဘယ်မှာလဲဆိုတာ ပြောပြနိုင်မလား"

ကျွန်ုပ်၏အမေးကို သခင်မဆိုသော အမျိုးသမီးကအပြုံးလဲ့လဲ့ဖြင့် ဦးခေါင်းညိတ်ပြသည်။





"သခင်မရဲ့ နန်းမဆောင်မှာရှိတယ်၊ သင်နဲ့တွေ့ပေးပါ့မယ်၊ ဒါပေမဲ့ သင်နဲ့ပါလာခဲ့တဲ့မိန်းကလေးဟာ သင်တို့နေခဲ့တဲ့မြို့ပြကို ပြန်လိုက်သင့် မလိုက်သင့် မဝေခွဲနိုင်လောက်အောင်ဖြစ်နေတယ်"

ထိုစကားကိုကြားလိုက်ရသောအခါ ကျွန်ုပ်မှာ အကြီးအကျယ် အံ့အားသင့်သွားမိသည်။

သို့ရာတွင် သခင်မဆိုသူနှင့် အငြင်းအခုံပြုရန် စိတ်မဝင်စားမိပါချေ။

နန်းတော်ကို မျက်နှာချင်းဆိုင်တွေ့ပြီးမှ ထိုအမျိုးသမီးပြောခဲ့သောစကားကို မှန် မမှန် ကိုယ်တိုင်ကိုယ်ကျ မေးမြန်းရပေလိမ့်မည်။

လောလောဆယ်အခြေအနေ အချိန်အခါတွင် ကျွန်ုပ်တို့ရှုလရည်ရွယ်ချက်နှစ်မျိုးစလုံးကို အကောင်အထည်မဖော်နိုင်သေး။

ပထမအချက်မှာ ...

ဦးမိုးထွင့်ခေါင်အား အသက်အန္တရာယ်ပေးခဲ့သော ငရမန်ကန်းကျားဆိုးကြီးကို သုတ်သင်ရန်၊



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချက်မှာ ...

ဦးမိုးတွင့်ခေါင်၏ ကျန်ရစ်သောပစ္စည်းများထဲတွင် ပါဝင်သော မြေပုံကြမ်းနှင့်ပတ်သက်၍ ဖော်ထုတ်ရန် ...

စသည်တို့ ဖြစ်သည်။

* * *

## တစ်ဆယ့်လေး

နန်းမဆောင်သည် လိုဏ်ခေါင်း၏ နက်ရှိုင်းသော အတွင်းပိုင်းတွင် ပေငါးရာပတ်လည်မျှ ကျယ်ဝန်းသော နေရာတစ်ခုဖြစ်သည်။ ရှေးမြန်မာဘုရင်မင်းမြတ်၏ ဆွေတော်မျိုးတော်တစ်ဦး၏နေထိုင်ရာအဖြစ် ပြင်ဆင်မွမ်းမံမှုများဖြင့် ပြုလုပ်တည်ဆောက်ထားသည်။

ရွှေရောင်ပွတ်လုံးတိုင်ကြီးများ၊ ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသော နံရံနှင့် ဘေးဘက်တံခါးပေါက်များ၊ ရွှေရောင်ဘောင်ကွပ်ထားသည့် သစ်ကနက်သားထိုင်ခုံများဖြင့် ဝန်းရံလျက်ရှိသော စားပွဲခုံ စသည်ဖြင့် ခမ်းနားထည်ဝါစွာ တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ခေါင်း၏အထက် မျက်နှာကြက်ထောင့်စွန်း လေးဖက်လေးတန်မှ အလင်းရောင်များသည် နန်းမဆောင်တွင်းသို့ ပြန့်ပြူးကျရောက်နေသည်။ ထိုသို့သော ပြင်ပသဘာဝအလင်းရောင်ကို အတွင်းသို့ အလင်းပေးစနစ်ဖြင့် ရောက်ရှိစေရန် ဖန်တီးထားသည်မှာ အံ့မခန်း လက်ရာတစ်ခုဖြစ်သည်။

ခန်းမဆောင်၏ထိပ်ဆုံးတွင် အလွန်ကျယ်ဝန်းသော အခန်းတစ်ခု၏အသွင်သဏ္ဍာန် ရှိသည်။ ဘေး လက်ဝဲလက်ယာနှစ်ဖက်တွင် အခန်းအချို့ဖွဲ့ထားသည်ကို ကျွန်ုပ် သတိပြုမိသည်။

ကျွန်ုပ်အား ခေါ်ဆောင်လာသော သတ္တဝါကြီးနှစ်ကောင်သည် နန်းမဆောင်တံခါးဝတွင် ကျွန်ုပ်တစ်ဦးတည်း ထားရစ်ခဲ့၍ လာလမ်းအတိုင်း နောက်ကြောင်းသို့ ပြန်လှည့်သွားကြသည်။

ထို့ကြောင့် ကျွန်ုပ်က စေ့ထားသောတံခါးရွက်ကို ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် နန်းမဆောင်၏ ခမ်းနားထည်ဝါမှုကို မြင်လိုက်ရခြင်းဖြစ်သည်။

ကျွန်ုပ်သည် တံခါးပေါက်ဝတွင် ရပ်လျက် အတွင်းသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်မိသည်။

"နန်းမဆောင်ထဲကို ဝင်ခွင့်ပြုပါတယ်"

ကြည်လင်ချိုမြသောအသံနှင့်အတူ ကျွန်ုပ် မျက်နှာမူရာဘက်ရှိ အလွန်တရာကျယ်ဝန်းသော ခန်းမကြီးထဲမှ ထွက်လာသူက သခင်မဆိုသူ အမျိုးသမီးဖြစ်သည်။

သူမသည် ဂျုတ်စ်ကြိမ်တွင် ရွှေဝါရောင်ဆံပင်နှင့် မဟုတ်ပါချေ။ အနက်ရောင်ဆံကေသာတွင် ရွှေသရဖူဆောင်းထားပြီး ဝတ်ရုံရှည်ကြီးမှာ အဖြူရောင်ဖြစ်သည်။ သူမ၏ ညာလက်ထဲတွင် ရွှေနှင်တံကို ဆုပ်ကိုင်ထားသည်။

ကျွန်ုပ်သည် ရှေ့သို့ ဆက်လက်၍ လျှောက်ဝင်ခဲ့သည်။

သူမသည် ခန်းမကြီး၏အလယ်တွင် နေရာချထားသော သစ်ကနက်သားစားပွဲထိပ်ရှိ ထိုင်ခုံတွင် နေရာယူလိုက်သည်။ ထို့နောက် ကျွန်ုပ်ကို တစ်ချက် လှမ်းကြည့်လျက် သူမ၏လက်ဝဲဘက်ခုံများအနက် အနီးဆုံးထိုင်ခုံကို လက်ထဲမှ ရွှေနှင်တံဖြင့် ငေ့ယမ်းပြသည်။

ကျွန်ုပ်က ထိုထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ညီမတော် လာနိုင်ပါပြီ"

သူမက ပြုံးရွှင်စွာ ခေါ်လိုက်သည်။ ခန်းမဆောင်၏ လက်ယာဘက် အခန်းကျဉ်းတစ်ခုအတွင်းမှ ထွက်လာသော မိန်းမပျိုတစ်ယောက်ကို မြင်လိုက်ရသည်။

အစပထမတွင် ကျွန်ုပ်သည် မိန်းမပျိုကို သခင်မဆိုသူ၏ ညီမတော်တစ်ဦးဟူ၍ ယူဆလိုက်သည်။

သစ်ကနက်စားပွဲရှိရာသို့ တစ်လှမ်းချင်း ရွှေခြေရရ





www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာချလျက် လျှောက်လာသော မိန်းမပျိုသည် ရွှေရောင်ဆံပင်ထက်၌ ငွေသရဖူတစ်ခုကို တင့်တယ်စွာ ဆင်မြန်းထားသည်။ သခင်မနည်းတူ အဖြူရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသည်။

မိန်းမပျိုက သခင်မ၏ လက်ယာဘက်အနီးကပ်ဆုံးထိုင်ခုံတွင် ဝင်ရောက်နေရာယူလိုက်သည်။ သူမ၏မျက်လွှာကိုဝင့်လျက် မျက်တောင်သွယ်များကို ပင့်လိုက်သောအခါ ကျွန်ုပ်၏အံ့ဩမှုမှာ အထွတ်အထိပ်သို့ရောက်ရှိသွားရလေတော့သည်။

"ဟယ် ... အစော"

ကျွန်ုပ်၏နှုတ်ဖျားမှ အာမေဍိတ်သံတစ်ခွန်း တိုးတိုးထွက်သွားသည်။ နန်းစောသည် ကျွန်ုပ်ကို သူစိမ်းတစ်ယောက်ပမာလှမ်းကြည့်နေသည်။ လက်ရှိဖြစ်ပေါ်နေသော အခြေအနေသည်မည်သို့မျှ ဘဝင်ကျစရာ မကောင်းပါချေ။

"ဘယ်လိုဖြစ်သွားတာလဲဟင်"

ကျွန်ုပ်က အမျိုးသမီးဘက်သို့ မျက်နှာမူ၍ မေးလိုက်သည်။

"သူဟာ သင် အရင်က သိကျွမ်းခဲ့ဖူးတဲ့ မိန်းကလေးမဟုတ်တော့ဘူး။ သခင်မ မာယာနန္ဒီရဲ့ ညီမတော် ရှုပစန္ဒီဖြစ်နေပြီ၊ ဒါကြောင့် သင့်ကို တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးခဲ့လူ





တစ်ယောက်အဖြစ်နဲ့ ကြည့်ပြီး အကဲခတ်နေတာပါ"

"ဟာ ... အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး၊ ဒါ ကျွန်ုပ်ညီမတစ်ယောက်လို ချစ်ခဲ့ရတဲ့ နန်းစောပဲဖြစ်ရမယ်၊ ဘယ်နည်းနဲ့မှ ရှုပစန္ဒီအဖြစ် လက်မခံနိုင်ဘူး၊ မင်း အစောကို စိတ်ပြောင်းအောင် ဘယ်လိုလုပ်လိုက်တာလဲဟင်၊ အဲဒီလို မလုပ်သင့်ပါဘူး"

ကျွန်ုပ်က ဒေါသကိုထိန်းချုပ်လျက် တည်ငြိမ်စွာ ပြောလိုက်သည်။

မာယာနန္ဒီသည် ကျွန်ုပ်ကို အပြုံးလဲ့လဲ့ဖြင့်ကြည့်၍ ...

"ဒါဆိုရင်လည်း သင်ကိုယ်တိုင် စစ်ဆေးမေးမြန်းနိုင်ပါတယ်"

ဟူ၍ ပြောလိုက်သည်။

"အစော ... အစ်ကိုအောင်ကို သိတယ်မဟုတ်လား"

ကျွန်ုပ်က ယုံကြည်စိတ်ဖြင့် လှိုက်လှဲစွာမေးလိုက်သည်။

နန်းစောက ကျွန်ုပ်ကို စူးစူးရဲရဲကြည့်လိုက်ပြီးနောက် ဦးခေါင်းခါပြသည်။

"ဘယ်လိုဖြစ်သွားတာလဲ အစောရယ်၊ မင်းနဲ့အစ်ကိုအောင်က ဟိုးအရင် ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက နှစ်ပေါင်းများစွာ သံယောဇဉ်တွယ်လာခဲ့ကြသူတွေပါ၊ အခုမိနစ်ပိုင်း, နာရီပိုင်းအတွင်းမှာ ဘယ်လိုဖြစ်ပြီး မာယာနန္ဒီရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြားယောင်းမှုကြောင့် လုံးလုံးလျားလျား အတိတ်မေ့သွားရတာလဲ ဟင်''

ကျွန်ုပ်က ယူကျုံးမရစွာ ပြောလိုက်သည်။

နန်းစောသည် ကျွန်ုပ်ကို စိတ်မကောင်းစွာကြည့်၍ ဦးခေါင်းကို ဖြည်းညင်းစွာခါယမ်းလျက် မာယာနန္ဒီဘက်သို့ မျက်နှာမူလိုက်သည်။ ထို့နောက် နားထင်နှစ်ဖက်ကို လက်မတစ်ဖက်စီဖြင့် ဖိလျက် ...

''သူ ဘယ်သူလဲ အစ်မတော်မာယာနန္ဒီ၊ ဘာတွေလာပြောနေတာလဲ၊ သူပြောတာတွေကို ညီမတော် တစ်ခွန်းတစ်ပါဒမှ နားမလည်ဘူး၊ သူပြောတဲ့စကားတွေကြောင့် ညီမတော် ခေါင်းကိုက်လာပြီ၊ အနားယူခွင့်ပြုပါ အစ်မတော်''

နန်းစောက ခါးခါးသီးသီးပြောလိုက်သည်။

''ကဲ ... ညီမတော်ရူပဝတီပြောတာကို သင်ကိုယ်တိုင်ကြားရပြီ မဟုတ်လား၊ အဲဒီတော့ ညီမတော် ခေါင်းကိုက်ဝေဒနာသက်သာအောင် အတွင်းဆောင်ထဲကို သွားပြီး ခေတ္တအနားယူနိုင်ပါတယ်၊ သင့်ကို မာယာနန္ဒီ ရှင်းပြစရာတွေရှိတယ်၊ နောက်ပြီး သင်ကိုယ်တိုင် တာဝန်ယူဆောင်ရွက်ရမယ့် အကြောင်းအရာတွေကိုလည်း ပြောပြမယ်၊ ဒီမှာပဲ ခဏစောင့်''

မာယာနန္ဒီက နန်းစောကို အနားယူခိုင်းလိုက်သည်။





တစ်ဆက်တည်းမှာပင် ကျွန်ုပ်အား လက်ရှိအနေအထားအတိုင်း ထိုင်လျက်သား စောင့်ဆိုင်းနေစေသည်။

နန်းစောသည် စောစောက ထွက်လာခဲ့သော အခန်းရှိရာသို့ ပြန်လည်ဦးတည်၍ လျှောက်သွားသည်။ ကျွန်ုပ်က နန်းစော၏နောက်ကျောကို မျက်ခြည်မပြတ် ကြည့်နေမိသည်။

သူမ အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသော အခါကျမှ မာယာနန္ဒီအား မျက်နှာချင်းဆိုင်လိုက်သည်။

''ကျွန်ုပ်နဲ့အတူပါလာတဲ့ လမ်းပြဝေလုရော အခု ဘယ်ရောက်နေသလဲ''

ကျွန်ုပ်က တင်းမာစွာ မေးလိုက်သည်။

''အဲဒီသူငယ်ဟာ လိုဏ်ခေါင်းထဲမဝင်ခင် ထောင်ချောက်မိရာက သူ့ဟာသူ ကြိုးဖြုတ်ချပြီး လက်လွတ်ထွက်ပြေးသွားတယ်၊ အခုလောက်ဆိုရင် အကျည်းတန်မကြီးရှိမာဆီမှာ ရောက်နေလောက်ပြီ၊ အဲဒီအကျည်းတန်မကြီးရှိမာရဲ့လက်ထဲ ရောက်သွားသူတိုင်းဟာ ဘယ်တော့မှ လုံးဝပြန်လမ်းမရှိဘူး''

မာယာနန္ဒီက နှုတ်ခမ်းသားကိုမဲ့၍ ပြောသည်။

ထို့နောက် လက်ခုပ်နှစ်ချက်တီးလိုက်သည်။ လက်ခုပ်သံအဆုံးတွင် လက်ဝဲဘက်အခန်းငယ်တစ်ခုထဲမှ မိန်းမငယ်တစ်ယောက် ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းမငယ်သည် ရှိလာရောက်လာခြင်းကို မာယာနန္ဒီထံသို့ လာရောက်သတင်းပို့သော မိန်းမငယ်ပင် ဖြစ်သည်။

"သခင်မအတွက် ဘာများဆောင်ရွက်ပေးရမလဲရှင်"

မိန်းမငယ်က ကျိုးနွံစွာမေးသည်။

"ဟောဒီပုဂ္ဂိုလ်အတွက် အစားအသောက် အကောင်းဆုံးတွေ လာပို့စမ်း။ မြန်မြန်လာပို့နော်၊ သူ တစ်ချိန်လုံး အစားမစားရတာကြာပြီ၊ သခင်မ ညွှဲ့ဝတ်မကျေပွန်တာ အားနာလို့ ကောင်းတယ်၊ အကျည်းတန်မကြီးရှိမှာ လာပြီးနှောင့်ယှက်လို့ အချိန်တွေ အလဟဿ ကုန်ခဲ့ရတယ်၊ သွား၊ သွား . . . မြန်မြန် သွားစမ်း"

မာယာနန္ဒီ၏စကားအဆုံးတွင် မိန်းမငယ်သည် သွက်လက်စွာ ထွက်ခွာသွားသည်။

* * *

တစ်ဆယ့်ငါး

ကျွန်ုပ်သည် သတ္တဝါကြီး၏ တိုက်ခိုက်မှုကို အနိုင်ရ ခဲ့သည်။

သို့ရာတွင် နောက်ထပ်ရောက်ရှိလာမည့် ရန်သူတို့ကို ကြည့်ကြည့် လှည့်ကြည့်နှင့် ရှေ့သို့ ဆက်ပြေးခဲ့သည်။

မိုးခြိမ်းသံသည် အဆက်မပြတ် ထစ်ချုန်းနေဆဲပင်။ တစ်ချက် တစ်ချက် လျှပ်စီးလက်ရာမှ ကျိမ်းခနဲ မိုးကြိုးပစ်လိုက်သံသည် နီးကပ်လွန်းသောကြောင့် နားကွဲမတတ် ဖြစ်သွားသည်။

ကျွန်ုပ် ရောက်ရှိနေသောနေရာမှာ တောင်ထိပ်အစွန်းတစ်နေရာဖြစ်သည်။

ထိုနေရာတွင် ကြာရှည်ရပ်တည်၍ မရ။ ရေစည်သွန်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်သည့်ပမာ ကျဆင်းလာသော မိုးရေများကြောင့် မြေသား က နူးပွလာသည်ကို သတိပြုမိသည်။

ထို့ကြောင့် လက်ရှိနေရာမှ ရှေ့လက်တစ်ကမ်းအကွာ တွင်ရှိသော ကျောက်စွန်းတစ်ခုကို အားပြု၍ လှမ်းဆွဲလိုက်စဉ် ...

ကျောက်စွန်းသည် မြေသားစိုင်ထဲတွင် အမြစ်တွယ်ရှ ထုထည်ပမာဏ နည်းပါးသဖြင့် ကျွန်ုပ်၏အလေးချိန်ကို ခံနိုင်စွမ်း မရှိဘဲ မြေသားစိုင်ထဲမှ ကျွတ်ထွက်လာသည်။

ဆက်တိုက်ပင်လျှင် ကျွန်ုပ်သည် ကျောက်ဂူစွန်းနှင့်အတူ တောင်ထိပ်ပေါ်မှ ဒရောသောပါး ကျသွားသည်။

ရင်ထဲတွင် ဟာခနဲဖြစ်သွားစဉ် ကျွန်ုပ်က မိမိကိုယ်ကို သတိကြီးစွာထား၍ အတတ်နိုင်ဆုံး မတ်တတ်အနေအထားဖြစ် စေရန် ထိန်းသိမ်းနေရသည်။

အရှိန်အဟုန်ဖြင့်ကျနေစဉ် တောင်နံရံတွင် တွယ်ကပ် ပေါက်ရောက်နေကြသော ဘွဲ့ချဉ်ပင်များကို ဆွဲမိဆွဲရာ လှမ်းဆွဲ လိုက်သည်။

သို့ရာတွင် ဘွဲ့ချဉ်ပင်များက အမြစ်ပါပြုတ်ထွက်လာ သဖြင့် ဆက်လက်ကျဆင်းနေသည်။

ထိုအခိုက်အတန့်တွင် ...





ကျွန်ုပ်၏ခန္ဓာကိုယ်သည် ကျွမ်းထိုးမှောက်ခုံအမျိုးမျိုး အနံ့ တလိမ့်ခေါက်ကွေး ကျနေစဉ် ...

ရုတ်တရက်အားဖြင့် ကျွန်ုပ်အဖို့ အားကိုးအားထား ဆွဲခို တွယ်ကပ်စရာ လုံးဝမရှိတော့သော အခြေအနေမျိုး ဖြစ်နေသည်။

ထို့ကြောင့် ငယ်စဉ်ကလေးဘဝအရွယ်တွင် မိဘ၏လမ်း ညွှန်မှုအဖြစ် တစ်ခုတည်းသော အားထားကိုးကွယ်ရာ အစစ်ကို သတိရလိုက်မိသည်။

ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ကွန့်မြူးနေသည့် ဆောင်ခြည်တော်ခြောက်သွယ်၏အလယ်တွင် စက္ကန့်ပိုင်းမျှ ဖျတ် ခနဲ မြင်လိုက်ရသည်။

"ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ၊
ဓမ္မောမေ သရဏံ အညံနတ္ထိ၊
သံဃောမေ သရဏံ အညံနတ္ထိ"

ဟူသော ရွက်ဆိုသံသည် ကျွန်ုပ်၏ဦးနှောက်တွင် ကြိမ် ဖန်များစွာ ဖြစ်ပေါ်နေသည်။

ထိုရွတ်ဆိုမှုသည် ပါးစပ်ဖျားမှမဟုတ်ဘဲ ရင်ထဲ နှလုံး သားထဲ တစ်ကိုယ်လုံးရှိ သွေးကြောများအားလုံးထဲ အပါအဝင် သက်ဝင်ကြည်မှု အပြည့်အဝနှင့်။

"ကျွန်ုပ်သည် ဘုရား တရား သံဃာတော် အရှင်သူ



www.burmeseclassic.com

www.burmeseclassic.com



မြတ် စသည့် ရတနာသုံးပါးမှတစ်ပါး အခြားသောကိုးကွယ်ရာ ဟူ၍ လုံးဝမရှိပါဘုရား"

ဟူ၍ စိတ်နှလုံးထဲတွင် နက်ရှိုင်းစွာ ဖြစ်ပေါ်နေသည်။

ထိုအချိန်တွင် ကျွန်ုပ်သည် စောစောက တောင်ထိပ်ဝေ မှကျလာသော အရှိန်အဟုန်သည့် တစ်စတစ်စ လျော့ပါးလာသည်။ လေထဲသို့ ဝါဂွမ်းစိုင်တစ်ခု ကျနေသည့်ပမာ ပေါ့ပါးစွာ ကျဆင်းနေသည်။

ထိုဖြစ်ရပ်ကြောင့် ကျွန်ုပ်၏ပီတိအဟုန်သည် အတိုင်းမသိ ချမ်းမြေ့စွာ ကြည်ညိုစိတ် ထက်သန်လာသည်။

နောက်ဆုံးတွင် ကျွန်ုပ်သည် မြေပြင်ပေါ်ရှိ ကျယ်ပြန့်သိပ်သည်းစွာပေါက်ရောက်နေသော နွယ်ပင်ချုံပုတ်ကြီးပေါ်သို့ ကျရောက်သွားသည်။ တစ်ကိုယ်လုံး အိခနဲ သက်သာပေါ့ပါးစွာ ကျရောက်ခဲ့သည်။

ကျွန်ုပ်အနေနှင့် အံ့ဩခြင်းအထွတ်အထိပ်ဖြင့် ဘုရားတရား သံဃာတို့ကို ကြည်ညိုစိတ်ဖြင့် ခြေဦးတည့်ရာသို့ ဆက်လျှောက်ခဲ့သည်။

ဆယ်မိနစ်မျှ လျှောက်ခဲ့သောအခါ တောင်နံရံအောက်ခြေ၏ ရှေ့တစ်နေရာတွင် တည်ရှိသော ရေသဖန်းပင်ကြီးတစ်ပင်ကို မြင်လိုက်ရသည်။





ထိုအခါကျမှ ကျွန်ုပ်၏ဝမ်းဗိုက်ထဲတွင် ဆာလောင်မွတ်သိပ်မှု ဖြစ်ပေါ်လာသည်။

ရေသဖန်းပင်ကြီးပေါ်တွင် သီးနေသော ရေသဖန်းသီးမှည့် နီနီရဲရဲများကို အစုလိုက်အပြွတ်လိုက် တွေ့ရသည်။ ပင်ခြေတွင်လည်း ကြွေကျလျက် ငှက်များစားထားသော သဖန်းသီးမှည့်များဖြင့် ပြန့်ကျဲနေသည်။

ကျွန်ုပ်သည် ရေသဖန်းပင်ပေါ်သို့တက်၍ လူတစ်ရပ်ခန့်မြင့်သော သစ်ကိုင်းခွဆုံတွင် ထိုင်လိုက်သည်။ လက်လှမ်းမီရာ ရေသဖန်းသီးမှည့်များကို တစ်လုံးပြီးတစ်လုံး ခူးဆွတ်ကာ စိမ်ပြေနပြေ စားသောက်နေမိသည်။

ထိုသစ်သီးများသည် အရည်ရွှမ်းသောအမျိုးအစားဖြစ်သောကြောင့် ရေငတ်ခြင်းပင် အထိုက်အလျောက် ပြေပျောက်သည်။

ယခင်အခါ ကျွန်ုပ်သည် မြို့ပြတွင် အဆင်ပြေပြေနေခဲ့စဉ်က အကောင်းဆုံးစားသောက်ဆိုင်မှ အဟော်ဆုံးစားဖိုမှူး၏ ချက်ရာ အစားအစာများကို အနည်းဆုံး တစ်လတစ်ကြိမ်ခန့် စားသောက်ခဲ့ဖူးသည်။

သို့ရာတွင် ယခု ပစ္စုပ္ပန်ကာလတွင် ကျွန်ုပ် ခူးဆွတ်စားသောက်နေရသော ရေသဖန်းသီးပင်မှည့်များက ပို၍ အရသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည်။ ပို၍ မြိန်ရေရှက်ရေ ခံတွင်းတွေ့နေခြင်းမှာ မနှိုင်း ယှဉ်သာအောင် ဖြစ်နေမိသည်။

စားသောက်ပြီးစီးသောအခါ သဖန်းပင်ပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် ပင်ခြေတွင် ခြေပစ်လက်ပစ် ထိုင်လျက် ကျွန်ုပ်၏ ပတ်ဝန်းကျင်ကို လေ့လာလိုက်သည်။

ရှေ့နှစ်ဖာလုံသာသာတွင် ကျယ်ပြန့်သော ပင်လယ်ရေ ပြင်ကြီး ရှိသည်။ ပင်လယ်ကမ်းစပ်တွင် ကျောက်တုံးကျောက် ဆောင်များဖြင့် ပြွတ်သိပ်နေရာယူထားသည်။

ထို့ကြောင့် လှေသင်္ဘောများ ဆိုက်ကပ်ရန် မလွယ်ကူပါ ချေ။ကျွန်ုပ်အနေနှင့် ရေယာဉ်ကြုံစီး၍ သွားရန်မဖြစ်နိုင်။

အထူးသဖြင့် နန်းတော်ကို မာယာနန္ဒီထံတွင် ဝကွက်၍ ထားမပစ်ခဲ့နိုင်ပါချေ။ သို့ဖြစ်လျှင် မည်သည့်နည်းနှင့် ကယ်တင်ရ မည်နည်း။

လောလောဆယ် ကျွန်ုပ်ထံတွင် လက်နက်ဟူ၍ သေ နတ်မဆိုထားနှင့် အမဲလိုက်ဓားမြှောင်တစ်လက်ပင် မရှိ။ တော ပေါ်သို့ ခက်ခက်ခဲခဲ ပြန်တက်ရဦးမည်။

ထို့နောက် နန်းတော်ရှိရာ နန်းမဆောင်သို့ မဝင်မီ မာယာ နန္ဒီ၏ကိုယ်ရံတော် သတ္တဝါကြီးများကို အရင်ဦးစွာ ရင်ဆိုင်ယှဉ် ပြိုင် တိုက်ခိုက်ရဦးမည်။





ကျွန်ုပ်၏အဖော်များအဖြစ် အတူပါလာခဲ့သော ဝေလု သည်လည်း မည်သည့်နေရာသို့ ရောက်နေသည်မသိ။

ပထမဦးဆုံး ရေကန်အနီးပတ်ဝန်းကျင်တွင် ပျောက် သွားသော မာနုရှောသည်လည်း အစပျောက်သွားချေပြီ။

မာယာနန္ဒီ၏ ပြောပြခဲ့သည့်အတိုင်း မာနုရှောနှင့်ဝေလု တို့သည် အကျည်းတန်မကြီးရှိမာ၏ လက်ထဲတွင် ပြန်လည်မရှိ သောဘဝသို့ ရောက်နေပြီလားမသိ။

မည်သို့ပင်ဖြစ်စေ ...

ကျွန်ုပ်သည် မာယာနန္ဒီနှင့် သူမ၏ သတ္တဝါကြီးများကို ရင်ဆိုင်၍ နန်းတော်ကို ပြန်လည်ခေါ်ဆောင်ရန် သန္နိဋ္ဌာန်ချလိုက် သည်။

ထို့နောက် ခြေပစ်လက်ပစ်ထိုင်နေရာမှ ထလိုက်သည်။

ထိုအခိုက်အတန့်တွင် ကျွန်ုပ်၏မျက်စိထဲတွင် ရွေ့လျား သာနေသော အသွင်သဏ္ဍာန်တစ်ခုကို မြင်လိုက်ရသည်။

ထိုအသွင်သဏ္ဍာန်သည် ပင်လယ်ပြင်ဘက်မှ လာခြင်း မဟုတ်ပါချေ။ ထိုနည်းတူ ကမ်းခြေမြေပြင်ပေါ်မှ လျှောက်လာ ခြင်းမျိုးလည်း မဟုတ်။

ရှင်းရှင်းဆိုရသော် လေထဲမှ ဆင်းသက်လာပုံမျိုးဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်သည် ...

ကျွန်ုပ်ရှိနေသော ရေသဖန်းပင်ရိပ်နှင့် ကိုက်တစ်ရာခန့် အကွာသို့ ဆင်းသက်ပြီးနောက် တရွေ့ရွေ့ဖြင့် ကျွန်ုပ်ရှိရာသို့ ညင်သာစွာ ရွေ့လျားချဉ်းကပ်လာသည်။

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် အလိုအလျောက် စိတ်ချမ်းမြေ့သွားမိသည်။ ရာခိုင်နှုန်းပြည့် ယုံကြည်ကိုးစား အားထားရမည့် သူတော်စင်တစ်ယောက်ဟူ၍ ကောက်ချက်ချမိသည်။

ထိုပုဂ္ဂိုလ်သည် သစ်ခေါက်ဆိုး နီညိုရောင်ခြုံထည်ကို ရစ်ပတ်သိုင်းခြုံထားသည်။ ဦးခေါင်းပေါ်တွင် ဒေါက်ချာဆောင်းထားသည်။ လက်ဖဝါးပေါ်တွင် အနက်ရောင်သပိတ်တစ်လုံး တွေ့ရသည်။

ကျွန်ုပ်အနေနှင့် ထိုသူတော်စင်အား ကျွေးမွေးစရာ၊ လှူဒါန်းစရာ ဘာတစ်ခုမှ မယ်မယ်ရရ မရှိ။ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် မကြာသေးမီက သဖန်းသီးမှည့်များကိုစား၍ အစာအိမ်ကို ဖြည့်တင်းခဲ့ရသေးသည် မဟုတ်ပါလား။

ထိုအခါ သူတော်စင်အား သဖန်းသီးမှည့် ကပ်လှူနိုင်ကြောင်း တွေးမိသည်။ ထို့ကြောင့် ကမန်းကတန်း သဖန်းပင်ပေါ်သို့ တက်လိုက်သည်။ မှည့်ရွှမ်းတင်းရင်းသော သဖန်းသီးမှည့်





လက်တစ်ခုပ်စာခူးဆွတ်၍ အပင်ပေါ်မှ ကပျာကယာ ပြန်ဆင်းလိုက်သည်။

အချိန်ကိုက်ထားသည့်ပမာ ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံး သဖန်းပင်ပေါ်မှ ဆင်းသက်ပြီး မြေပြင်သို့ ရောက်ရှိချိန်တွင် သူတော်စင်ရသေ့ကြီးသည် သစ်ပင်ရိပ်အောက်သို့ ရောက်ရှိရပ်တည်လိုက်သည်။

ကျွန်ုပ်က ရသေ့ကြီး၏သပိတ်ထဲသို့ သဖန်းသီးမှည့်များထည့်၍ ကပ်လှူလိုက်သည်။ ထို့နောက် ကျွန်ုပ်၏ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော သားရေစုတ်ကောင်အင်္ကျီကို ချွတ်၍ သဖန်းပင်ရင်း၌ ဖြန့်ခင်းလိုက်သည်။

ကျွန်ုပ်သည် ကြည်ညိုစိတ်ပြင်းပြစွာဖြင့် လက်အုပ်ချီလျက် ...

"တပည့်တော်ရဲ့အင်္ကျီကို အရှင်မြတ် ထိုင်စရာအခင်းအဖြစ် အသုံးပြုခြင်းအားဖြင့် ကုသိုလ်ကောင်းမှုတည်ပါရစေ၊ စားစရာဆိုလို့ အကျွန်ုပ်ကိုယ်တိုင် မြိန်ရေရှက်ရေစားသောက်ခဲ့ရတဲ့ ဤသစ်သီးမှတစ်ပါး အခြားလှူဒါန်းစရာမရှိတဲ့အတွက် အရှင်မြတ်ရဲ့အာဟာရအဖြစ် အလှူခံခြင်းအားဖြင့် ကုသိုလ်ကောင်းမှု ရရှိပါရစေ"

ကျွန်ုပ်က လှိုက်လှဲစွာ ပန်ကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာချထားသော သူတော်စင်ကြီးသည် ကျွန်ုပ်ခင်းပေးထားသော အကျီုပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်သည်။ ထို့နောက် ကျွန်ုပ်ကိုယ်တိုင် ရွေးချယ်ဆွတ်ခူး၍ ကပ်လှူထားသော သဖန်းသီးမှည့်တစ်လုံးကို သပိတ်ထဲမှ နှိုက်ယူ၍ စားသုံးနေသည်။

* * *

## တစ်ဆယ့်ခြောက်

သူတော်စင်သည် သစ်သီးဆွမ်းသဘောမျိုး တစ်လုံးကိုသာ ဘုဉ်းပေးသုံးဆောင်ပြီးနောက် ...

"ဒကာရဲ့လှူဒါန်းမှုက စေတနာသုံးတန်ပြဋ္ဌာန်းမှုနဲ့ ပြည့်စုံတယ်၊ ဒါကြောင့် ရတနာသုံးပါးအမှူးထား၍ မိဘ ဆရာအဆူဆူရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် ကောင်းမြတ်သော လိုအင်ဆန္ဒနဲ့ တစ်လုံးတစ်ခဲတည်း ပြည့်စုံပါစေ"

ဟူ၍ သူတော်စင်က ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် မျက်လုံးအစုံကိုမှိတ်၍ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းနေတော့သည်။

ကျွန်ုပ်သည် သူတော်စင်အနားမှ ထွက်ခွာ၍ ပင်ပယ်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းစပ်ဘက်သို့ ဖြည်းဖြည်းချင်း လျှောက်ခဲ့သည်။ ထိုသို့ လျှောက်လာရင်းဖြင့် ...

တောင်ထိပ်မှ ဒလပေါကျစဉ် ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်ကြောင့် အသက်ချမ်းသာရာရရှိခဲ့သည်။

ထို့နောက် မကြာမီအချိန်အတောအတွင်း သူတော်စင်တစ်ဦး ကြွလာသည်ကို ဖူးတွေ့ခဲ့ရသည်။

သူတော်စင်အား ကျွန်ုပ်၏အကျိုးဖြင့် အခင်းခင်းပေးခြင်း၊ သစ်သီးဆွမ်းသဘောမျိုး ကပ်လှူပူဇော်ခြင်း စသောဖြစ်ရပ်များသည် ကြီးကျယ်သောကုသိုလ်ပြုမှု မဟုတ်လင့်ကစား သူတော်စင်၏ ဆုတောင်းမေတ္တာကြောင့် ငြိမ်းချမ်းမှုနှင့်အတူ ကြည်နူးပီတိ ဖြစ်ခဲ့ရသည်။

ကျွန်ုပ်သည် ပင်လယ်ကမ်းစပ် ကျောက်ဆောင်ပေါ်တွင် ခေတ္တထိုင်နေစဉ် လှိုင်းအိတစ်လုံးနှင့်အတူပါလာသော ငါးတစ်ကောင်သည် သဲသောင်ပေါ်သို့ ကျလာသည်။

လှိုင်းအိက ပင်လယ်တွင်း ပြန်လည်လျှောဆင်းသွားချိန်တွင် ထိုငါးသည် ပင်လယ်ရေလှိုင်းနှင့်အတူ ပါမသွားဘဲ သဲပြင်ပေါ်တွင် ဖျပ်ဖျပ်လူးလိမ့်နေသည်။

ကျွန်ုပ်၏ရင်ထဲတွင် ငြိမ်းချမ်းမှုနှင့် ပီတိစိတ်လွှမ်းခြုံနေ





သော အခိုက်အတန့်ဖြစ်နေသောကြောင့် ထိုငါးကို ကိုယ်ပိုင်းမှ အသာအယာကိုင်၍ ပင်လယ်ရေပြင်ထဲသို့ လွှဲပစ်လိုက်သည်။ ထို့နောက် လာလမ်းအတိုင်း ပြန်လှည့်ခဲ့သည်။

ရေသဖန်းပင်ရှိရာသို့ လှမ်းကြည့်လိုက်သောအခါ သူတော်စင်ရသေ့ကြီးကို မတွေ့ရတော့ပါချေ။

ကျွန်ုပ်၏ရင်ထဲတွင် ဟာခနဲဖြစ်သွားသည်။

စစ်စင်အားဖြင့် ကျွန်ုပ်လက်ရှိ ဖြစ်ပေါ်ခံစားနေရသော ဒုက္ခကို ရသေ့ကြီးထံတွင် ရင်ဖွင့်လိုသည်။

သို့ရာတွင် ရသေ့ကြီးသည် အာနာပါနကမ္မဋ္ဌာန်း ဘာဝနာပွားနေချိန်ဖြစ်သောကြောင့် အလိုက်သိစွာဖြင့် ပင်လယ်ကမ်းစပ်ဘက်သို့ လျှောက်၍ ရှောင်ခဲ့သည်။

ယခုအခါ သူတော်စင်ရသေ့ကြီးကို မတွေ့ရသော်လည်း ကျွန်ုပ်ခံစားနေရသော ဒုက္ခဖြစ်စဉ်ကို သူတော်စင်ရသေ့ကြီး သိရှိသွားနိုင်လိမ့်မည်ဟု ကောက်ချက်ချမိသည်။

ထို့ကြောင့်သာလျှင် ...''မိဘဆရာအဆူဆူ၏ ဂုဏ်ကျေးဇူးတော်တို့ကြောင့် တောင်းမြတ်သောလိုအင်ဆန္ဒများနှင့် အစ်လုံးတစ်ဝတည်း ပြည့်စုံပါစေ'' ဟူသော ဆုတောင်းမေတ္တာ ပို့သခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် ယခုအခါတွင် အကယ်၍ ရေမန်ကန်း



www.burmeseclassic.com

www.burmeseclassic.com



ကျားနာကြီးအား လက်တုံ့ပြန်နိုင်သောအခြေအနေမျိုးနှင့် ကြုံ တွေ့နေရသည့်တိုင်အောင် သတ်လိုသောဆန္ဒ လုံးဝမရှိတော့ပါ ချေ။

စင်စစ်အားဖြင့် ကျားဆိုးကြီးသည် တောရိုင်းတိရစ္ဆာန် တစ်ကောင် ဖြစ်သောကြောင့် တောရိုင်းတိရစ္ဆာန်၏ အတွေးမျိုး သာလျှင် ရှိနေမည်ဖြစ်သည်။

သူ့အား မျက်စိတစ်ဖက်ပျက်စီး ချို့ယွင်းရန် ပြုလုပ်ခဲ့ သော ခြေနှစ်ချောင်းနှင့် မတ်တတ်သွားသတ္တဝါ (လူသား) ကို နာကြည်းစိတ်ဖြစ်နေမည်မှာ သေချာသည်။

ထို့ကြောင့် ကျားနာကြီးအနေနှင့် သူ့ကို ဒုက္ခပေးခဲ့သော အသွင်သဏ္ဌာန်မျိုးရှိသူမှန်သမျှကို သတ်ဖြတ်လိုစိတ် ဖြစ်နေလိမ့် မည်။

မျက်လုံးတစ်ဖက်သာ အသုံးပြုနိုင်သော ကျားအိုကြီး သည် တောတောင်ထဲတွင် အစာရှာဖွေရန် ပြေးလွှားလှုပ်ရှား သွားလာနေခဲ့သည်။

ကံအားလျော်စွာ ဦးမိုးထွဋ်ခေါင်နှင့် ရင်ဆိုင်တွေ့လိုက် ရသောအခါ နာကြည်းစိတ်နှင့်ယှဉ်သော ဆာလောင်မွတ်သိပ် စိတ်ကိုပါ ပေါင်းစပ်၍ ကိုက်ချီသယ်ဆောင်သွား၍ စားသောက်ခဲ့ ခြင်း ဖြစ်တန်ရာသည်။





ထို့ကြောင့် သတ္တဝါဟူသမျှသည် အတိတ်ဘဝက ပြုခဲ့ သော ကုသိုလ်၊ အကုသိုလ်အရ ပစ္စုပ္ပန်ကာလတွင် ကောင်းကျိုး ဆိုးကျိုးများကို မလွှဲမရှောင်သာ ခံစားရမည်ဖြစ်ကြောင်း နား သည်သဘောပေါက်မိသည်။

ကျွန်ုပ်သည် သဖန်းပင်ရိပ်တွင် တစ်ရေးတစ်မော အိပ်ခဲ့ သည်။

အိပ်ရာမှနိုးသောအခါ သဖန်းသီးကိုပင်မှီဝဲခဲ့ပြီး တောင် ခြေကို ပတ်၍လျှောက်လာစဉ် တာစ် တစ်စနှင့် မှောင်စပျိုးလာ သည်။

ကျွန်ုပ် အိပ်စက်နားနေရမည့် လုံခြုံစိတ်ချရသော ဂူ ခေါက်တစ်ခုကို တွေ့လိုတွေ့ငြား ရှာဖွေနေသည်။

လိုဏ်ဂူ လိုဏ်ခေါင်းတစ်ခုခုတွင် အိပ်စက်နားနေပြီး နောက်တစ်နေ့နံနက်ကျမှ နန်းစော၏ကိစ္စကို ရှင်းရတော့မည်။

ကျွန်ုပ်၏မျက်နှာမူရာ ကိုက်ငါးဆယ်အကွာတွင် လိုဏ်ဂူ ခေါက်ဝအချို့ကို မြင်လိုက်ရသည်။

ကျွန်ုပ်သည် ဝမ်းမြောက်ဝမ်းသာဖြင့် ရှေ့သို့ ခပ်သွက် သွက်တိုးသွားစဉ် ကျောက်လိုဏ်ဂူအတွင်းမှ ထွက်လာသော အသွင်သဏ္ဌာန်တစ်ခုကို မြင်လိုက်ရသည်။

ထိုအသွင်သဏ္ဌာန်ကို ယခင်အခါက တစ်ကြိမ်တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ခဲ့ဖူးသော်လည်း တွေ့တွေ့ချင်း ငရမန်ကာန်းဟု အမည်ပေးထားသော ကျားနာကြီးဖြစ်ကြောင်း ချက်ချင်း တွေးလိုက်မိသည်။

ကျွန်ုပ်၏ တွေးထင်ယူဆချက်မှာ လုံးဝ အမှားအယွင်းမရှိပါချေ။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်နှင့် တစ်စတစ်စ အကွာအဝေး ကြဲ့ကာ နီးကပ်လာသော ကျားကြီး၏မျက်လုံးတစ်ဖက်မှာ ပိတ်လျက်သားဖြစ်နေကြောင်း သတိပြုမိလိုက်သည်။

ကျားကြီးသည် အိုမင်းမစွမ်းဖြစ်နေသော်လည်း တော မှဆိုးပီပီ သူ၏လှုပ်ရှားမှုဟန်ပန်အမူအရာမှာ ပကတိတည်ငြိမ်သည်။

ကျွန်ုပ်နှင့် ဆယ်ကိုက်မျှအရောက်တွင် ကျားနာကြီးက ခေတ္တရပ်တန့်၍ ဦးခေါင်းမော့ကာ လေထဲတွင် အနံ့ခံလိုက်သည်။ ထိုအခါကျမှ ကျွန်ုပ်သည် ကျားနာကြီး၏ လေအောက်အရပ်တွင် ရှိနေကြောင်း သတိပြုမိသည်။

ထို့ကြောင့်သာလျှင် မျက်လုံးတစ်ဖက် လုံးလုံးလျားလျားကွယ်နေပြီး ကျန်မျက်လုံးတစ်ဖက်၏ အမြင်အာရုံတွင် ကျွန်ုပ်ပိုးတဝါးသာ တွေ့နေရသည်။ သို့ရာတွင် ကျွန်ုပ်၏အနံ့ကို မရရှိပ်ချေ။ သို့ဖြစ်ရာ သူသည် ဦးခေါင်းကိုမော့၍ အနံ့ခံလိုက်ခြင်းဖြစ်သည်။





ထိုအခိုက်အတန့်တွင် ...

ကျားကြီး၏ကျောကုန်းပေါ်တွင် တစ်စုံတစ်ယောက် ရပ်လျက်လိုက်ပါလာသည်ဟု ထင်မြင်ယူဆမိသည်။

ထိုအသွင်သဏ္ဌာန်မှာ အနီရောင်ခြုံထည်ကို ဦးခေါင်းမှ ခြေဖျားထိ ခြုံလွှမ်းထားသော အမျိုးသမီးတစ်ယောက်ဟု၍ သတိပြုမိသည်။

သဲသဲကွဲကွဲ မမြင်ရသောကြောင့် မရေမရာ ဖြစ်နေသည်။

ကျွန်ုပ်နှင့် အမှတ်မထင် တွေ့ကြုံခဲ့ရသော အကျည်းတန်မကြီး ရှိမာလည်း ဖြစ်နိုင်သည်။

သို့မဟုတ် ...

သူမ၏ဆန္ဒကို မလိုက်လျောခဲ့သောကြောင့် ပဋိပက္ခ ဆွင်ဆောင်ခဲ့သော မာယာနန္ဒီလည်း ဖြစ်နိုင်သည်။

သို့ရာတွင် မာယာနန္ဒီ၏ အစေအပါး မိန်းမငယ်နှင့် တူပါချေ။ ထိုမိန်းမငယ်၏ကိုယ်လုံးနှင့် လက်မောင်းတို့က ကြီးလှနေသည်။

နောက်ထပ် ထင်မြင်ယူဆစရာတစ်ယောက်မှာ ရှုပလာဟု၍ အမည်ပေးထားသော နန်းစောများ ဖြစ်လေမလား၍ စိတ်လှုပ်ရှားစွာ တွေးမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားနာကြီးနှင့်ကျွန်ုပ်၏ အကွာအဝေးမှာ နှစ်ဆယ့်ငါး ပေမျှသာ ဖြစ်သည်။

အနီရောင်ခြုံထည်ခြုံလွှမ်းထားသော အသွင်သဏ္ဌာန် သည် ကျားကြီး၏ကျောကုန်းပေါ်တွင် ထိုင်လျက်သားဖြင့် ညာ လက်ကို ဆန့်တန်းကာ ကျွန်ုပ်ရှိရာသို့ လက်ညှိုးညွှန်လိုက်ပြီး နောက် ...

"သွားစမ်း ... သတ်လိုက်စမ်း"

ဟူ၍ အမိန့်ပေးလိုက်သည့်ပမာ မှတ်ထင်ရသည်။

ထိုအခါ ကျားကြီးက ဦးခေါင်းအနည်းငယ် မော့လျက် ကျွန်ုပ်၏မျက်နှာကို စေ့စေ့ကြည့်ကာ ...

'ဝေါင်း'

ဟူသောအသံကြီးဖြင့် ကျယ်လောင်စွာ ဟိန်းလိုက်လေ သည်။

ထိုမြည်ဟိန်းသံသည် တောင်နံရံသို့ ရောက်ရှိသွားပြီး ပဲ့တင်သံများ အဆက်မပြတ် ပျံ့လွင့်နေလေသည်။

လောလောဆယ်အားဖြင့် ကျွန်ုပ်ထံတွင် လက်နက်တ ဓားတိုတစ်လက်၊ ကျောက်ခဲတစ်လုံး၊ တုတ်တစ်ချောင်းမျှပ မရှိပါချေ။

ကျွန်ုပ်၏ကိုယ်ခန္ဓာတွင် မွေးရာပါလက်နက်များဖြစ်





သော ခြေလက်များဖြင့် တိုက်ခိုက်ခဲ့လျှင်လည်း ရေမန်ကန်း ထဲ့သို့သော ကိုးတောင်နီးပါးကျားကြီးကို အံတုဖက်ပြိုင် နိုင်မည် မထင်။

ထို့ပြင် ကျားဆိုးကြီး၏ကျောကုန်းထက်တွင် မရေမရာ သဲမကွဲမြင်နေရသော မကောင်းဆိုးဝါးသည်လည်း ရှေးလူကြီး များ၏ လက်ဆင့်ကမ်းသတိပေးစကားအရ ယခုလို ဆည်းဆာ ချိန် (တစ်နည်းအားဖြင့်) နွားရိုင်းသွင်းချိန်တွင် မကောင်းဆိုးဝါး များသည် နွားများနှင့်အတူ လူနေကျေးရွာများသို့ လိုက်ပါလာ တတ်သည်ဟူ၍ ဖြစ်သည်။

ယခုအခါ နွားရိုင်းမဟုတ်သော ကျားရိုင်းကြီးပေါ်တွင် လိုက်ပါလာသော အနီရောင်မကောင်းဆိုးဝါးက ကျွန်ုပ်ကို လက် ညှိုးညွှန်၍ ကိုက်သတ်ခိုင်းနေပါပကော။

ထိုအခါ ကျွန်ုပ်သည် ရေသဖန်းပင်အနီးတွင် ဖူးမြော် ဦးတော်တင်ခဲ့ရသော သူတော်စင်ရသေ့ကြီး၏ အသွင်သဏ္ဌာန်ကို ရုတ်ခနဲ မြင်လိုက်မိသည်။

"သူတော်ကောင်း သူတော်စင် အရှင်သူမြတ်အပေါင်း တို့အား ကျွန်ုပ်ပြုခဲ့သော ကုသိုလ်ကောင်းမှုဖြင့် တိုင်တည်ပါ သည်။ ဤကျားကြီးကိုလည်း အန္တရာယ်မဖြစ်စေလိုပါ၊ ကျွန်ုပ် သည်လည်း ဤတောရိုင်းတိရစ္ဆာန်၏အန္တရာယ်မှ လွတ်ကင်းပါ



www.burmeseclassic.com

www.burmeseclassic.com



လို၏။ သာသနာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် အာကာသစိုး၊ ဘုမ္မာစိုး၊ ရုက္ခစိုးတို့အားလည်း အမျှပေးဝေပါ၏ . . . အမျှ အမျှ အမျှ''

ဟူ၍ ရင်တွင်းမှ အလေးအနက် ဆန္ဒပြုလိုက်မိသည်။

❋

## တစ်ဆယ့်ခုနစ်

တစ်မိနစ်မျှသောအချိန်ပိုင်းအတွင်း ထူးခြားဆန်းကြယ်သော အပြောင်းအလဲဖြစ်ရပ်တို့ ဖြစ်ပေါ်ခဲ့ကြသည်။

တောင်ကြော၏လိုဏ်ခေါင်းတစ်ခုထဲမှ သူတော်စင်ရသေ့ကြီး ထွက်လာသည်ကို ကျွန်ုပ်က ထင်ထင်ရှားရှား ဖူးတွေ့လိုက်ရသည်။

ကျွန်ုပ်သည် နှစ်ထောင်းအားရ ပီတိသောမနဿဖြင့် ကြည်ညိုမြတ်နိုးစွာ လက်အုပ်ချီလိုက်မိသည်။

လိုဏ်ခေါင်းထဲမှ သူတော်စင်ရသေ့ကြီး ထွက်လာသည်နှင့်တစ်ပြိုင်နက် ကျားနာကြီး၏ကျောကုန်းပေါ်တွင် လိုက်ပါလာသော အနီရောင်မကောင်းဆိုးဝါးသည် ရုတ်တရက်ခုန်ချကာ



www.burmeseclassic.com

www.burmeseclassic.com



အဝေးမြင့်ကွင်းတစ်နေရာသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

"ဗျူ ... ဒီကိုလာခဲ့စမ်းပါဦး"

သူတော်စင်ရသေ့ကြီး၏အသံက အမိန့်ပေးသံမျိုးမဟုတ် ဖြောင်းဖြနှစ်သိမ့်သောလေသံမျိုးဖြစ်သည်။

ကျားနာကြီးက ဦးခေါင်းကို ရသေ့ကြီးဘက်သို့ မလှည့်ချင်လှည့်ချင်ဖြင့် စိတ်မပါသောအမူအရာ ပြုလုပ်လိုက်သည်။

"သင်က လွန်ခဲ့တဲ့အတိတ်ဘဝတုန်းက အကုသိုလ်ပြုခဲ့လို့ ဒီဘဝမှာ တိရစ္ဆာန်ဖြစ်ခဲ့ရတယ်၊ တိရစ္ဆာန်အနေနဲ့ ဆက်လက်ပြီး ရက်စက်ကြမ်းကြုတ်ခဲ့လို့ မျက်လုံးတစ်ဖက် ကွယ်ခဲ့ရတယ်၊ ဒါတောင်မှ သင်က အကုသိုလ်အလုပ်ကို ဆက်လုပ်နေတုန်းပဲလား"

သူတော်စင်ရသေ့ကြီးက လူလူချင်း သွန်သင်ဆုံးမသည့်ပမာ တစ်ခွန်းချင်း လေးလေးနက်နက် ပြောနေသည်။

ကျားနာကြီးက သူတော်စင်အားမော်ကြည့်လျက် လှုပ်ရှားမှုမရှိဘဲ အာရုံစိုက်၍နားထောင်နေသည့် အမူအရာမျိုး ဖြစ်သည်။

"သင် အဲဒီလို အကုသိုလ်အလုပ်တွေကို ဒီနေ့ ဒီအချိန်ကစပြီး ရပ်တန့်ကရပ်လိုက်ပါလို့ ကျုပ် မေတ္တာရပ်ခံပါတယ်၊





ဒါဆိုရင် နောင်လာမယ့်အနာဂတ်ကာလမှာ သင့်အတွက် ကောင်းရာသုဂတိဘုံက ကြိုဆိုနေပါလိမ့်မယ်၊ မကောင်းမှုတွေကို ရှောင်ကြဉ်လိုက်ပါ၊ သင် နောက်ထပ်နေရမယ့်အချိန်ကာလဟာ ရက်သတ္တပတ် အနည်းငယ်ပဲ ကျန်တော့တယ်၊ အဲဒီရက်အနည်းငယ်အတွင်း အကုသိုလ်အလုပ်တွေကို စွန့်လွှတ်လိုက်ပါတော့"

သူတော်စင်ရသေ့ကြီးက နူးညံ့သိမ်မွေ့စွာ ပြောလိုက်သည်။

ကျားအိုကျားနာကြီး၏ မျက်ဝန်းထဲတွင် မျက်ရည်ကြည်များ စိမ့်ထွက်လာသည့်အလား ပြောင်လက်စွတ်စိုလာသည်။

သူသည် ဦးခေါင်းကိုငုံ့လျက် ရသေ့ကြီးနှင့် ကျွန်ုပ်၏မျက်မှောက်မှ လေးကန်သောခြေလှမ်းများဖြင့် ဝေးရာသို့ ထွက်ခွာသွားလေသည်။

"သာဓု သာဓု သာဓု"

ရသေ့ကြီးက "ကောင်းလေစွ" ဟူ၍ သုံးကြိမ်တိုင်တိုင် ရွတ်ဆိုလိုက်လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် သူတော်စင်ရသေ့ကြီးအား ကြည်ညိုသဒ္ဒါစိတ် ယိုဖိတ်လာမိသည်။ ထို့ကြောင့် လက်အုပ်ချီလျက် ရှေ့သို့ တရွေ့ရွေ့ တိုးသွားခဲ့သည်။

ရသေ့ကြီးက ကျွန်ုပ်အား ခြေဆုံးခေါင်းဆုံး ဖျတ်ခနဲ ကြည့်လိုက်ပြီးနောက် ...

"လာ ... လိုက်ခဲ့ ဒကာလေး"

ဟူ၍ မိန့်ကြားလိုက်သည်။

ရသေ့ကြီး၏ဦးဆောင်မှုဖြင့် ကျွန်ုပ်သည် နောက်ဘက် ခြေလှမ်းသုံးလှမ်းကွာမှ လိုက်သွားခဲ့သည်။

ရသေ့ကြီးဝင်သွားသော လိုဏ်ခေါင်းအပေါက်ဝမှာ လူတစ်ကိုယ် ဝင်သာထွက်သာရုံမျှသာ ကျယ်ဝန်းသော်လည်း လိုဏ်ခေါင်းအတွင်း၌ ပေနှစ်ဆယ် အစိတ်သာသာမျှ ကျယ်ဝန်းသည်။ လိုဏ်ခေါင်း၏အရှေ့တောင်ထောင့်တွင် ဂန္ဓကုဋီသဖွယ် ထွင်းထားသော တစ်ပေခွဲပတ်လည် အကန့်တစ်ကန့်ရှိသည်။

ထိုအကန့်ထဲတွင် တစ်ထွာခန့်အမြင့်ရှိသော ဆင်းတုတော်တစ်ဆူကို တွေ့ရသည်။ ထိုဆင်းတုတော်၏အရောင်အဆင်းမှာ အနီတစ်ခါ၊ အဝါတစ်သွယ်၊ အပြာတစ်လှည့် တောက်ပနေသည်ဟု ထင်မိသည်။





ကျွန်ုပ်က ဆင်းတုတော်ကို ဖူးတွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ဒူးတုပ်ထိုင်ကာ ကြည်ညိုစွာ ကန်တော့မိသည်။

"အဲဒီဆင်းတုတော်ဟာ ကျုပ်မရောက်ခင်ကတည်းက ဒီလိုဏ်ခေါင်းထဲမှာ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့တာ၊ အမှတ်တမဲ့ကြည့်ရင် ပဋ္ဌလောဟာလို့ မှတ်ထင်ရပေမယ့် တခြားဓာတ်သားတစ်မျိုးမကာ ထည့်သွင်းပေါင်းစပ်ထားတာဖြစ်လိမ့်မယ်၊ လောကီဆိုင်ရာ အစီအရင်မျိုးလည်း ပါကောင်းပါနိုင်တယ်၊ တစ်ချိန်က ဒီနေရာကိုရောက်ခဲ့တဲ့ မဟာမျိုး မဟာနွယ် အကြီးအကဲတစ်ဦးရဲ့ ကိုးကွယ်မှုအဆောင်သဘောမျိုး ဖြစ်နိုင်တယ်၊

ဒါပေမဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရည်မှန်းပြီး ဥဒ္ဒိဿအဖြစ် ပူဇော်ကန်တော့တဲ့အတွက် ကုသိုလ်ဖြစ်စေတယ်၊ ကုသိုလ်ပွားဖန်များရင် အကုသိုလ်ပြေပျောက်တယ်လို့ သူတော်ကောင်း သူတော်မြတ်တွေက အဆိုအမိန့်ရှိကြတယ်"

ရသေ့ကြီးက စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောနေသည်။ ထို့နောက် တစ်စုံတစ်ရာကို ငဲ့ဟဲ့ရပာန်ဖြင့် ...

"ဒကာလည်း တစ်နေ့လုံး ရေသဖန်းသီးတွေနဲ့ပဲ စခန်းသွားခဲ့ပုံရတယ်၊ အခုအချိန်ထိ ညစာမစားရသေးဘူး ထင်တယ်"

ဟူ၍ ပြုံးချိုစွာမေးသည်။ လိုဏ်ခေါင်းလက်ယာဘက်ထောင့်သို့ လက်ညှိုးညွှန်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနံရံမှာရိုက်ထားတဲ့ ငုပ်တန်းကို ချိတ်ထားတာ တွေ့လား၊ ကြိုက်သလောက် အားရအောင် စားလေကွယ်"

ဟု ခွင့်ပြုလိုက်သည်။

ကျွန်ုပ်သည် ရသေ့ကြီးညွှန်ပြသော ငုပ်တန်းတွင် ချိတ်ဆွဲထားသည့် ရွှေငှက်ပျောခိုင်မှ သုံးလုံးတိတိ ဖြုတ်ယူ၍ စားလိုက်သည်။

"အဲဒီအောက်က ဝါးကျည်တောက်ထဲမှာ သောက်ရေ အပြည့်ရှိတယ်၊ အားရပါးရ သောက်နိုင်တယ်၊ ရေတံခွန်က ကျတဲ့ရေကို သေချာစစ်ခံထားတာ"

သူတော်စင်ရသေ့ကြီးသည် သူ၏စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဆင်းတုတော်၏ရှေ့ ကျောက်သားအခင်းတွင်း တင်ပျဉ်ခွေ၍ ကျကျနနနေရာယူသည်။ ထို့နောက် ဖြန့်ထားသော ဘယ်လက်ဖဝါးပေါ်တွင် ညာလက်ဖမိုးထပ်၍ ခါးမတ်မတ်ဖြင့် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းနေလေတော့သည်။

ကျွန်ုပ်သည် ငှက်ပျောသီးစားပြီးနောက် ဝါးကျည် တောက်တွင်းမှ ရေကို တစ်ဝသောက်လိုက်သည်။ ထို့နောက် လိုဏ်ဂူအဝသို့ လျှောက်သွားသည်။

လိုဏ်ဂူပေါက်၏ညာဘက်ဘေးတွင် ဖုအားဖြင့် တစ် တောင်ခန့်ရှိသော သဘာဝကျောက်ဖျာသဏ္ဌာန် ကျောက်ပြား





ကြီး ရှိသည်။ အလျားခြောက်ပေ၊ အနံ ငါးပေ အရွယ်အစား ရှိသည်။

ကျွန်ုပ်က ထိုကျောက်ဖျာကြီးပေါ်တွင် ထိုင်၍ ပတ်ဝန်း ကျင်ကို ကြည့်လိုက်သည်။

ငွေလစန္ဒာသည် အရှေ့မိုးကောင်းကင်မှ တစ်စတစ်စ မြင့်တက်လာချေပြီ။ လိုဏ်ဂူ၏ရှေ့ မျက်နှာစာကုန်းမြေသည် ပေနှစ်ဆယ်သာသာမြင့်မားပြီး ဆင်ခြေလျှောဖြစ်နေသောကြောင့် အရာခပ်သိမ်းကို အပေါ်စီးမှ မြင်နိုင်သည်။

သစ်ပင်အုပ်များ၏အထက်ပိုင်း သစ်ခက်သစ်ရွက်များ ပေါ်သို့ ငွေလရောင်ခြည်က ရွှန်းမြစွာအလှဆင်နေသည်။ တသုန် သုန် တိုက်ခတ်နေသောလေသည် စိတ်ဘဝင်ကို အေးမြကြည် လင် လန်းဆန်းစေသည်။

ထိုအခိုက်အတန့်တွင် ကျွန်ုပ်၏ရှေ့မြင်ကွင်းထဲတွင် လှုပ် ရှားမှုအချို့ကို မြင်လိုက်ရသည်။ ရှေ့မှပြေးနေသော တစ်စုံတစ် ယောက်ကို လူနှစ်ယောက်က မီးတုတ်ကိုယ်စီဖြင့် နောက်ဘက် ဆယ်ကိုက်အကွာမှ ဝါးလုံးထိုးလိုက်နေခြင်းဖြစ်သည်။

ရှေ့မှပြေးနေသူ၏ ရှည်လျားသောဆံပင်များသည် လျော့ရဲပြေကျကာ သူမ၏နောက်ဘက်တွင် လွင့်ပါးဝဲပျံနေသော ကြောင့် မိန်းမသားတစ်ယောက် ဖြစ်လိမ့်မည်ဟု ယူဆမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ရှေ့မှ မိန်းမငယ်သည် ကျွန်ုပ်နေထိုင်နေသော ကျောက်ဖျာရှိရာ ကုန်းမြင့်အထက်သို့ အတက်လမ်းဖြစ်သည့် ဆင်ခြေလျှောအောက်ခြေသို့ပင် ရောက်လာလေပြီ။

သူမသည် ကုန်းမြင့်ဆင်ခြေလျှောသို့ အားသွန်ခွန်စိုက်ဖြင့် ခါးကုန်းလျက် အတက်တွင် အနည်းငယ်မတ်စောက်သောနေရာသို့အရောက် ခြေကားယားလက်ကားယားဖြင့် နောက်သို့ လန်ကျလုနီးပါးဖြစ်သွားသည်။

နောက်မှလိုက်လာသော သတ္တဝါနှစ်ကောင်သည် မိန်းမငယ်နှင့် ပိုမိုနီးလာလေပြီ။

ထိုအခါ. ကျွန်ုပ်သည် အားနွဲ့သောမိန်းမသားတစ်ဦးဟူသောအမြင်ဖြင့် အကူအညီပေးရန် ထိုင်ရာမှထလိုက်သည်။ ဆင်ခြေလျှောရှိရာ ကုန်းမြင့်ထိပ်သို့ ခြေလှမ်းလိုက်စဉ် ...

"ဒကာ ... ကိုယ့်နေရာမှာပဲ ပြန်ထိုင်နေပါ၊ အန္တရာယ်ပေးမယ့်သူကို ကူညီရင် ပြဿနာဖြစ်တတ်တယ်"

ဟူသောအသံက ကျွန်ုပ်၏နောက်ဘက် လိုဏ်ဂူတွင်းမှ ထွက်ပေါ်လာသည်။

ထို့ကြောင့် ကျွန်ုပ်သည် လှမ်းစပြုနေသော ခြေကိုပြန်လည်ရုပ်တန့်လျက် ခြေတစ်လှမ်းနောက်ဆုတ်လိုက်သည်။

ထိုအခိုက်အတန့်တွင် ...





"အောင်မယ်လေး ...ကယ်ကြပါဦး"

မိန်းမငယ်၏ စူးစူးဝါးဝါး ငယ်သံပါအောင် ဟစ်အော်လိုက်သံနှင့်အတူ ကုန်းမြင့်ဆင်ခြေလျှောမှ အောက်သို့ တလိမ့်ခေါက်ကွေးကျသွားသည်ကို မြင်လိုက်ရသည်။

မိန်းမငယ်ကျသွားရာသို့ ရောက်ရှိသွားသော သတ္တဝါကြီးနှစ်ကောင်က အသံပြုကြီးများဖြင့် အော်ဟစ်ရယ်မောလျက် ချဉ်းကပ်သွားကြသည်။

ရသေ့ကြီး၏ဟန့်တားချက်ကြောင့် မိန်းမငယ်အား အကူအညီမပေးလိုက်ရသည့်အတွက် ကျွန်ုပ်၏ရင်ထဲတွင် မချင့်မရဲဖြစ်နေမိသည်။ သူတော်စင်ရသေ့ကြီးကိုပင် "အကြင်နာကင်းမဲ့သူ" ဟူ၍ စိတ်တွင်းမှ ထင်မြင်ယူဆရမလို ဖြစ်နေသည်။

"အဲဒီဆင်ခြေလျှောအောက်ခြေမှာ 'လှူအင်း' ရှိတယ်ဒကာ၊ အခုလို ညဥ့်သန်းခေါင်ယံကို ရောက်ခါနီးတိုင်း တောမှိုင်းတိရစ္ဆာန်တွေအတော်များများ လှူအင်းကို ရောက်လာကြတယ်၊ အဲဒီအချိန်မှာ နာနာဘာဝ,၊ ဝိနာဘာဝ အမျိုးမျိုးအစားစားကျတ်, တစ္ဆေ, မြေဘုတ်နဲ့ ဝေမာနိကပြိတ္တာတွေဟာလည်း အသွင်သဏ္ဌာန်အမျိုးမျိုး ဖြစ်ရပ်အထွေထွေနဲ့ ပြဿဖန်ဆင်းပြီး လူသားတွေကို ဆွဲဆောင်ညို့ငင် ဖမ်းစားပျော်ပါးကြတယ် ...၊

တကယ်လို့ သူတို့နဲ့လက်တစ်ကမ်းကို ရောက်သွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါကျရင်တော့ အဲဒီလူသားတွေဟာ နာနာဘာဝတွေ ပြုသမျှ နရမယ့်အခြေအနေမျိုး ဖြစ်သွားလေ့ရှိတယ် ဒကာ''

သူတော်စင်ရသေ့ကြီးက နာနာဘာဝနှင့်ပတ်သက်သော ဗဟုသုတအမျိုးမျိုးကို ရှင်းပြလိုက်သည်။

ရသေ့ကြီး၏မိန့်ကြားချက်မှာ မှန်ကန်ကြောင်း ချက်ချင်း သိလိုက်ရသည်။

အဘယ်ကြောင့်ဆိုသော် စောစောက အသည်းအသန် ထွက်ပြေးလာသော မိန်းမငယ်နှင့် သူမ၏နောက်မှ သဲသဲမဲမဲ လိုက်နေကြသော သတ္တဝါတို့သည် ကျွန်ုပ်၏မြင်ကွင်းထဲတွင် လုံးဝမတွေ့ရတော့ဘဲ ပျောက်ကွယ်သွားလေပြီ။

* * *

## တစ်ဆယ့်ရှစ်

ကျွန်ုပ်သည် လွန်ခဲ့သောညက သန်းခေါင်ယံကို လွန်မြောက်သည်အထိ အတွေးများ ဖြာဝေခဲ့သည်။ ထို့ကြောင့် အရုဏ်တက်ချိန်ရောက်လုနီးမှ အိပ်မောကျခဲ့ရသည်။

အထူးသဖြင့် ကျွန်ုပ်၏အတွေးမှာ နန်းစောနှင့်ပတ်သက်၍ သူမကို မည်သို့ကယ်ဆယ်ရမည်နည်းဟူသော အတွေးသံသရာ ချာချာလည်ခဲ့ရသည်။

မည်မျှကြာအောင် အိပ်မောကျသွားသည် မသိ ... ကျောက်လိုဏ်ဂူတွင် သူတော်စင်ရသေ့ကြီးကို မတွေ့ရပါချေ။

ကျွန်ုပ်သည် လဲလျောင်းရာမှ လောလောဆယ် အိပ်ရေး မဝသေးသဖြင့် မထချင်သောကြောင့် ဆက်လက်မှိန်းနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူပြင်ပမှ သူတော်စင်ရသေ့ကြီး၏အသံကို ကြားနေရသည်။

ရသေ့ကြီးသည် တစ်စုံတစ်ယောက်အား ရှင်းလင်းစွာ ညွှန်ပြဆွေးနွေးနေခြင်း ဖြစ်တန်ရာသည်။

သူတော်စင်ကြီးနှင့် ဆွေးနွေးနေသူမှာ မည်သူဖြစ်သည်ကို ကျွန်ုပ်မသိပါချေ။ သို့သော် ရသေ့ကြီးရှင်းပြသော အကြောင်းအရာများကို ကျွန်ုပ် တစ်ကြိမ်တစ်ခါမှ မကြားဖူးခဲ့ပါချေ။

မည်သို့ပင်ဖြစ်စေ အကြီးအကျယ် အံ့မခန်း စိတ်ဝင်စားစရာ လျှို့ဝှက်နက်နဲသော ဗဟုသုတများ ဖြစ်နေသောကြောင့် ကျွန်ုပ်သည် မျက်လုံးအစုံပိတ်ထားဆဲ လဲလျောင်းလျက်သား အနေအထားဖြင့် ဆက်လက်နားထောင်နေမိသည်။

*

''လူသားတွေဟာ အလိုဆန္ဒများရဲ့ကျေးကျွန်များ ဖြစ်နေကြတယ်၊ အလိုဆန္ဒသစ်တစ်ခု ပေါ်ပေါက်တိုင်း သောကသစ်တစ်ခု ရောက်လာတာပဲ၊ ဘာကြောင့်လဲဆိုတော့ အဲဒီဆန္ဒကို ဖြည့်ဆည်းနိုင်ဖို့ နည်းလမ်းရှာပြီး ဆောင်ရွက်ရတာဖြစ်လို့ပါပဲ၊ ဒါကြောင့် အလိုဆန္ဒတစ်ထောင်ရှိခဲ့ရင် ဝမ်းနည်းကြေကွဲမှု တစ်





ထောင်ဖြစ်စေ၊ မျှော်လင့်ချက်ပျက်ပြားမှုတစ်ထောင်၊ ဝေဒနာတစ်ထောင် ခံစားရလေ့ရှိတယ် . . . ။

ဘယ်ခေတ်ကာလကိုပဲကြည့်ကြည့် သင်တို့ဟာ အခင်တို့ရဲ့ ဘိုးဘေးဘီဘင်တို့ထက် ပိုပြီး ဖင်ပန်းမှုဝေဒနာကို ခံစားနေကြရတယ်၊ ဘာကြောင့်လဲဆိုရင် သူတို့ဟာ သင်တို့ထက် ရိုးရိုးလေးနေပြီး မြိုးမြိုးမြက်မြက် စားသုံးနေထိုင်တတ်ကြတယ်၊ ဒါကြောင့် အလိုဆန္ဒ နည်းပါးကြလို့ပဲ ဖြစ်တယ် . . . ။

အထူးသဖြင့် သူတော်စင်တွေဟာ ကမ္ဘာ့ဒြဗ်ဘာဝနာသွားများမှအဆင့် မြင့်မားလာတာနဲ့အမျှ မိမိတို့ရဲ့အလိုဆန္ဒများကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် လျှော့ချကြတယ် . . . ။

ကျုပ်တို့ရဲ့ လောကီဆိုင်ရာအသုံးပြုချိန်ဟာ တစ်နေ့မှာ မိနစ်နှစ်ဆယ်လောက်ပဲ ရှိတယ်၊ ကျန်တဲ့အချိန်အားလုံးဟာ လောကုတ္တရာရည်မှန်းချက်အတွက် အားထုတ်နေကြတယ်၊ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ငါးထောင်အတွင်းမှာ အံ့အားသင့်ရာ ကောင်းလောက်အောင် ထူးထူးခြားခြား စိတ်စွမ်းအင်ထက်မြက်တဲ့ပုဂ္ဂိုလ်တွေပေါ်ပေါက်လာကြပြီး သာမန်လူတွေကဝမ်းစိုက်အတွက် ရုန်းကန်လှုပ်ရှားနေချိန်မှာ သူတော်ကောင်းတွေဟာ ဦးနှောက်ပိုင်းဆိုင်ရာတိုးတက်မှုတွေကို အားထုတ်နေကြတယ် . . . ။



www.burmeseclassic.com

www.burmeseclassic.com



တောမှီရသေ့တွေထဲမှာ သမထကို ပဓာနထားပြီး လေ့ကျင့်ကြသူတွေဟာ လေဟုန်စီးခြင်း၊ ရေပြင်ပေါ်လျှောက်ခြင်း၊ အိပ်မက်ကိုထိန်းချုပ်ပြီး ရူပက္ခန္ဓာထဲက ဓာတ်ခန္ဓာကို ထုတ်နုတ်စမ်းသပ်လေ့ကျင့် အသုံးပြုနေကြတယ်၊ အဲဒီ အလေ့အကျင့်တွေကို စိပဿနာပုဂ္ဂိုလ်တွေက မနှစ်မြို့ကြဘူး၊ ကျုပ်လည်း ဘဝင်မကျဘူး”

ရသေ့ကြီးက သူ့အယူအဆကို မိန့်ကြားလိုက်သည်။

“အရှင်ဘုရား လွန်ခဲ့တဲ့ ရက်သတ္တပတ်တုန်းက မိန့်ကြားခဲ့တဲ့ လူတွေရဲ့စိတ်နေသဘောထားကို ခန္ဓာကိုယ်ကအလင်းရောင် ဖြာထွက်မှုပေါ်မူတည်ပြီး တိတိကျကျ သုံးသပ်နိုင်တဲ့ အကြောင်း နည်းနည်းလောက် ထပ်ပြီး ရှင်းနိုင်ပါသလားဘုရား”

ထိုအသံသည် အမျိုးသမီးတစ်ယောက်၏ အသံ။ တစ်နည်းအားဖြင့် အသက်အရွယ် မငယ်တော့သော အမျိုးသမီးကြီးတစ်ယောက် ဖြစ်နိုင်သည်။

ထိုအသံကို ကျွန်ုပ် ကြားဖူးသလိုလို ရှိသည်။

သို့ရာတွင် အကယ်၍ ကျွန်ုပ် အိပ်ရာမှထ၍ လိုက်အပြင်သို့ ထွက်သွားခဲ့လျှင် သူတော်စင်ရသေ့ကြီး၏စကားကို ပျက်ယွင်းနိုင်မည်လား၊ သို့တည်းမဟုတ် အနှောင့်အယှက် ဖြစ်သွားနိုင်မည်လား ... ကံသေကံမ မသိနိုင်ပါချေ။





ထို့ကြောင့် ကြုံကြိုက်ခိုက် တောမှီရသေ့ကြီး၏ လျှို့ဝှက်နက်ရှိုင်းသော အတွေးအခေါ်များကို အိပ်ရာထဲတွင် လဲလျောင်းရင်း ရရှိနေသော ကျွန်ုပ်၏အဖြစ်မှာ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ခု ဖြစ်သည်။ ဆက်လက်၍ နားစွင့်နေမိသည်။

“လူတွေရဲ့ခန္ဓာကိုယ်ကထွက်တဲ့ ရောင်ခြည်တွေဟာ အထူးသဖြင့် ဓာတ်ခန္ဓာ၊ မနက္ခန္ဓာနဲ့ ကာရကာခန္ဓာတွေထဲမှာ ပေါ်ထွက်နေတာဖြစ်တဲ့အတွက် အဲဒီရောင်ခြည်တွေကို မသဲစကွဲ နဲ့ မမြင်နိုင်ဘူး၊ ဒါပေမဲ့ ကမ္မဋ္ဌာန်းဘာဝနာ လေ့ကျင့်ပွားများမှုရှိတဲ့ ပုဂ္ဂိုလ်တွေသာလျှင် အဲဒီရောင်ခြည်တွေကိုကြည့်ပြီး သူဟာ ဘယ်လိုစိတ်နေသဘောထားရှိတယ်ဆိုတာ တပ်အပ်ပြောနိုင်တယ်၊ လူသားတွေမှာ အများဆုံးတွေ့နိုင်တဲ့ အရောင်တွေနဲ့ အညွှန်ပြချက် သဘောသကာယ၊ ဂုဏ်အင်္ဂါ၊ လက္ခဏာတွေကို အမှန်ကန်ဆုံးနည်းနဲ့ ပြောပြမယ်၊ သေချာမှတ်သားနားထောင်ကြယ်”

“မှန်လှပါ အရှင်ဘုရား”

သူတော်စင်ရသေ့ကြီး၏ စကားစအပြတ်တွင် ပြောလိုက်သော အမျိုးသမီးအသံက လေးနက်စွာ ကတိပြုလိုက်ခြင်း ဖြစ်သည်။ ထိုအသံရှင်ကို ကျွန်ုပ် တွေ့ချင်မြင်ချင်စိတ် ဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ခက်ခဲနက်နဲသော ပညာရပ်၏ အဆင့်မြင့်အပိုင်းသို့ ရောက်နေလေပြီ။ ထို့ကြောင့် ပြောလက်စအရှိန်အဟုန်တန့်သွားမည်စိုးသဖြင့် ကျွန်ုပ်စိတ်ကို ပြန်လည်ထိန်းချုပ်လိုက်ရသည်။

သူတော်စင်ရသေ့ကြီး၏အသံသည် ကရားရေလွှတ်သည့်ပမာ မတိုးလွန်း မကျယ်လွန်းဖြင့် တတွတ်တွတ်ထွက်ပေါ်လာသည်။

''လူ့ရဲ့ခန္ဓာကိုယ်က ထွက်ပေါ်နေတဲ့ရောင်ခြည်ဟာ အနက်ရောင်ဖြစ်နေခဲ့ရင် မုန်းတီးခြင်း, အဘိဇ္ဈာများခြင်း ဖြစ်တယ်၊ အနီရောင်က ဒေါသထွက်ခြင်းကို ဖော်ပြတယ်၊ နီညိုရောင်ကတော့ မတော်လောဘရမ္မက်အားကြီးခြင်းပဲ၊ အညိုရင့်မွဲခြောက်ခြောက်ဟာ အတ္တဆန်သူ၊ စိမ်းရွှေရွှေအညိုရောင်မှာ အနီရင့်ဖြတ်သန်းနေရင် မနာလိုဝန်တိုစိတ် ဖြစ်နေတယ်၊ ခဲသတ္တုရောင်အရင့်ကတော့ အလွန်စိတ်အားငယ်ခြင်းကို ဖော်ပြတာဖြစ်တယ်၊ နှင်းဆီပန်း (ကြက်သွေး) ရောင်ဟာ စင်ကြယ်သော မေတ္တာ၊ လိမ္မော်ရောင်ကတော့ ထင်ပေါ်လိုတဲ့ဆန္ဒရှိတယ် မာန်မာန တက်ကြွသူဖြစ်တယ် ...၊

အဝါရောင်ဟာ အသိအလိမ္မာရှိခြင်းကို ပြတယ် အရောင်ရင့်ပြီး မှိုင်းနေရင် လောကီဘက်ဆိုင်ရာ အသိဉာဏ်ရှိသူ ရွှေရောင် ဖလပ်ဝါရောင်ရှိသူဟာ လောကီမဖက်သော လောကုတ္တရာဉာဏ်ပညာကို ဖော်ပြတယ်၊ မွဲပြာပြာအစိမ်းရောင် ထွက်နေသူဟာ ပါးနပ်ခြင်း, ကောက်ကျစ်စဉ်းလဲသောဉာဏ်, တလိန်ဉာဏ်သုံးတတ်ခြင်းနဲ့ ပရိယာယ်ကြွယ်ဝသူဖြစ်တယ်၊ တဲ ... ဒီလောက်ဆိုရင် ဒီနေ့အဖို့ တော်လောက်ပြီ၊ ခဏနားစေတော့''

''ဒါဆိုရင် အရှင်ဘုရားပြောတဲ့ အစိမ်းရောင်မွဲပြာပြာထွက်နေသူဟာ ပါးနပ်ကောက်ကျစ်စဉ်းလဲသူ, ကလိန်ဉာဏ်နဲ့ ပရိယာယ်ကြွယ်ဝသူဖြစ်တဲ့အတွက် မာယာနန္ဒီဟာလည်း အဲဒီအချက်တွေနဲ့ တစ်ထပ်တည်းကျနေတဲ့အတွက် သူလည်း မွဲပြာပြာအစိမ်းရောင်မျိုး ထွက်နေမှာပေါ့နော်''

ဟူသော ပြောသံကို ကြားလိုက်ရသောအခါ ထိုသို့မေးမြန်းသော အမျိုးသမီးသည် မည်သူဖြစ်ကြောင်း ကျွန်ုပ် ရုတ်တရက် မှတ်မိရသိလိုက်သည်။

ထိုသို့ပြောလိုက်သူသည် မာယာနန္ဒီနှင့်ဆန့်ကျင်ဘက်ဖြစ်ပြီး အလွန်တစ်ရာ အကျည်းတန်သော ရိုမာအမည်ရှိ အမျိုးသမီးကြီးမှတစ်ပါး အခြားသူ မဖြစ်နိုင်ကြောင်း သဘောပေါက်လိုက်မိသည်။

ထိုအခါ ကျွန်ုပ်သည် မျက်စိစုံမှိတ်၍ လဲလျောင်းနေရာမှ ရုတ်ခြည်းမျက်စိဖွင့်၍ ငုတ်တုတ်ထိုင်လိုက်မိသည်။





မြဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖြည်းဖြည်းချင်း ထကာ လိုဏ်ဂူအပေါက်ဝရှိရာသို့ လျှောက်သွားလေတော့သည်။

# တစ်ဆယ့်ကိုး

ကျွန်ုပ်သည် လိုဏ်ဂူပေါက်ဝမှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

အပြင်ဘက်ကျောက်ဖျာကြီးပေါ်တွင် သူတော်စင် ရသေ့ကြီးသည် သက်သောင့်သက်သာ ထိုင်နေသည်။

ရသေ့ကြီး၏ရှေ့တွင် သစ်သီးသစ်နှံများထည့်ထားသော ငွေလင်ပန်းနှင့်အတူ ပဝါဖြူဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကိုပါ ချ၍ လက်အုပ်ချီလျက် ကန်တော့နေသော ရှိမာဆိုသည့် အတျည်းတန်မကြီးကို မြင်လိုက်ရသည်။

ရှိမာသည် ရသေ့ကြီးအား ကန်တော့ရာမှ ခါးကို ပြန်၍ မတ်လိုက်သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ရှိနေသော ဂူပေါက်ဝသို့ အမှတ်မထင် လှမ်းကြည့်လိုက်သည်။

မမျှော်လင့်ဘဲနှင့် ကျွန်ုပ်အား ရုတ်တရက် မြင်လိုက်ရသောအခါ ပါးစပ်အဟောင်းသားဖြင့် ခေတ္တမျှ အံ့အားသင့်သွားသည်။

သို့ရာတွင် ရှီမာသည် သူမ၏အမူအရာကို ချက်ချင်းပင် ပြန်လည်ထိန်းသိမ်းနိုင်လိုက်သည်။

ကျွန်ုပ် ရှေ့သို့ ဆက်လျှောက်သွားသင့် မသွားသင့် ဝေခွဲမရဖြစ်နေစဉ် ရသေ့ကြီးက ...

"ထွက်လာခဲ့ပါ၊ ဟောဒီဒကာမကြီးနဲ့တွေ့ရင် သင်သိချင်တဲ့အကြောင်းအရာတချို့ကို ပြောပြနိုင်ပါလိမ့်မယ်၊ နောက်ပြီး ဒကာမကြီးနဲ့ပတ်သက်လို့ အရင်ကကြားခဲ့တာတွေဟာ မှန်တယ် မမှန်ဘူးဆိုတာ အဖြေပေါ်လာနိုင်တယ်၊ လာခဲ့ပါ ဒကာ"

ဟူ၍ လှည့်မကြည့်ဘဲ ပြောလိုက်သည်။

ကျွန်ုပ်သည် သူတော်စင်ရသေ့ကြီး၏ရှေ့သို့ လျှောက်သွားခဲ့သည်။ ထို့နောက် ဒူးထောက်ထိုင်ကာ ရသေ့ကြီးဘက်သို့ မျက်နှာမူ၍ ကန်တော့လိုက်သည်။

ကျွန်ုပ်က ဦးခေါင်းအနည်းငယ်မော့လျက် ရသေ့ကြီးအား လက်အုပ်ချီကာ ကြည်ညိုလေးစားစွာ ဖူးမြော်လိုက်သည်။





"အရှင်ပြောလိုက်တဲ့စကားကို တပည့်တော် အင်မတန်စိတ်ဝင်စားပါတယ် ဘုရား၊ တပည့်တော် သိချင်တဲ့အကြောင်းအရာတချို့ကို ဒီအမျိုးသမီးကြီးက ပြောပြနိုင်လိမ့်မယ်ဆိုတာ"

ကျွန်ုပ်၏စကားမဆုံးမီ ကျောက်ဖျာပေါ်တွင် ထိုင်နေသော ရသေ့ကြီးက လက်ဝါးထောင်၍ ရပ်တန့်စေသည်။

"ကျုပ်တို့အနေနဲ့ အဲဒီလူမှုရေးပြဿနာတွေထဲမှာ ဝင်မပါလိုဘူး၊ သင်တို့ဘာသာ တစ်ယောက်နဲ့တစ်ယောက် ပြေပြေလည်လည် ဆက်ဆံပြီး မေးမြန်းကြပေတော့၊ ဒကာမကြီးယူလာတဲ့ စားစရာတွေကို ဟောဒီဒကာအတွက် ကျုပ်စွန့်ခဲ့တယ်၊ ကျွေးလိုက်ပါ၊ ကဲ ... ကျုပ် သွားစရာကိစ္စလေးတွေရှိသေးတယ်၊ သွားလိုက်ဦးမယ်"

သူတော်စင်ကြီးသည် ပြောရင်းဆိုရင်း ထိုင်ရာမှ ထသည်။ ရှေ့မျက်နှာမူရာအရပ်သို့ လျှောက်သွားသည်။

ကျွန်ုပ်က ရသေ့ကြီးအား နောက်ဘက်မှ ဦးသုံးကြိမ်ချလိုက်သည်။

သို့ရာတွင် ရသေ့ကြီးသည် နောက်သို့ တစ်ချက်မှလှည့်မကြည့်ဘဲ ရှေ့သို့ ဆက်လျှောက်နေသည်။

ရှီမာဆိုသောအမျိုးသမီးကြီးကလည်း ကျွန်ုပ်နည်းတူ ရသေ့ကြီးလျှောက်သွားရာသို့ မျက်နှာမူ၍ ကန်တော့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ဦးချကန်တော့ရာမှ ဦးခေါင်းကိုကြွ၍ မော်ကြည့်လိုက်သောအခါ ကျွန်ုပ်တို့၏မြင်ကွင်းထဲတွင် သူတော်စင်ရသေ့ကြီးကို လုံးဝမတွေ့ကြရပါတော့ချေ။

※

ကျွန်ုပ်သည် ရှီမာ၏ညွှန်ပြချက်ဖြင့် မနီးမဝေးတွင်ရှိသော တောင်ကျစမ်းရေတံခွန်ရှိရာသို့ လျှောက်သွား၍ မျက်နှာသစ်ရာတွင် စမ်းရေ၏ လန်းဆန်းသောအထိအတွေ့ကြောင့် တစ်ခါတည်း ရေချိုးလိုက်သည်။

ကျွန်ုပ်ဝတ်ဆင်ထားသော အဝတ်အထည်များကို စမ်းရေတွင် စိမ်၍ လျှော်ဖွပ်ကာ ချုံပေါ်တွင်တင်၍နေလှန်းသည်။ အနည်းငယ်ခြောက်သွေ့သွားသောအခါ ကောက်ယူဝတ်ဆင်လိုက်သည်။

လိုဏ်ဂူရှိရာသို့ ပြန်လျှောက်လာစဉ် ကျွန်ုပ်၏ကိုယ်ငွေ့ဖြင့် ဝတ်ထားသောအဝတ်များ ဖြည်းဖြည်းချင်း ခြောက်သွေ့သွားလေသည်။

လိုဏ်ဂူအပြင်ဘက် ကျောက်ဖျာပေါ်တွင် စားစရာ





သစ်သီးဝလံများသာမက ဖွယ်ဖွယ်ရာရာ မုန့်ပဲသရေစာဖြစ်သော ပေါက်ပေါက်ဆုပ်နှင့် ထန်းလျက်၊ လက်ဖက်ရည်ကြမ်းကရားနှင့် ဝန်းကန်လုံး စသည်တို့ကို အမျိုးသမီးကြီးက ပြင်ဆင်ပေးထားသည်။

လိုဏ်ဂူတွင်းရှိ ဆင်းတုတော်ရှေ့တွင်လည်း အနီးပတ်ဝန်းကျင်မှ တောပန်းအချို့ကိုခူး၍ မြေညောင်ရေအိုးဖြင့် ကပ်လှူပူဇော်ထားသည်။

ထို့ကြောင့် အမျိုးသမီးကြီးယူဆောင်လာသော ပဝါဖြူအထုပ်ထဲတွင် ရသေ့ကြီးအတွက် လိုအပ်သမျှ ပြည့်ပြည့်စုံစုံထည့်ယူဆောင်လာခြင်းဖြစ်ပေလိမ့်မည်။

ကျွန်ုပ်၏အမြင်တွင် ရှီမာ၏ အသွင်သဏ္ဍာန်သည် မာယာနန္ဒီထံ၌ တွေ့ခါစနှင့်မတူဘဲ အကျည်းတန်မှုလျော့ပါးလာသည်ဟု ထင်မိသည်။

သူမ၏စိတ်ရင်းအမှန်ဖြစ်သော စိတ်ကောင်း စေတနာကောင်းများသည် ပေါ်လွင်ထင်ရှားလာသည်နှင့်အမျှ ဥပမိရုပ်သဏ္ဍာန်သည်လည်း လိုက်လျောညီထွေ အဆင်ပြေလာခြင်းဖြစ်တန်ရာသည်။

ရှီမာသည် ကျွန်ုပ်ကို အကဲခတ်နေသည်။ ကျွန်ုပ်က ရှီမာပြင်ဆင်ထားသော စားသောက်ဖွယ်ရာများကို နှစ်သက်စွာ



www.burmeseclassic.com

www.burmeseclassic.com



စားပြီးလျှင် အဆင်သင့်ငှဲ့ထားသော ယေက်ဖက်ရည်ကြမ်းကိုပင် မော့သောက်လိုက်သည်။

"ဆရာတော်အရှင်ရသေ့ကြီး မိန့်ကြားသွားတဲ့အတိုင်း ရှင်သိချင်တာရှိရင် ပွင့်ပွင့်လင်းလင်း မေးပါ၊ ကျွန်မ အမှန်အတိုင်း ဖြေပါ့မယ်"

ရှီမာက ပဏာမ အဖွင့်စကားပြောသည်။

ကျွန်ုပ်က လမ်းပြဝေလုနှင့် ရွာသူကြီးသား မာနရှော်တို့ အကြောင်းကို ပထမဆုံး စုံစမ်းမေးမြန်းကြည့်သည်။

"ကျွန်မဆီမှာခေါ်ထားပြီး စောင့်ရှောက်ကျွေးမွေးထားပါတယ်၊ ပထမ မာနရှော၊ နောက်တော့မှ ဝေလုကိုကယ်ခဲ့ရတာပါ၊ တကယ်လို့သာ မာယာနန္ဒီရဲ့လက်ထဲ ရောက်သွားရင် သွေးဆောင်ဖြားယောင်းပြီး အခိုင်းအစေကျေးကျွန်အဖြစ် ဘဝဆုံးသွားမှာစိုးလို့ပါ ...၊

ပထမ မာနရှောဆိုတဲ့ လူငယ်လေးကို တစ်ကြိမ် နောက်တော့ မောင်ဝေလုကိုတစ်ကြိမ် မာယာနန္ဒီရဲ့ကိုယ်ရံတော် သတ္တဝါကြီးတွေလက်ထဲက ရအောင် ရင်ဆိုင်ပြီးခေါ်ထားလိုက်တာပါ၊ ကျွန်မ သူ့ဆီမှာကျန်တဲ့ လူသားသုံးယောက်ဖြစ်တဲ့ ရှင်တို့ကို လာတောင်းရတာကလည်း သူ့အန္တရာယ်ကြောင့် ဒုက္ခရောက်မှာစိုးလို့ဖြစ်ပါတယ် ...၊





မျက်စိတစ်ဖက်လပ် ကျားအိုကြီးကိုလည်း မာယာနန္ဒီကိုယ်တိုင် ကျားပျိုဘဝကတည်းက နိုင်းစားဖို့ မွေးထားခဲ့တာ ဖြစ်ပါတယ်"

ရှီမာက ပြေပြေပြစ်ပြစ်ရှင်းပြသည်။

"အခုအချိန်မှာ ကျုပ်ရဲ့ညီမတစ်ယောက်လို သံယောဇဉ် ဖြစ်ခဲ့ရတဲ့ နန်းစောဟာ သူ့လက်ထဲမှာ ရှိနေတုန်းပါပဲ၊ အဲဒါ လွန်ခဲ့တဲ့ဘဝတုန်းက မာယာနန္ဒီရဲ့ညီမ တော်တယ်ဆိုပြီး သွေးဆောင်ဖြားယောင်းထားတယ်၊ အဲဒီမိန်းကလေးကို ပြန်ရဖို့အတွက် ကျုပ်တို့ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

ကျွန်ုပ်က ကသောကမျော မေးလိုက်သည်။

ရှီမာက ခေတ္တမျှတွေဝေစဉ်းစားနေသည်။ ကျွန်ုပ်က ဆက်လက်၍ ...

"ရှီမာနဲ့ မာယာနန္ဒီနဲ့ ဘယ်လိုပတ်သက်သလဲဆိုတာ မာယာနန္ဒီပြောပြလို့ ကျုပ်သိထားတယ်၊ ဒါပေမဲ့ မယုံကြည်ပါဘူး။ ရှီမာနဲ့ ဘယ်လိုဖြစ်ခဲ့ကြတာလဲဆိုတာ ရှီမာကိုယ်တိုင် ပြောပြနိုင်မလား"

ကျွန်ုပ်က ရှီမာနှင့်ပတ်သက်သော မာယာနန္ဒီ၏ အကြောင်းကို တူးဆွလိုက်သည်။

"ဖြစ်ပုံက ဒီလိုပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အစချီကာ ရှိမာကို ပြန်သည်ရှင်းပြရန် ကြိုးစား
လိုက်လေသည်။

❋ ❋ ❋

## နစ်ဆယ်

မဟာဝီတာရဘုရင်သည် ညီတော်အိမ်ရှေ့စံ ရှုဠဟာနို
နှင့် စိတ်ဝမ်းကွဲခဲ့သည်။ ထို့ကြောင့် ရှုဠဟာနိုကာအား
သီးရန် ကိုယ်ရံတော်တပ်မှူးဦးဆောင်၍ ရဲမက်များကို စေ
တ်လိုက်သည်။

သို့ရာတွင် ညီတော် ရှုဠဟာနိုကာသည် ဘုရင့်ရဲမက်များ
ရောက်မီကပင် တိမ်းရှောင်ထွက်ပြေးသွားသည်။ ထို့ကြောင့်
မှူးနှင့်ရဲမက်များက ဘုရင်မဟာဝီတာရထံသို့ ပြန်လည်
က်ထားခဲ့ကြသည်။

စင်စစ်အားဖြင့် မဟာဝီတာရလက်အောက်တွင် မရှိမ
သည် ငြိမ်းချမ်းငြိမ်သက်နေသည်။ ပြည်သူပြည်သားတို့သည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရာသီဥတုမျှတသောကြောင့် စပါး၊ ဂျုံ၊ ပဲ၊ ပြောင်း စသောသီးနှံများလည်း ဖွံ့ဖြိုးတိုးတက် ထွက်ရှိသည်။

သို့ရာတွင် အကြံသမား ညီတော်စူဠဟာနိကာသည် တိုင်းပြည်၏ပြင်ပရှိ အခြားနိုင်ငံသားများနှင့်ပူးပေါင်းကာ လူ အင်အား၊ လက်နက်အင်အား စုဆောင်းခဲ့သည်။

အကယ်၍ မဟာဝီတာရဘုရင်ကို နန်းချနိုင်သည်အထိ တိုက်ခိုက်ရာတွင် ပါဝင်အကူအညီပေးခဲ့လျှင် သူ ဘုရင်ဖြစ်သော အခါ ရွှေငွေရတနာများဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်များဖြစ်စေ ပေး၍ ကျေးဇူးဆပ်မည်ဟု ကတိခံဝန်ချက်ပြုခဲ့သည်။

သို့ဖြင့် ညီတော်၏တပ်များသည် တိုင်းတစ်ပါးမှ ကူ သည်များအသွင် ဆင်၊ မြင်း၊ ကုလားအုတ်များဖြင့် မဖွံ့မတိုင်း တစိမ့်စိမ့် ဝင်လာကြသည်။ စည်ကားသော မြို့ပြများတွင် နေရာ ယူကြသည်။ မြို့ပြ၏အောက်ခြေအုပ်ချုပ်သူတို့အား လက်ဆောင် ပဏ္ဏာများ ဖောဖောသီသီပေးကမ်းလျက် စည်းရုံးကြသည်။

နောက်ဆုံးတွင် အစစအရာရာ အခိုင်အမာစီစဉ်ပြီးသော အခါ နောင်တော်ဘုရင်၏ရဲမက်များအား တစ်စ တစ်စ စည်းရုံး လေသည်။ စည်းရုံးရာတွင် မလိုက်နာသူများကို အစဖျောက်ခဲ့ကြ သည်။

ဤနည်းဖြင့် ...





နောင်တော်ဘုရင်၏ စစ်သည်ရဲမက်အင်အား ချို့တဲ့လာ သောအခါ နန်းတော်စောင့်ကိုယ်ရံတော်တပ်သာလျှင် အဓာခံ ကျန်ခဲ့သည်။

ထို့ကြောင့် ညီတော်ဟာနိကာသည် ပြည်ပလူမျိုးခြား များ၏ လက်နက်အင်အား၊ လူအင်အားနှင့် ဒေသခံလူအင်အား ပေါင်းစပ်လျက် ကြီးမားသောထုထည်အင်အားဖြင့် မဟာဝီတာရ ၏ နန်းမြို့တော်ကို အပြင်းအထန် တိုက်ခိုက်လေတော့သည်။

နောင်တော်ဘုရင်၏ ကိုယ်ရံတော်တပ်များနှင့် ရင်ဆိုင် တိုက်ပွဲတွင် ရက်စက်စွာ သတ်ဖြတ်နှိပ်ကွပ်သည်။

သူ၏ကိုယ်ရံတော်တပ်များ အရေးမလှတော့ကြောင်း တပ်မှူးငယ်မဟိန္ဒက သတင်းပို့လာသောအခါ ...

"ကောင်းပြီ ... ဟာနိကာကို အကြောင်းကြားလိုက်၊ သူ တကယ်တမ်း သတ္တိရှိသူဖြစ်ခဲ့လျှင် ငါနှင့်စီးချင်းထိုးမည်၊ နိုင်သူ ထီးမွေနန်းမွေ ဆက်ခံစတမ်းလို့"

ဟူ၍ အကြောင်းကြားလိုက်သည်။

ထိုအတောအတွင်း ဘုရင်မဟာဝီတာရသည် သူ၏ နန်းမတော်မိဖုရားကြီးနှင့် တစ်ဦးတည်းသောသမီးတော် ရှိမာ ဝီတာရကို အဖိုးထိုက်အဖိုးတန် နန်းစဉ်ရတနာများအပါအဝင် လိုအပ်သော စားနပ်ရိက္ခာ အဝတ်အထည်နှင့် ပစ္စည်းပစ္စယများ



www.burmeseclassic.com

www.burmeseclassic.com



ကိုသယ်ဆောင်၍ နန်းတော်မြေတိုက်ခန်းမှတစ်ဆင့် မြို့ရိုးအပြင်အထိ ပေါက်ရောက်သော မြေအောက်ဥမင်လိုဏ်ခေါင်းမှ ထွက်ရန် အမိန့်ပေးသည်။

ယုံကြည်စိတ်ချရသော ကိုယ်ရံတော်တပ်မှူးမဟိန္ဒနှင့် အထိန်းတော်ကြီး မာနန္ဒီကိုလည်း မိဖုရားကြီးနှင့် သမီးတော်လေး အစောင့်အရှောက်အဖြစ် တာဝန်ပေးလိုက်သည်။

နန်းမတော်မိဖုရားကြီးသည် ဘုရင်မဟာဝီတာရနှင့် သေအတူရှင်မကွာ နေလိုကြောင်း လျှောက်ထားသေးသည်။ သို့ရာတွင် ...

"မိဖုရားကြီး ... သင်ဟာ ငါကိုယ်တော်မြတ် ဘုရင်အဖြစ်မှ အဆင့်နိမ့်ကျတဲ့ဘဝကို မရောက်ခင်ကတည်းက ငါ့အမိန့်ကို မနာခံချင်တော့ဘူးလား၊ ဘုရင့်အမိန့်ကို ဖီဆန်သူမှန်သမျှကို အခုလို အရေးပေါ်အချိန်မှာ ပြင်းပြင်းထန်ထန် ပြစ်ဒဏ်စီရင်ဖို့ သန္နိဋ္ဌာန်ချထားတယ်၊ ငါ့အမိန့်ကို လိုက်နာမလား။ ဒါမှမဟုတ် သင်နဲ့သမီးတော်လေးကို အမိန့်မနာခံတဲ့အတွက် အခုချက်ချင်း ကွပ်မျက်တာခံမလား ... သင် ကြိုက်ရာလမ်းကို အမြန်ဆုံးရွေးချယ်ပေတော့၊ အချိန်များများစားစား မရှိတော့ဘူး"

ဘုရင် မဟာဝီတာရက ပြတ်သားတင်းမာစွာ ပြောလိုက်သည်။





မိဖုရားကြီးသည် ခေတ္တမျှစဉ်းစားပြီးနောက် ဘုရင့်အမိန့်ကို အကြွင်းမဲ့လက်ခံလိုက်လေသည်။ ထို့နောက် ၁၆ နှစ်သမီးအရွယ် အပျိုဖော်ဝင်စမျှသာရှိသေးသော သမီးလေးရှိမာဝီတာရကို ပွေ့ချီလိုက်သည်။

ထိုအခိုက်အတန့်တွင် အထိန်းတော်ကြီးမာနန္ဒီသည် သူ့မေါ်သမီးငယ် မာယာကိုပါ ခေါ်ဆောင်သွားလိုကြောင်း ဘုရင်ထံ ခွင့်ပန်သည်။

"သင်က မုဆိုးမဖြစ်တဲ့အတွက် သင့်သမီးငယ်ကို ကြည့်ရှုစောင့်ရှောက်မယ့်သူမရှိလို့ ခေါ်သွားမှဖြစ်မယ်၊ ဟုတ်ပြီ၊ ငါ သဘောပေါက်တယ်၊ ခေါ်သွားခွင့်ပြုတယ်၊ ငါ့သမီးတော်ရှိမာဝီတာရနဲ့လည်း အဖော်ရတာပေါ့၊ ကဲ ... အချိန်မရှိဘူး အစည်းဝေးထုပ်ပိုးပြီးရင် သွားကြပေတော့"

ဟုပြောပြီးလျှင် ဘုရင်ဝီတာရက နောက်ဆုံးစကားအနေနှင့် ...

"တကယ်လို့ ငါနဲ့ညီတော်ဟာနိကာတို့ စီးချင်းထိုးရာမှာ ငါက နိုင်ခဲ့ရင် မင်းတို့ရှိရာကို မြင်းသည်တော်စေလွှတ်ပြီး အခေါ်ခိုင်းလိုက်မယ်၊ အချိန်တန်လို့မှ မင်းတို့ဆီကို မြင်းသည်တော်စေလွှတ်နိုင်ဘူးဆိုရင်တော့ တတ်နိုင်သမျှ အမြန်ဆုံးနည်းလမ်းနဲ့ တောင်တန်းဒေသရောက်တဲ့တိုင်အောင် ပြေးကြပေတော့၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းထောက်မရင် ငါ့ရဲ့ဆရာ အရှင်သူမြတ်ဖြစ်တဲ့ ဖြုပ္ပဏာနဲ့ တွေ့ကြလိမ့်မယ်''

ဟူ၍ ပြောလိုက်သည်။

ထို့နောက် နန်းမတော်မိဖုရားကြီး၏ ရင်ခွင်ထဲတွင် သိမ်းဖက်ထားသော သမီးတော်လေး ရှိမာဝီတာရ၏နဖူးပြင်ကို ဘုရင်ဝိတာရက တရှိုက်မက်မက် နမ်းရှုပ်လိုက်လေသည်။

မိဖုရားကြီးသည် ထိုဖြစ်ရပ်ကိုကြည့်၍ စိတ်မထိန်းနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေးရှာလေသည်။

* * *

## နှစ်ဆယ့်တစ်

ဘုရင်မဟာဝိဟာရသည် ညီတော်စူဠဟာနိကာနှင့် ရဲရဲတွတ်တွတ် မျက်နှာချင်းဆိုင် မြင်းကိုယ်စီဖြင့်ဒုန်းစိုင်းကာ မြင်းချင်း ဘေးတိုက်ယှဉ်မိသည်နှင့်တစ်ပြိုင်နက် တစ်ယောက်နှင့်တစ်ယောက် ဓားလွတ်ဖြင့် အပြင်းအထန် ခုတ်ပိုင်းကြသည်။

အသက်ချင်းယှဉ်ရသောပွဲဖြစ်၍ ညီအစ်ကိုချင်းဖြစ်သော်လည်း တစ်ယောက်ကိုတစ်ယောက် လုံးဝ အလျှော့မပေး၊ မျက်ခြည်မပြတ်၊ မျက်တောင်မခတ် ရေကုန်ရေခန်းတိုက်ခိုက်ကြသည်။ ဓားသွားချင်းတွေ့ထိသံ၊ အသက်ပြင်းပြင်းရှူရှိုက်သံ၊ မြင်းခွာသံများ၊ မြင်းနှာခေါင်းမှလေမှုတ်သံ စသည်တို့ကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နှင့်အိမ်ရှေ့စံတို့၏ စီးချင်းထိုးပွဲကို သတ်ကွင်း၏ အောနှတ်ခမ်းသတ်ရှိ နန်းတွင်းသူနန်းတွင်းသားများ၊ မှူးမတ်စစ်သည်ဗိုလ်ပါများနှင့် အရာထမ်း အမှုထမ်းများက စိတ်အားထက်သန်စွာ တိတ်ဆိတ်ငြိမ်သက်လျက် ကြည့်ရှုနေကြသည်။

သူတို့အနေနှင့် ဘုရင်ဘက်မှဖြစ်စေ၊ အိမ်ရှေ့စံ ကိုယ်တော်လေးဘက်မှဖြစ်စေ အားပေးသောသြဘာသံကို လုံးဝမပြုရဲကြပါချေ။

အဘယ်ကြောင့်ဆိုသော် အကယ်၍ ဘုရင်မဟာဝီတာရဘက်မှ အားပေးခဲ့လျှင် ညီတော် စူဠဟာနိကာနိုင်ခဲ့ပါက ထိုအားပေးသူများအတွက် အသက်အန္တရာယ် ဖြစ်စေနိုင်သည်။

ထိုနည်းတူ ညီတော်အိမ်ရှေ့စံဘက်မှ အားပေးခဲ့လျှင်လည်း ဘုရင်မဟာဝီတရနိုင်ခဲ့သော် ထိုကဲ့သို့ အားပေးသူများသည် သေလမ်းသို့ မလွဲမသွေ ရောက်သွားနိုင်သည်။

ထိုကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် အကြိတ်အနယ် အနိုင်မခံ အရှုံးမပေး သူသေကိုယ်သေ အပြိုင်ကြဲနေသည်မှာ အချိန်ကြာမြင့်လာသော်လည်း မည်သူမှ အသာစီးမရနိုင်ပါချေ။ တစ်စ တစ်စ ခြေကုန်လက်ပန်းကျရန် နီးလာပြီး တစ်ယောက်နှင့်တစ်ယောက် လက်ရည်တူနေကြသည်။

ထိုအခိုက်အတန့်တွင် ...





မမျှော်လင့်သောဖြစ်ရပ်တစ်ခုက အမှတ်မထင် ဖြစ်ပေါ်သွားသည်။ မျက်စိရှင်ရှင်ဖြင့် ကြည့်လိုက်သူမှသာ မြင်တွေ့နိုင်သည်ဖြစ်သည်။

သေးမွှားသောအရာလေးတစ်ခုသည် ကြည့်ရှုသူ ပရိသတ်ထဲမှ လှစ်ခနဲ လျှပ်တစ်ပြက် ထွက်ခွာသွားသည်။

အပြာရောင်မိုးကောင်းကင်တွင် ဆွတ်ဆွတ်ဖြူ တိမ်တိုက်များ ရှိနေသောကြောင့်တစ်ကြောင်း၊ လှုပ်ရှားမှု မြန်ဆန်ခြင်းကြောင့်တစ်ကြောင်း မျက်စိရှင်သူတစ်ယောက် နှစ်ယောက်မှအပ ပရိသတ်အများက သတိမမူမိကြပါချေ။

ထိုအရာသည် လက်နှစ်ဆစ်သာသာမျှ ရှိသည်။ လေအဟုန်ကို လျှင်မြန်သွက်လက်စွာဖြတ်သန်း၍ ဘုရင် မဟာဝီတာရ၏ လက်ဝဲဘက်လည်တိုင်ကို ထိမှန်စူးဝင်သွားသည်။

ထိုအခိုက်အတန့်မှအစပြု၍ ဘုရင်၏လှုပ်ရှားမှုများသည် ရုတ်ထက် သိသိသာသာကြီး နှေးကွေးလာသည်။

ဘုရင်၏ ကိုယ်ရံတော်တပ်မှူးရဲမက်တစ်ဦးက ပရိသတ်ထဲမှ လှမ်းကြည့်နေခိုက် ...

"အိမ်ရှေ့စံကိုယ်တော်လေးရဲ့ ဘက်တော်သားထဲက တစ်ယောက်ယောက် သစ္စာဖောက်ပြီး အဆိပ်ဆူးနဲ့ပစ်လိုက်လို့ ဘုရင့်လည်တိုင်ကို ထိသွားတယ်၊ ဘုရင် မူးဝေနေပြီ ဒါ တရား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ယှဉ်ပြိုင်တဲ့ပွဲ မဟုတ်ဘူး၊ ရပ်လိုက်ပါတော့၊ ရပ်လိုက်ပါတော့၊ တာဝန်ရှိသူတစ်ယောက်က စီးချင်းထိုးပွဲကို ရပ်တန့်ပေးပါ''

ဟူ၍ ကျယ်လောင်စွာ အော်ဟစ်တိုက်တွန်းသည်။

သို့ရာတွင် သူ့စကားကို မည်သူတစ်ဦးတစ်ယောက်ကမှ အရေးတယူ ဂရုမထားကြပါချေ။

''သတ်လိုက် သတ်လိုက်တော့၊ ဝီတာရကို ထာဝရ အနားပေးလိုက်တော့''

ဟူသော ညီတော်ဟာနိကာ၏ဘက်တော်သားများထံမှ ထွက်ပေါ်လာသောအသံများက သားသတ်ကွင်းဝန်းကျင်တစ်ခုလုံး ဖုံးအုပ်လွှမ်းခြုံသွားသည်။

ဘုရင်ဝီတာရသည် သူ၏ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ သို့ရာတွင် သူ၏မြင်ကွင်းတစ်ခုလုံး ဝေဝါးလာသည်။ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့။

သူ့နားထဲတွင် ကြားနေရသော ပတ်ဝန်းကျင်အသံများသည် တစ်စ တစ်စ သူနှင့်ဝေးရာသို့ ရောက်ရှိသွားသည်ဟူ၍ ထင်မိသည်။

နောက်ဆုံးအချိန်တွင် ဘုရင်ဝီတာရသည် သူ၏နန်းတော် မိဖုရားကြီးနှင့်သမီးငယ်ကို မြင်ယောင်မိသည်။





''မင်းတို့ဆီကို မြင်းသည်တော်မလွှတ်နိုင်တော့ဘူး။ ဒါကြောင့် ငါကိုယ်တိုင် လိုက်လာခဲ့ပါတော့မယ်ကွယ်''

ဟူ၍ သူ၏စိတ်တွင်းမှ ပြောလိုက်မိသည်။

ထိုသို့ အသံမထွက်ဘဲ ရွတ်ဆိုပြောလိုက်ပြီးသောအခါ သူ့စိတ်ကို လုံးလုံးလျားလျား လျှော့လိုက်သည်။ လက်ထဲမှဓားနှင့် ရှေ့ဆင့်နောက်ဆင့် မြင်းပေါ်မှ သူ့ခန္ဓာကိုယ်ကြီးသည် မြေပြင်ပေါ်သို့ အရှိန်အဟုန်ဖြင့် ပစ်ကျသွားသည်။ လည်တိုင်တွင် တန်းလန်းဖြစ်နေသော မြားဆူးသည် မြေပြင်ပေါ်သို့ ပြုတ်ကျလွင့်စဉ်သွားလေပြီ။

အသက်ဝိညာဉ်ကင်းမဲ့နေသော မဟာဝီတာရ၏ ခန္ဓာကိုယ်ကြီးသည် သတ်ကွင်းအလယ်ကောင်ရှိ မြေပြင်ပေါ်တွင် ခွေခေါက်လျက် မှောက်လျက်သားအနေအထားဖြင့် မြေပြင်နှင့် တစ်သားတည်း ထိကပ်နေလေသည်။

''အောင်ပြီ အောင်ပြီ၊ ငါ အနိုင်ရပြီ''

ညီတော် ရှူဌဟာနိကာသည် မြင်းကျောပေါ်တွင် ခါးကို ဆန့်၍ ကိုယ်ကိုကြွလိုက်သည်။ ဓားကိုင်ထားသောညာလက်ကို အထက်သို့ ကြွမြှောက်လျက် အားရပါးရ အော်ဟစ်ကြွေးဝါးလိုက်သည်။

သူနှင့်သူ၏နောင်တော် တိုက်ခိုက်နေသည့်အချိန်ကာလ



www.burmeseclassic.com

www.burmeseclassic.com



တွင် မိမိကြိုတင်ညွှန်ကြားထားချက်အရ ဘက်တော်သားတစ်ဦးက ဆိပ်လူးမြားငယ်ဖြင့် ပစ်လွှတ်လိုက်သည်။ ထိုမြားငယ်သည် နောင်တော်၏လည်တိုင်တွင် စူးဝင်ပြီးသည့်နောက် နောင်တော်၏ လှုပ်ရှားမှုများသည် ယခင်ကအတိုင်း သွက်လက်ခြင်းမရှိ ပကတိ နှေးကွေးလာသည်ကို သေချာသတိပြုမိသည်။

ထိုအချိန်ကတည်းက သူ့အနေနှင့် စောစောစီးစီး ပွဲသိမ်းလိုက်လျှင် ရသည်။ သို့ရာတွင် သူက တမင်သက်သက် အချိန်ဆွဲ၍ မထိတထိလုပ်နေသည်။ သူ့အစာဖြစ်သောကြွက်ငယ်ကို အသေမသတ်မီ ဆော့ကစားနေသော သဘောမျိုးဖြစ်သည်။

သူ့ကို စီးချင်းထိုးရန် စတင်ကမ်းလှမ်းဖိတ်ခေါ်ခဲ့သော သူ့နောင်တော်၏ သိက္ခာကျဆင်းနေသည်ကို အရသာခံ၍ ကြည့်ရဦးမည်။

နောက်ဆုံးတွင် လွှတ်ကျသောဓားနှင့်အတူ မြင်းပေါ်မှ တလိမ့်ခေါက်ကွေးကျသွားသည်ကို မြင်လိုက်ရသည်။ ထိုအခါကျမှ စူဠမာနိကာသည် ဓားကိုင်ထားသော ညာလက်ကို မြှောက်လျက် အားရပါးရ ဝမ်းခေါင်းသံကြီးဖြင့် ဟစ်ကြွေးလိုက်သည်။

ထိုအချိန်မှစ၍ စူဠမာနိကာသည် မဖ္စုမတိုင်း၏ အရှင်သခင် ဘုရင်ဖြစ်လေပြီ။

***

## နှစ်ဆယ့်နှစ်

“ဖခမည်းတော်ဘုရား နတ်ရွာစံကြောင်း ကြားသိလိုက်ချိန်မှာ မယ်မယ်ဖုရားက အကြီးအကျယ် စိတ်ထိခိုက်ပြီး နှလုံးချာဝါ ဖြစ်ခဲ့ရတယ် ...။

အဲဒီအချိန်ကစပြီး တပ်မှူးငယ်မဟိန္ဒဟာ ကျွန်မတို့ကို ဆောဒီတောင်တန်းဒေသရှိရာအထိ ခေါ်ဆောင်ခဲ့တယ်၊ လမ်းသလျှောက်လုံး ထီးမူနန်းဟန်တွေ၊ လုံးလုံးလျားလျားပျောက်အောင် သာမန်ကျေးလက်တောသူ မိလက္ခုအသွင်သဏ္ဌာန်မျိုးအောင် ဖန်တီးသင်ကြားခဲ့တယ်၊ ကျွန်မနာမည်ကိုတောင်မှ ည်းတော်ရဲ့နာမည် ဝိတာရကိုဖျောက်ပြီး ရှိမာလို့ပဲ တွင်စေသယ် ...။



www.burmeseclassic.com

www.burmeseclassic.com



မယ်တော်ဟာ တောင်တန်းဒေသရှိရာကို ရောက်က တည်းက နှလုံးရောဂါဟာ ပိုမိုသည်းထန်လာခဲ့တယ်၊ တောင်ပေါ် လိုဏ်ဂူထဲမှာ ညအချိန်ဟာ အမြဲစိမ့်မြနေတာပဲ၊ အဲဒီလိုဏ်ဂူကို ရောက်ပြီး နောက်တစ်ည အထဲမှာ မီးလှုံနေတဲ့မယ်တော်ဟာ အပြင်ဘက်ကို စူးစူးရဲရဲကြည့်ပြီး ...

"မောင်တော်ဘုရား မောင်တော်ဘုရား လိုက်လာတယ် ဟုတ်စ၊ လာလေ ... ဝင်ခဲ့လေ၊ ဘာဖြစ်လို့ အပြင်ဘက်မှာ ရပ်နေတာလဲ မောင်တော်၊ နှမတော်ကိုယ်တိုင် ကြိုဆိုရမယ် ... ဟုတ်လား"

လို့ ပြောပြောဆိုဆိုနဲ့ လိုဏ်ဂူထဲက ပြေးပြေးထွက်သွား တယ်၊ ကျွန်မတို့လည်း အကြီးအကျယ် အံ့သြပြီးဝမ်းသာနေကြ တယ်၊ လိုဏ်ဂူထဲကို မယ်တော်နဲ့အတူ ဝင်လာတော့မယ့် ခမည်း တော်ကို ကြိုဆိုဖို့ အသင့်စောင့်နေကြတာပေါ့ရှင်"

ရှီမာက စကားကို ခေတ္တရပ်လိုက်သည်။

❋

အပြင်ဘက်တွင် ပိန်းပိတ်အောင် မှောင်မည်းနေသည်





လကွယ်ည သန်းခေါင်ယံဖြစ်သောကြောင့် နက်ပြာရောင် မိုး ကောင်းကင်တွင် ငွေကြယ်စိန်ပွင့်တို့ တဖျတ်ဖျတ် လက်နေကြ သည်။

"မယ်တော်နဲ့ခမည်းတော် ဂူထဲမဝင်ဘဲ အပြင်ဘက် မှောင်ထဲမှာ ဘာဖြစ်နေကြတာလဲ"

ရှီမာက မေးလိုက်သည်။

"ဟုတ်တယ်၊ တကယ်ဆိုရင် အရှင်မင်းကြီးနဲ့ နန်းမ တော်တို့ ဝင်မလာဘဲ တစ်ခုခု ထူးထူးခြားခြား နှစ်ယောက်ချင်း တိုင်ပင်စရာအကြောင်းကိစ္စ ရှိနေပြီထင်တယ်"

တစ်မျိုးငယ်မဟိန္ဒက ဖဝေဖဝါမှတ်ချက်ချသည်။

"ဒါဆို အရှင်မင်းကြီး ခရီးပန်းလာလို့ ဆာနေမှာပဲ၊ စားစရာတစ်ခုခု ကြိုတင်ပြင်ဆင်ထားမှ ဖြစ်လိမ့်မယ်ထင်တယ်၊ လောလောဆယ် ဆတ်သားခြောက် မီးဖုတ်ဆီဆမ်းပြီး အဖန်ရည် နဲ့ဆိုရင် နည်းနည်းတော့ အဆာပြေမယ်ထင်ပါရဲ့"

အထိန်းတော်ကြီး မာနန္ဒီက ပြောပြောဆိုဆိုနှင့် ဆတ် သားခြောက်တစ်မျှင်ကို မီးကင်ရန်ပြင်ဆင်သည်။ မာနန္ဒီ၏သမီး မာယာသည် မီးပုံဘေးတွင် ခွေခွေကလေး အိပ်မောကျနေသည်။

"မောင်တော်ဘုရားက ကျွန်တော်မျိုးမနဲ့ သမီးတော်ကို လာခေါ်တာ ... ဟုတ်လား၊ ဒါဆိုရင် တစ်မျိုးလေးနဲ့ မာနန္ဒီတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ရော ဘယ်လိုစီစဉ်မှာလဲ၊ အတူတူလာခဲ့ကြတဲ့လူချင်း သူတို့ချည်းခွဲထားပစ်ခဲ့လို့ သင့်လျော်ပါ့မလား မောင်တော်''

နန်းမတော်၏အသံကို ဂူထဲမှ ကြားလိုက်ကြရသည်။ တပ်မှူးငယ်မဟိန္ဒနှင့် အထိန်းတော်ကြီးမာနန္ဒီတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မျက်နှာညှိုးငယ်သွားကြသည်။

''ဟာ . . . အဲဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ၊ ခမည်းတော်ကို သမီးကိုယ်တိုင် သွားခေါ်လာခဲ့မယ်၊ လိုဏ်ဂူထဲကျမှ အားလုံးစုပေါင်းပြီး ပြေပြေလည်လည် တိုင်ပင်ဆွေးနွေးကြမှ ကောင်းမှာပေါ့''

သမီးတော်ရှိမာက ဆယ်ကျော်သက်အရွယ် ငယ်ငယ်ရွယ်ရွယ်နှင့် စကားပြောလျှင် အချက်ကျကျ ပြောတတ်သူဖြစ်သည်။ ထို့ကြောင့် ရှိမာအား လွန်ခဲ့သောဘဝက လူကြီးအဖြစ်နှင့်သေဆုံးခဲ့ပြီး ဤဘဝတွင် ကလေးအဖြစ် ထပ်မံမွေးဖွားရောက်ရှိလာသူဟူ၍ နန်းတွင်းသူနန်းတွင်းသားများက ကောက်ချက်ချလေ့ရှိခဲ့ကြသည်။

ရှိမာသည် ခမည်းတော်နှင့် မယ်တော်တို့ကိုခေါ်ရန်ဟူ၍ လိုဏ်ဂူထဲမှ တစ်ယောက်တည်းထွက်သွားသည်။ တပ်မှူးငယ်မဟိန္ဒနှင့် အထိန်းတော်ကြီး မာနန္ဒီတို့က ရှိမာအား တားလည်းမတား တိုက်တွန်းခြင်းလည်းမပြုခဲ့။





မာနန္ဒီသည် အိပ်မောကျနေသော သမီးငယ်မာယာ၏ဦးခေါင်းကို အသာအယာပွတ်ပေးနေသည်။ ထိုအခိုက်အတန့်တွင်

''မယ်တော်ဘုရား . . . မယ်တော် ဘယ်လိုဖြစ်တာလဲ၊ ဟောဒီမှာ လာကြပါဦး''

ဟူသော ရှိမာ၏အသံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် တပ်မှူးငယ်မဟိန္ဒက ထိုင်ရာမှ ဝုန်းခနဲခုန်ထကာ အသင့်ရှိသော ကညင်ဆီမီးတုတ်တစ်ခု ထွန်းညှိလိုက်ပြီးနောက် လိုဏ်ဂူထဲမှ ပြေးထွက်သွားသည်။ လိုဏ်ဂူပြင်ဘက်အမှောင်ထဲတွင် ဖြူရော်ရော်သဏ္ဍာန်ကြီးတစ်ခုက နန်းမတော်၏လည်ပင်းကို ညှစ်နေသည်ကို မီးတုတ်မှအလင်းရောင်ဖြင့် မြင်လိုက်ရသည်။ ရှိမာသည် ထိုသဏ္ဍာန်ကြီး၏ ခန္ဓာကိုယ်ကို သစ်ကိုင်းခြောက်တစ်ချဖြင့် တဖြတ်ဖြတ် ရိုက်လျက် . . .

''မယ်တော်ကို လွှတ်ပါ၊ အခုချက်ချင်းလွှတ်ပါ''

ဟူ၍ အော်ဟစ်ငိုယိုပြောဆိုနေသည်။ တပ်မှူးငယ်မဟိန္ဒက မီးတုတ်ကြီးဖြင့် ဖြူဖြူသဏ္ဍာန်ကြီး၏မျက်နှာနှင့် ဦးခေါင်းကို ဆက်တိုက်ဝင်ရိုက်သည်။ ထိုသဏ္ဍာန်ကြီးသည် မိဖုရားကြီး၏လည်ပင်းကို ညှစ်နေသော လက်နှစ်ဖက်ကို လွှတ်လိုက်ပြီး သူ၏မျက်နှာနှင့် ဦးခေါင်းကို မီးလျှံများနှင့် မထိစေရန် လက်နှစ်ဖက်ဖြင့် အသည်းအသန် ကာကွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်ကြီးက လွှတ်ချလိုက်သော မိဖုရားကြီးသည် မြေပေါ်သို့ ခွေခနဲပစ်ကျသွားသည်။ အသက်ဇီဝိန် ကြွေရှာလေပြီ။

ဖြူဖြူသဏ္ဍာန်ကြီးသည် ရှေ့သို့ခုန်တိုး၍ တပ်မှူးငယ်အား ပြင်းထန်စွာ ဆောင့်တွန်းလိုက်သည်။ ဆက်တိုက်လှုပ်ရှား အဖြစ် သူ့ကိုယ်ကို တဖျတ်ဖျတ်ရိုက်နေသော ရှိမာ၏ညာလက်ကို ဆွဲ၍ ဒရွတ်တိုက်ခေါ်သွားသည်။

ဆောင့်တွန်းခံရသောတပ်မှူးငယ်သည် ကျောက်လိုဏ်ဂူ၏အပြင်ဘက် ကျောက်သားနံရံနှင့် ဦးခေါင်းတို့ရိုက်မိပြီး လဲကျ ငြိမ်သက်သွားသည်။ အက်ကွဲသွားသော ဦးခေါင်းမှသွေးများ တသွင်သွင်စီးဆင်းနေသည်။

အမှောင်ထဲသို့ ဒရွတ်တိုက်ဆွဲခေါ်သွားခြင်းခံလိုက်ရ သော ရှိမာသည် အထိတ်တလန့်ဖြင့် ငယ်သံပါအောင် အဆက် မပြတ် အော်ဟစ်လျက် လိုက်ပါသွားသည်။ ထိုသဏ္ဍာန်ကြီးသည် ကမ်းပါးယံထိပ်သို့ရောက်သောအခါ ရုတ်တရက် ပစ်ချခြင်း ခံ လိုက်ရသည်။

ချောက်ကမ်းပါး၏အမြင့်သည် ဝါးတစ်ပြန်သာသာမြင့် သည်။ အောက်ခြေသို့ ဒရဟောကျသွားသော ရှိမာ၏အသံသည် ရုတ်တရက်ချက်ချင်း တိတ်သွားသည်။

လောလောဆယ်အားဖြင့် လိုဏ်ဂူ၏အပြင်ဘက်တွင်





အသက်ဇီဝိန်ကြွေနေသော နန်းမတော်မိဖုရားကြီးနှင့် မလှမ်း မကမ်း၌ ဦးခေါင်းဝန်းကျင်မှ သွေးများထွက်နေသော တပ်မှူးငယ် သည် သူ့တစ်ကိုယ်လုံးတွင် နောက်ထပ်ထွက်စရာသွေးတစ်စ မကျန်တော့သောအခါ သွေးထွက်ခြင်း ရပ်တန့်သွားသည်။ ထို နည်းတူ သူ၏အသက်ရှူခြင်းသည်လည်း ရပ်တန့်နေလေပြီ။

လိုဏ်ဂူပေါက်ဝတွင် တစ်ယောက်တည်း ငုတ်တုတ်ထိုင် ၍ ကြောင်နေသော အထိန်းတော်ကြီးမာနန္ဒီသည် သက်မဲ့မိဖုရား ကြီးနှင့် တပ်မှူးငယ်တို့ကို ဘာလုပ်ရမှန်းမသိဘဲ ငေးကြည့်နေ သည်။

အထိန်းတော်ကြီး၏မြင်ကွင်းထဲတွင် ရှိမာကိုလည်း လုံးဝ မတွေ့ရ။ အခြားလှုပ်ရှားမှုဟူ၍ မရှိ။ ပကတိ ငြိမ်သက်ခြင်း၊ တိတ်ဆိတ်ခြင်း၊ မှောင်မိုက်ခြင်းတို့သာ မင်းမူနေကြသည်။

အကယ်၍သာ စောစောက ဖြူရော်ရော်သဏ္ဍာန်ကြီး ထပ်မံရောက်ရှိလာပြီး သူမကိုပါ ရန်မူပါက ဘာမှတတ်နိုင်မည် မဟုတ်။ ငုတ်တုတ်အသေခံရမည့်အခြေအနေမျိုး ဖြစ်နေသည်။ လိုဏ်ဂူတွင်းရှိ မီးပုံနံဘေးတွင် အထိန်းတော်ကြီး၏သမီးဖြစ်သူ မာယာတစ်ယောက်သာလျှင် အပူအပင်ကင်းမဲ့စွာ နှစ်နှစ်ခြိုက် ခြိုက် အိပ်မောကျနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ့်သုံး

နောက်တစ်နေ့ နံနက်မိုးသောက်အလင်းရောက်ခဲ့လေပြီ။

အထိန်းတော်ကြီး မာနန္ဒီသည် ဆယ်နှစ်ရွယ်သမီးငယ် မာယာနှင့်အတူ လိုဏ်ဂူတွင်ထိုင်၍ အနားယူအပန်းဖြေနေလေသည်။

မကြာသေးမီက လိုဏ်ဂူနှင့်ခပ်လှမ်းလှမ်းတွင် မြေတွင်းနစ်တွင်းကို မာနန္ဒီတစ်ယောက်တည်း ပင်ပန်းကြီးစွာ တူးခဲ့သည်။ ထိုတွင်းတစ်ခုစီတွင် မိဖုရားကြီးနှင့်တပ်မှူးလေးတို့ကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရသောကြောင့် အကြီးအကျယ် ပင်ပန်းနွမ်းနယ်နေလေပြီ။





သမီးငယ်မာယာသည် သူမအတွက် အားကိုးအားထားပြုနိုင်လောက်သောအရွယ် မဟုတ်သေး။ အပျိုဖော်ဝင်စ အရွယ်သာသာ ဖြစ်နေသည်။

မာယာ၏ ကစားဖော်ကစားဖက် သမီးတော်လေး ရှိမာကိုလည်း အရိပ်အယောင်မျှ မတွေ့ရ။ အမေနှင့်သမီးနှစ်ယောက်တည်းသာ တစ်ဦးကိုတစ်ဦး အဖော်ပြုနေကြရသည်။

တစ်ဖန် မာနန္ဒီတို့သားအမိနှစ်ယောက်ထံတွင် သူတို့တစ်သက်တာပတ်လုံး မတောင့်မတ မကြောင့်မကြ သုံးမကုန်ဖြုန်းမကုန် ရွှေငွေကျောက်သံပတ္တမြား၊ အဖိုးထိုက်အဖိုးတန်သိန်းသန်းကုဋေမက တန်ကြေးရှိသော နန်းစဉ်ရတနာများ အစုလိုက်အပုံလိုက် ထုပ်ထုပ်ထည်ထည် ရှိနေသည်။

သို့ရာတွင် ထိုမှုများပြားလှသော နန်းစဉ်ရတနာများကို ဆုပ်ခွဲရောင်းချသုံးစွဲရန်ထက် မိမိထံတွင် ထိုနန်းစဉ်ရတနာများရှိနေသည်ကို တစ်စုံတစ်ယောက်သိသွားမှာကိုပင် စိုးရိမ်ကြောင့်ကြ သောကဗျာပါဒ ဖြစ်နေရသည်။

အကယ်၍ လူစိမ်းတစ်စုံတစ်ယောက် သိသွားလျှင် မိမိတို့ကို သတ်၍ နန်းစဉ်ရတနာများကို အပိုင်စီးသွားနိုင်သည်။

သို့တည်းမဟုတ် ...

နတ်ရှာစံဘုရင်ကြီး မဟာဝီတာရနှင့် ပတ်သက်၍ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဓေ၊ ဘုရင်ကြီး၏ထီးနန်းကို ဆက်ခံစိုးစံနေသော ဘုရင်သစ် ရှုဒ္ဒဟာနိကာ၏ဘက်တော်သားတစ်ယောက်ယောက်ဖြစ်စေ မိမိထုခွဲရောင်းချလိုက်သည့် နန်းစဉ်ရတနာတစ်ခုခုမှတစ်ဆင့် သဲလွန်စခြေရာခံ၍ လိုက်လာခဲ့သော် လက်ရှိ ကြုံတွေ့ရသော ဖြစ်ရပ်အမှန်ကို တိတိကျကျ၊ ပြည့်ပြည့်စုံစုံ၊ မှန်မှန်ကန်ကန် ပြောပြသော်လည်း မည်သူကမှ လက်ခံကြမည်မဟုတ်ပါချေ။

မိဖုရားကြီးနှင့် တပ်မှူးလေးတို့ကို မိမိက ကောက်ကျစ်စဉ်းလဲစွာ တစ်နည်းနည်းဖြင့် လုပ်ကြံသတ်ဖြတ်၍ အပိုင်စီးခြင်း ဖြစ်ကြောင်း မလွဲမသွေ ဆုံးဖြတ်ကြမည်သာ ဖြစ်သည်။

ထိုအခါ မိမိသည် 'မြွေပါလည်းဆုံး သားလည်းဆုံး' ရသော ပုံပြင်ထဲကအတိုင်း ယူကျုံးမရဖြစ်ရမည်သာတည်း။

သိန်းသန်းကုဋေပေါင်းများစွာ တန်ဖိုးရှိသော နန်းစဉ်ရတနာ ရွှေငွေစိန်ကျောက်တို့ကိုလည်း ဘုရင့်ဘဏ္ဍာတော်အဖြစ် အသိမ်းခံရမည်။

ထို့ပြင် နတ်ရွာစံဘုရင်ကြီး၏ ကြင်ယာတော်မိဖုရားကြီးအား မိမိက ကျေးဇူးသစ္စာတော်မထောက်ဘဲ လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း၊ သစ္စာရှိကိုယ်ရံတော် တပ်မှူးလေးကိုလည်း ကောက်ကျစ်စဉ်းလဲစွာ သတ်ဖြတ်ခြင်း၊ ဘုရင်ကြီး၏ တစ်ဦးတည်းသော သမီးတော်လေးကိုလည်း တောကြီးမျက်မည်းထဲတွင် သေသည်၊





ရှင်သည်မသိ ရက်စက်စွာစွန့်ပစ်ခဲ့ခြင်း စသောဖြစ်မှုများကြောင့် ချုပ်မျက်ခံရမည့်ပြစ်ဒဏ်မှတစ်ပါး အခြားရွေးချယ်စရာလမ်း မရှိပါချေ။

ထို့ကြောင့် အထိန်းတော်ကြီး မာနန္ဒီသည် မိမိပိုင်ဆိုင်ဟုတ်သော သိန်းသန်းကုဋေ တန်ဖိုးထိုက်တန်သော ရွှေငွေကျောက်သံပတ္တမြားနှင့် နန်းစဉ်ရတနာ လက်ဝတ်ရတနာများကို လျှို့ဝှက်စွာ မြှုပ်နှံသိမ်းဆည်းခဲ့ရသည်။

ထို့နောက် တောတောင်ထဲတွင် သမီးငယ်နှင့်အတူ ဂူတစ်ဂူ၌ နိုအောင်းနေထိုင်ရန် သန္နိဋ္ဌာန်ချလိုက်ရသည်။

ဤသို့ဖြင့် ...

နေ့စဉ်နေ့တိုင်း သစ်သီးဝလံများကို ရှာဖွေခူးဆွတ်ခြင်း၊ သောက်ရေခပ်ခြင်း၊ ထင်းများစုဆောင်းရခြင်း စသည့်လုပ်ရပ်များကို ဆောင်ရွက်ရသည်။

ညဥ့်အခါတွင် လိုဏ်ဂူဝန်းကျင်သို့ သားရဲတိရစ္ဆာန်များ ချဉ်းကပ်ရဲစေရန် သစ်ကိုင်း၊ ထင်းတုံး စသည်တို့ဖြင့် တစ်ညဥ့်ပတ်လုံး မီးပုံပြုလုပ်ထားရသည်။

ထိုအလုပ်များကို ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ရသော အထိန်းတော်ကြီးသည် တောတောင်ဒေသသို့ ရောက်ရှိခဲ့ပြီး သုံးနှစ်အကြာတွင် ကျန်းမာရေးချို့တဲ့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်မာယာသည် အပျိုဖြန်းအရွယ်နှင့် တတ်နိုင်သမျှ ကူညီခဲ့လေသည်။

❋

ရှီမာသည် ကမ်းပါးယံမှ ကျသွားစဉ် လျှာခင်ကိုခြစ်၍ ရွှးရှူးဝါးဝါး ငယ်သံပါအောင် အော်လိုက်မိသည်။ ရင်ထဲတွင်လည်း ဟိုက်ခနဲ သည်းလှိုက်ရင်ဖို ဖြစ်နေမိသည်။

အရှိန်အဟုန်ဖြင့် ကျသွားသော သူမသည် ချောက်ကမ်းပါးအောက်ခြေသို့ ကျွမ်းထိုးမှောက်ခုံ ဦးစောက်ပြောင်းပြန်အရှိန်အဟုန်ဖြင့် ကျနေရာမှ သူမအဖို့ အားကိုးအားထား ကင်းမဲ့နေစဉ် ဖြူဖြူသတ္တဝါကြီး၏ လည်ပင်းအညှစ်ခံနေရသော မိခင်၏မျက်နှာကို ပြတ်သားစွာ မြင်လိုက်မိသည်။

ခမည်းတော်၏ နောက်ဆုံးအနမ်းကို ပြန်လည်သတိရကာ မိဘကျေးဇူးကို သတိရတမ်းတနေစဉ် ရုတ်တရက် ကိုင်ဆောင့်လိုက်သည့်ပမာ အောက်ခံကျောက်သားပေါ်သို့ ကျောဖြင့်ကျသွားသည်။ နာကျင်မှုကို သည်းထန်စွာခံစားလိုက်ရသောကြောင့် သတိလစ်သွားသည်။





ရှီမာသည် ချောက်ထဲသို့ ပြင်းထန်စွာ ကျရောက်ခဲ့သော်လည်း ကံကောင်းထောက်မစွာဖြင့် သစ်တောအုပ်မှ နေ့စဉ်နှင့်အမျှ ကြွေကျခဲ့ကြသော သစ်ရွက်ခြောက်များစွာတို့သည် လေနှင့်အတူ လွင့်ပါလာကြပြီး ထိုချောက်ထဲတွင် ထုနှင့်ထည်နှင့် သိပ်သည်းစွာ တည်ရှိနေသည်။ ထို့ကြောင့် ကြားခံထားသကဲ့သို့ ဖြစ်နေသဖြင့် အနည်းငယ်မျှ သက်သာမှုရရှိခဲ့လေသည်။

ရှီမာအနေနှင့် သူမ မည်မျှကြာအောင် သတိလစ်နေခဲ့သည်ကို လုံးဝမမှတ်မိပါချေ။ ပြန်လည်သတိရလာသောအခါ အချိန်ပေါင်းများစွာ ကြွေကျနေသော သစ်ရွက်များကို လေကသယ်ဆောင်လာပြီး သူမ၏ကိုယ်ခန္ဓာနှင့် မျက်နှာပေါ်သို့ ဖုံးအုပ်လွှမ်းခြုံထားလိုက်သည်ကို ဖြည်းဖြည်းချင်း ဖယ်ရှား၍ သစ်ရွက်များထဲမှ လူးလွန့်ထခဲ့ရသည်။

သတိလစ်နေသည့် အချိန်ကာလများအတောအတွင်း ရှီမာသည် နာကျင်မှုဟူ၍ လုံးဝ မခံစားရ။ ဆာလောင်မွတ်သိပ်ခြင်း၊ ရေငတ်ခြင်းများလည်း မဖြစ်ပေါ်မိ။

ယခု သတိရလာသည်နှင့်တစ်ပြိုင်နက် ကျောကုန်းအထက် ကုပ်ပိုးအောက်ခြေတစ်ခုလုံး တစစ်စစ် ကိုက်ခဲနေသည်။ အာခံတွင်းနှင့်လည်ချောင်းတစ်ခုလုံး ခြောက်ကပ်၍ အပြင်းအကျယ် ရေသောက်ချင်စိတ် ဖြစ်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှီမာသည် နာကျင်နေသော ကုပ်ပိုးအောက်ခြေ ကျောကုန်းအထက်ပိုင်းသို့ လက်ဖဝါးများဖြင့် နောက်ဘက်သို့ စမ်းသပ်ကိုင်တွယ် စစ်ဆေးကြည့်သည်။ ပေါက်ပြဲခြင်း၊ သွေးထွက်ခြင်း မရှိဘဲ အတွင်းရှိ အကြောအချို့ အထိမခံနိုင်လောက်အောင် နာကျင်နေခြင်းသာလျှင် ခံစားမိသည်။

ထို့ကြောင့် အဆိုးထဲမှ အကောင်းဟူ၍ သူမကိုယ်သူမ နှစ်သိမ့်လိုက်ရသည်။

ချောက်၏နံရံတွင် သစ်မြစ်များသည် မြေသားကိုထိုးထွက်ကာ တွဲလောင်းကျလျက် တည်ရှိသည်။ အချို့အမြစ်များသည် လက်မောင်းလက်ဖျံအရွယ်မျှ ကြီးမားသည်။

ရှီမာသည် ထိုသစ်မြစ်ကြီးများကိုဆွဲကာ ဖက်တွယ်၍ တွင်းပေါ်သို့ရောက်သည်အထိ ကြာမြင့်စွာ ခက်ခဲပင်ပန်းစွာ တက်ခဲ့ရသည်။

တွင်းနှုတ်ခမ်းပေါ်သို့အရောက်တွင် ကျောအထက်ပိုင်းမှ အသည်းအသန် နာကျင်လာသည်။ ထို့ကြောင့် ခဲခဲယဉ်းယဉ်း အသက်ရှူ၍ အမောဖြေနေမိသည်။

ချောက်နှုတ်ခမ်းပေါ်တွင် မိနစ်ပေါင်းများစွာ လဲလျောင်းလျက် အိပ်တစ်ဝက် နိုးတစ်ဝက်ဖြစ်နေစဉ် အိပ်မက်လိုလို တကယ်လိုလို ဆံပင်ရှည်၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးများနှင့်





အဘိုးကြီးတစ်ဦးကို မြင်လိုက်ရသည်။ ထိုသူ၏ခန္ဓာကိုယ်တွင် နီညိုရောင်ဝတ်ရုံကြီးတစ်ထည်ကိုသာ ခြုံလွှမ်းထားသည်။

"မိန်းကလေး ...မင်းမျက်နှာမူရာ အရှေ့ရူးရူးကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်ခဲ့ပါ၊ မင်းရဲ့ဒဏ်ရာတွေနဲ့ဝေဒနာကို ငါ ကုသနိုင်တယ်၊ ဒုက္ခဖြစ်နေတဲ့သတ္တဝါတွေကို ကယ်ဆယ်ဖို့ ဒီတောတောင်ထဲကို ငါရောက်လာတာ၊ မင်းလိုဒုက္ခသည်တွေကို ကယ်ဆယ်ရမှာ ငါ့တာဝန်ပဲ"

စကားဆုံးသည်နှင့် နီညိုရောင်ဝတ်ရုံကြီးနှင့် အဘိုးကြီးသည် ကွယ်ပျောက်သွားသည်။

ရှီမာသည် အိပ်မက်မက်နေရာမှ လန့်နိုးလာသည်။ သူမသည် အိပ်မက်ထဲ၌ တွေ့ရသူ၏ အသွင်သဏ္ဌာန်နှင့် ထိုသူပြောခဲ့သောစကားများကို သဲသဲကွဲကွဲ အမှတ်ရနေသည်။

ထို့ကြောင့် ရှီမာသည် မနီးမဝေးတွင် တွေ့ရသော တစ်လံသာသာ သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူလိုက်သည်။ ထိုသစ်ကိုင်းခြောက်ကို တောင်ဝှေးအဖြစ် အသုံးပြုကာ အားပြုထောက်လျက် အရှေ့ရူးရူးသို့ တရွေ့ရွေ့ လျှောက်ခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ့်လေး

အိပ်မက်ထဲတွင် ဆာဒူးကြီးညွှန်ကြားခဲ့သည့်အတိုင်း ရှိမှာ အရှေ့စူးစူးသို့ ဦးတည်လျှောက်ခဲ့သည်။ တစ်စ တစ်စ မြင့်တက်လာသော နေရောင်ခြည်သည် သူမ၏မျက်နှာပေါ်သို့ ပူပြင်းစွာ ကျရောက်နေသည်။

စုစုပေါင်း လေးဆယ့်ငါးမိနစ်မျှ လျှောက်ရခြင်းသည် သာမန်လူတစ်ယောက်အဖို့ အထူးပင်ပန်းစရာ အကြောင်းမရှိပါချေ။

သို့ရာတွင် တစ်ကိုယ်လုံး ကိုင်ရိုက်ထားခြင်းခံရသူပမာ အရိုးများကျိုးကြေသကဲ့သို့ မှတ်ထင်ရပြီး အကြောများလည်း နာကျင်ကိုက်ခဲနေသူတစ်ယောက်အဖို့ ခြေတစ်လှမ်းနှင့်တစ်လှမ်း





ခဲခဲယဉ်းယဉ်း ကြိုးစားလျှောက်လှမ်းနေရသည်။

ဆာလောင်မွတ်သိပ်ခြင်းနှင့် ရေငတ်ခြင်းတို့ကလည်း ရက်ပေါင်းမည်မျှကြာအောင် အစာငတ်မွတ်၍ ရေမသောက်ခဲ့ရခြင်းကို သူမအနေနှင့် ခန့်မှန်းတွက်ဆနိုင်ခြင်း မရှိပါချေ။

မည်သို့ပင်ဖြစ်စေ ရှိမာသည် သူမ၏ဘဝတစ်လျှောက်လုံး ဤကဲ့သို့သော ကြိုးပမ်းအားထုတ်မှုကို တစ်ကြိမ်တစ်ခါမျှ မပြုလုပ်ခဲ့ဖူးပါချေ။ စင်စစ်အားဖြင့် အိပ်မက်ဆိုသည်မှာလည်း မည်သူကမှ ရေရေရာရာ အာမခံနိုင်သောအကြောင်းအရာ မဟုတ်။

အိပ်မက်ထဲတွင် မထင်မရှားတွေ့ရသော ဆာဒူးကြီး၏ အသွင်သဏ္ဌာန်နှင့် မရေမရာ ညွှန်ကြားချက်များသည် သူမ၏ ကိုယ်ခန္ဓာမှ ဒဏ်ရာများနှင့် စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကြောင့် အားကိုးအားထားပြုစရာ တစ်စုံတစ်ယောက်ကို အသည်းအသန် လိုအပ်နေချိန် ဖြစ်သည်။ ဒဏ္ဍာရီပုံပြင်ထဲမှ တန်ခိုးရှင် တစ်ယောက်ယောက်ကို တမ်းတမိရာမှ သူမ၏အိပ်မက်ထဲတွင် စိတ်ပိုင်းဆိုင်ရာ အားကိုးစရာသဏ္ဌာန်တစ်ခု ဝိုးတဝါးပေါ်လာခြင်းလည်း ဖြစ်နိုင်သည်။

တစ်ခုထူးခြားသည်မှာ လူသားများသည် ကျောက်ခေတ်နှောင်းကာလကတည်းက တစ်စုံတစ်ရာ ကြောက်ရွံ့မှုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာလျှင် အားကိုးအားထား အမှီအတွယ်တစ်ခုခု ရှာကြသည်။ စိတ်ပိုင်းဆိုင်ရာ ယုံကြည်ကိုးစားမှုကို ရှာဖွေရာမှ ကြီးမားတုတ်ခိုင်၍ အပွေးများတက်နေသော (တစ်နည်းအားဖြင့်) ကျိုးကျသော သစ်ကိုင်းကြီးတစ်ခု၏ အရင်း၌ ကျီးပေါင်းတက်နေသည့် ရှုံ့တွတွ သဏ္ဌာန်ဖြစ်စေ ...

အဖုအထစ်များနှင့် အချိုင့်အဝှမ်းများနှင့် သဘာဝအတိုင်း ဖြစ်တည်နေသော ကျောက်တုံးကြီးများ၊ တောင်ကမ်းပါးယံတွင် အလိုအလျောက် ဖြစ်ပေါ်နေသော အရုပ်ဆိုးဆိုး လူမျက်နှာသဏ္ဌာန် ပုံကြမ်းကြီးများ စသည်တို့ကို ကြောက်ရွံ့မှုကြောင့် အားကိုးအားထားပြုကာ ကိုးကွယ်ပူသခဲ့ကြသော အစဉ်အလာသည် ယခုမျက်မှောက်ခေတ်တိုင်အောင် ရှိကြသည်။

ထိုဖြစ်ရပ်နှင့်အလားတူစွာ ရှီမာသည် ရေရေရာရာမဟုတ်ဘဲ ထင်မိထင်ရာ ဆာဒူးကြီးတစ်ယောက်ကို အိပ်တစ်ဝက်၊ နိုးတစ်ဝက် အိပ်မက်လိုလို မြင်မက်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့် ဆာဒူးဆိုသည်မှာလည်း စိတ်ပိုင်းဆိုင်ရာ အကျင့်လွန်ပုဂ္ဂိုလ်များဖြစ်စေ အတိတ်ကာလများ၌ ပါရမီထက်မြက်သော သမထစွမ်းအားရှင်များလည်း ဖြစ်နိုင်သည်။

ထိုကဲ့သို့သော သမထစွမ်းအားရှင်ပုဂ္ဂိုလ်များသည် ဗုဒ္ဓဘုရားရှင်လက်ထက်မတိုင်မီကတည်းက အထင်အရှား ရှိခဲ့ကြ





ဖူးသည်။ ဒေဝီလရသေ့ကြီးသည် ထိုကဲ့သို့သော သမထစွမ်းအားရှင်တစ်ဦးဖြစ်သည်။

သို့ရာတွင် ထိုပုဂ္ဂိုလ်များသည် နိဗ္ဗာန်ရောက်ကြောင်းတရား (ဝိပဿနာ) ကို အားမထုတ်ခဲ့။ သမထတန်ခိုးဖြင့်သာ ကျေနပ်နေသည်။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဘေးမှကင်းရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်မဟုတ်သောကြောင့် ဒေဝီလရသေ့ကြီးသည် အက္ကနိဋ္ဌကဲ့သို့သော ရုပ်ချည်းရှိပြီး နာမ်မရှိသော ဗြဟ္မာဘုံသို့ ရောက်သွားတတ်ကြလေသည်။

*

ရှီမာသည် စုစုပေါင်းလျှောက်သွားချိန် တစ်နာရီမျှ ကြာမြင့်ခဲ့သည်။

ထိုအခါ သူမ၏မျက်နှာမူရာ အရှေ့စူးစူးအရပ်တွင် ရှေ့သို့ ဆက်လက်၍ လျှောက်၍မရတော့ပါချေ။ အဘယ်ကြောင့်ဆိုသော် မတ်စောက်သော ကျောက်သားပြင်ကမ်းပါးယံကြီးတစ်ခုသည် သူမ၏လမ်းကြောင်းတစ်ခုလုံးကို ပိတ်ဆို့ကာဆီးနေသော ကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှီမာနှင့် တောင်ကမ်းပါးယံကြီး၏ အကွာအဝေးသည် ကိုက်တစ်ရာမျှသာ ရှိသည်။ ထိုအခါ သူမအနေနှင့် ပေပေါင်း ငါးထောင်ကျော်ခန့် မြင့်မား၍ မတ်စောက်သော ကျောက်ကမ်းပါးယံကို မည်သည့်နည်းနှင့်မျှ ကျော်မတက်နိုင်။ ထိုနည်းတူ ထိုကမ်းပါးယံကြီး၏ အပြောကျယ်သော ထုထည်တစ်ခုလုံးကို လည်း ထွင်းဖောက်ဖြတ်သန်းရန် မဖြစ်နိုင်ပါချေ။

ထို့ကြောင့် ရှီမာသည် တောင်ကမ်းပါးယံကြီး၏ ရှေ့မျက်နှာစာ ကိုက်တစ်ရာအကွာတွင် ရပ်တန့်လျက် ဘာဆက်လုပ်ရမှန်းမသိလောက်အောင် ဖြစ်သွားသည်။ အိပ်မက်ကို ယုံစားလျက် အားကိုးတကြီး မျှော်လင့်ချက်ကြီးများစွာဖြင့် မိနစ်ပေါင်းများစွာ ခက်ခဲပင်ပန်းခြင်းဖြင့် လျှောက်လာခဲ့ခြင်း ပြီးဆုံးလေပြီ။

ထို့ကြောင့် ရှီမာက လက်ထဲတွင် တောင်ဝှေးအဖြစ် ကိုင်ဆောင်အားပြုထားသော သစ်ကိုင်းကို လွှတ်ချလိုက်သည်။ စိတ်လျှော့လိုက်သည်။ ထိုအခါ နွမ်းလျနေသော ခန္ဓာကိုယ်သည် လည်း ဒူးညွတ်ပျော့ခွေ၍ ရှေ့သို့ ဒူးထောက်လျက်သား ကျသွားသည်။ မျက်နှာနှင့်မြေပြင်တို့ မထိမိအောင် လက်ဖဝါးနှစ်ဖက်ဖြင့် မြေပြင်ပေါ်သို့ဖိအုပ်လျက် ဒူးထောက်လက်ထောက် အနေအထားမျိုး ဖြစ်နေသည်။

ရှီမာ၏ မျက်နှာမူရာအရှေ့ရှုးရှုး၌ မတ်စောက်သော





ကျောက်ကမ်းပါးယံကြီးရှိသည်။ ထိုကျောက်ကမ်းပါးယံကြီးနှင့် သူမ၏အကွာအဝေးမှာ ကိုက်ငါးဆယ်မျှသာ ကွာလှမ်းသည်။ ရှီမာနှင့် တောင်ကမ်းပါးယံ၏ အလယ်စပ်ကြား ကိုက်နှစ်ဆယ်သာသာအကွာတွင် လူတစ်ရပ်ခန့်မြင့်သော တောင်ပို့ကြီးတစ်ခု ရှိနေသည်။

ရုတ်တရက်အားဖြင့် ရှီမာ၏မြင်ကွင်းထဲတွင် တောင်ပို့ကြီးလှုပ်လာသည်ဟု မြင်လိုက်ရသည်။ သို့ရာတွင် သူမ၏အမြင်ကို သူမဘာသာ မယုံကြည်နိုင်ပါချေ။ မိနစ်ပေါင်းများစွာ လျှောက်လာခဲ့ရသဖြင့် ပင်ပန်းမှုဒဏ်ကြောင့် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေသည်။ ထို့ကြောင့် သူမ၏ဦးခေါင်း တုန်ယင်လှုပ်ရှားနေစဉ် တောင်ပို့ကိုကြည့်မိသဖြင့် တောင်ပို့လှုပ်ရှားခြင်း ဖြစ်သည်ဟု ထင်မြင်ယူဆခြင်း ဖြစ်တန်ရာသည်။

ထိုသို့ ရှီမာက မှတ်ချက်ချလိုက်မိသည်။ သို့ရာတွင် ရှီမာသည် သူမနှင့် ကိုက်နှစ်ဆယ်သာသာအကွာရှိ လူတစ်ရပ်ခန့် မြင့်သော တောင်ပို့ကြီးရှိရာသို့ တစ်လှမ်းချင်း တိုးသွားမိသည်။

သူမနှင့်ဆယ်ကိုက်မျှအကွာသို့ ရောက်သွားခိုက် နောက်ထပ်တစ်ကြိမ် တောင်ပို့ကြီးလှုပ်ခါသွားသည်ကို သတိပြုမိလိုက်သည်။ ဤတစ်ကြိမ်တွင်၊ လှုပ်ခါသွားရုံမျှသာမဟုတ်ဘဲ တောင်ပို့၏ ဘေးသားမြေသားများသည် အလွှားလိုက် အချပ်လိုက် ပဲ့ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ရှီမာသည် ရုတ်တရက် အံ့အားသင့်လျက် ပါးစပ် အဟောင်းသားဖြင့် မျက်တောင်မခတ် ဒူးထောက်လျက် အနေ အထားမှ ကြည့်နေလိုက်သည်။

တောင်ပို့တစ်ခုလုံး ပြိုကျသွားသောအခါ တောင်ပို့၏ အတွင်း၌ လူသားတစ်ယောက် မတ်တတ်ရပ်လျက်ရှိသည်။ ညာ လက်မောင်းလက်ဖျံတစ်ခုလုံးကို အထက်သို့ တည့်မတ်စွာ မြှောက်ထားကာ လက်ညှိုးတစ်ချောင်းဆန့်လျက် ထောင်ထား သည်။ ကျန်လက်ချောင်းလေးချောင်းစလုံး ကွေးထားသည်။ ဆံပင်၊ ဦးခေါင်း၊ မျက်နှာနှင့် ခန္ဓာကိုယ်ခြေလက်အားလုံး ရွှံ့နှစ် ရွှံ့ရည်များဖြင့် ပေကျံနေသည်။ ထို့ကြောင့် ပကတိ ရွှံ့ရုပ်တု ကြီးနှင့် တူနေသည်။

ထိုသဏ္ဌာန်သည် မျက်လုံးအစုံကို မှိတ်ထားသည်။ ခြ လွှမ်းထားသော ဝတ်ရုံကြီးတစ်ခုလုံး ရွှံ့နှင့်မြေစေးများ ကပ်နေ သည်။

ရှီမာက ထိုအသွင်သဏ္ဌာန်ကို ကြည့်ရင်း ကြည့်ရင်းမှ ပင် သူမ၏အမြင်အာရုံတွင်း၌ လင်းခနဲ မှတ်ဉာဏ်တစ်ခု ဖြစ်ပေါ် လာသည်။ လွန်ခဲ့သောညက သူမ၏အိပ်တစ်ဝက် နိုးတစ်ဝက် အိပ်မက်ထဲတွင် မြင်တွေ့ခဲ့ရသော ဆာဒူးကြီးပင် ဖြစ်နေကြောင်း အမှတ်ထင်ထင် ဖြစ်လာမိလေသည်။

* * *

## နှစ်ဆယ့်ငါး

ရှီမာသည် လက်ရှိ ဒူးထောက်လျက်အနေအထားဖြင့် မြေပြင်သို့ လက်ဖဝါးနှစ်ဖက်ဖိအုပ်လျက်ရှိရာမှ လက်ဖဝါးနှစ် ဖက်ကို အသာအယာကြွလိုက်သည်။ ထို့နောက် လက်ဖဝါးချင်း ပူးကပ်၍ လက်အုပ်ချီလိုက်သည်။

"အဖဆာဒူးကြီး ညွှန်ကြားတဲ့အတိုင်း သမီးတော် ဤ နေရာသို့ ရောက်သည်အထိ ကြိုးစားပမ်းစား လျှောက်လာခဲ့ပါ ပြီ၊ သမီးတော်ရဲ့ဒုက္ခရာတွေနဲ့ ဝေဒနာခံစားမှုတွေအားလုံး ကင်းစင် ပပျောက်အောင် အဖ ကုသကယ်ဆယ်နိုင်လိမ့်မယ်လို့ ယုံကြည်အားထားပါကယ် အဖ"

ရှီမာသည် သူမ၏စကားလုံးများကို အထစ်အငေါ့မရှိ



www.burmeseclassic.com

www.burmeseclassic.com



အားကိုးတကြီးဖြင့် တောက်လျှောက်ပြောချလိုက်မိသည်။ ထို့နောက် လက်အုပ်ချီထားရာမှ ရိုသေသမှု ဦးချကန်တော့လိုက်သည်။

ဆာဒူးကြီးသည် ရွှံ့ရှပ်တုကြီးရွေ့လျားလာသည့်ပမာ ရှေ့သို့တိုးလာသည်။ ရှီမာ၏ဦးခေါင်း၊ ကုပ်ပိုးအောက်ခြေနှင့် ကျောအထက်ပိုင်းကို လက်ညှိုးဆန့်လျက် ညွှန်လိုက်သည်။

"အဖဆာဒူးကြီးကသာရင် ပျောက်မှာပဲဆိုတဲ့ ယုံကြည်မှု အပြည့်အဝရှိနေတာကိုက လောလောဆယ် သမီးရဲ့ဒဏ်ရာဝေဒနာတွေဟာ ငါးဆယ်ရာခိုင်နှုန်း သက်သာသွားပြီ၊ အခု ဆာဒူးကြီးက ဟောဒီနေရာမှာ မရွေ့မပြောင်းဘဲ ရပ်လျက်သားအနေအထားနဲ့ ၂ နှစ်တိုင်တိုင် အမိဋ္ဌာန်မပျက် ကျင့်ကြံအားထုတ်ခဲ့တယ်၊ အမိဋ္ဌာန်ပြည့်မယ့်နေ့ရဲ့ အစဦးပိုင်းမှာ ဒီပတ်ဝန်းကျင်ဒေသမှာရှိနေတဲ့ ဒုက္ခသည်ကို ကယ်တင်ကုသကောင်းမှုပြုဖို့အတွက် ဆာဒူးကြီးက စိတ်ပိုင်းဆိုင်ရာစွမ်းအင်နဲ့ အာရုံခံကြည့်တော့ သမီးကိုတွေ့ရတယ်၊ ဒါကြောင့် ဆာဒူးကြီးဟာ သမီးကိုဒီနေရာကို လမ်းညွှန်ခဲ့တယ်၊ ဟော . . . အခု သမီးရောက်လာချိန်မှာ ကျုပ်လည်း အမိဋ္ဌာန်အချိန်ပြည့်ဝသွားပြီ၊ အမိဋ္ဌာန်ကထွက်ထွက်ချင်း သမီးရဲ့ လေးလေးနက်နက်ယုံကြည်မှုကို သိရှိလိုက်ရတယ်၊ ဒါကြောင့် အခုအချိန်ကစပြီး သမီးကိုယ်တွင်





ကိုယ်ပ ဒဏ်ရာဝေဒနာတွေအားလုံး မှချကင်းရှင်းရတော့မယ်"

ဆာဒူးကြီးက ရှည်လျားစွာရှင်းပြလိုက်ပြီးနောက် အထက်မိုးကောင်းကင်သို့ မော့လျက် သူ၏ပါးစပ်ဖျားမှ သဏ္ဍာန်ဘာသာစကားကဲ့သို့သော စကားလုံးရွတ်ဆိုမှုများကို အဆက်မပြတ် ရွတ်ဆိုနေသည်။ တစ်ချိန်တည်းမှာပင် မျက်စိစုံမှိတ်၍ ကုသခံယူနေသော ရှီမာ၏ နဖူးဆံစပ်ငယ်ထိပ်မှ အစပြု၍ ဦးခေါင်းနောက်ဘက် ကုပ်ပိုးနှင့်ကျောအထက်ပိုင်း လက်ဖြင့်နှစ်ဖက်အလယ်ထိ ဆာဒူးကြီးက သူ့လက်ဖဝါးဖြင့် လုံးဝမတို့မထိဘဲ အပေါ်မှသာ အုပ်မိုးလျက် အသာအယာ သပ်ချသည့်အသွင်မျိုး ပြုလုပ်ပေးနေသည်။

ရှီမာသည် သူမ၏ဒဏ်ရာမှ ဖြစ်ပေါ်နေသော ဝေဒနာခံစားမှုများသည် စိတ်အာရုံတွင်းမှ အစပြု၍ ဖြည်းဖြည်းချင်း ခန္ဓာကိုယ်တစ်ခုလုံးရှိ အသွေးအသားများထဲသို့ စိမ့်ဝင်ပျံ့နှံ့ရောက်ရှိသွားသည်။ ထို့နောက် သူမ၏တစ်ကိုယ်လုံးရှိ အရေပြားမှတစ်ဆင့် ပြင်ပပတ်ဝန်းကျင်သို့ အခိုးများအဖြစ် ပြောင်းလဲကာ အငွေ့ပြန်ထွက်သွားတော့သည်။

ရှီမာ၏တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားသည်။ သူမသည် မျက်လုံးအစုံကိုဖွင့်လျက် ဆာဒူးကြီးအား ရိုသေလေးစားစွာ စူးစိုက်ကြည့်ရှုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာဒူးကြီးက မျက်နှာထားတင်းလျက် တစ်စုံတစ်ရာကို နက်နက်ရှိုင်းရှိုင်း တွေးနေရာမှ ...

"မင်းကို ဆာဒူးကြီး အခုလို စိတ်စွမ်းအင် အထက်မြက်ဆုံးအချိန်မှာ စေတနာသန့်သန့်နဲ့ ကုသပေးလိုက်တာ ဖြစ်မယ်၊ ဒါပေမဲ့ မင်းဆီကို ကျုပ် တစ်ခုခု ပြန်လည်ရကောင်းစေဆိုတဲ့ တောင်းဆိုမှုမပါဘူး။ မင်းဆန္ဒအတိုင်းသာ ရှိပါစေ၊ မင်းရဲ့ဒဏ်ရာဝေဒနာ ရာခိုင်နှုန်းပြည့် သက်သာသွားပေမယ့် ခန္ဓာကိုယ်အချိုးအစားက တစ်နည်းတစ်ဖုံ ပြောင်းလဲသွားလိမ့်မယ်၊ ဒါပေမဲ့ အသက်အန္တရာယ်ကင်းရှင်းသွားတာကိုက အင်မတန် ကုသိုလ်ကောင်းလို့ပဲ"

"ဆာဒူးကြီး ဘာကိုဆိုလိုတာလဲလို့ သမီးတော် သိပါရစေ"

"ရှင်းရှင်းပြောရရင် မင်းရဲ့ကျောကုန်းအထက်မှာ အရိုးအကြောတွေ ပျက်စီးချို့ယွင်းသွားတယ်၊ ဒါပေမဲ့ ပကတိ သူ့အနေအထားအတိုင်း ပြန်လည်ဆက်စပ်သွားတဲ့အခါကျတော့ အဲဒီအရိုးအကြော ဆုံချက်နေရာမှာ ကျိုးပေါင်းတစ်ခု ဖြစ်သွားခဲ့တယ်၊ တကယ်တော့ အဲဒီကျိုးပေါင်းဟာ ပျက်စီးချို့ယွင်းသွားတဲ့ အရိုးကို အကြောတွေနဲ့ ပေါင်းစည်းပြီး ရင်သိုင်းအုပ်မိုးထားလိုက်သလို ဖြစ်သွားတယ်၊ ဒါကြောင့် အဲဒီနေရာမှာ ကျိုးပေါင်းဖြစ်နေ





ဘာကလွဲရင် အရိုးဟာ ဘယ်တော့မှ နောက်ကို ပြန်လည်ပြုတ်ထွက်ခြင်း, ကျိုးခြင်း မဖြစ်တော့ဘဲ ခိုင်မြဲနေလိမ့်မယ်၊ ကျေနပ်ခဲ့လား"

ဆာဒူးကြီးက ရှီမာကိုစူးစိုက်ကြည့်ရှုလျက် မေးသည်။

ရှီမာက ပေါ့ပါးသွက်လက်စွာ ဦးခေါင်းခါပြသည်။

"သမီးတော် ကျေနပ်ပါတယ် အဖ၊ တကယ်လို့ အဖသာ ကယ်ဆယ်ကုသမှုမပြုခဲ့ရင် သမီးတော်ဟာ အသက်ဆုံးရှုံးခြင်းဖြစ်စေ, ဒုက္ခိတအဖြစ်နဲ့ ဝေဒနာကို ပြင်းထန်စွာခံစားရင်းနဲ့ သေခြင်းတရားရှိရာကို တရွေ့ရွေ့ လျှောက်လှမ်းသွားရမှာ သေချာပါတယ်"

"အေး ... သမီးသဘောပေါက်ရင် ဆာဒူးကြီး ဝမ်းမြောက်သွားပြီ၊ ကျုပ် အဓိဋ္ဌာန်ကထွက်တဲ့နေ့မှာ ပြုလိုက်ရတဲ့ ကုသိုလ်ကို ကျုပ် ပီတိဖြစ်သွားပြီ၊ အထူးသဖြင့် သမီးဟ ကျုပ်ကို အဖလို့ ခေါ်လိုက်တာကိုက ဖခင်တစ်ယောက်လို သဘောထားလိုက်တာဖြစ်တယ်၊ ဒါကြောင့် ကျုပ်ကလည်း မင်းကို သမီးရင်းလို သဘောထားပြီး စိတ်စွမ်းအင်နဲ့ကုသပေးခဲ့တာပါ၊ ကဲ ... အခုအချိန်ကစပြီး ကျုပ်လည်း သွားစရာရှိရာကို သွားလိုက်ဦးမယ်၊ သမီးလည်း ကိစ္စရှိရာကို သွားပေဦးတော့"

ဆာဒူးကြီးက တည်ငြိမ်စွာပြောလိုက်သည်။ ထိုနောက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ဒူးထောက်လျက်သား လက်အုပ်ချီထားသော ရှိမာ၏ဘေးမှ ကျော်ဖြတ်၍ ရှိမာ၏နောက်ဘက်သို့ ဆက်လျှောက်သွားသည်။

ရှိမာသည် ထိုင်ရာမှထ၍ ဆာဒူးကြီးလျှောက်သွားရာသို့ လှည့်ကြည့်လိုက်စဉ် ဆာဒူးကြီးက ကျောခိုင်းလျက်သွားနေရာမှ တစ်စုံတစ်ရာကိုတွေးမိဟန်ဖြင့် ခေတ္တရပ်၍ ရှိမာဘက်သို့ တစ်ချက်ပြန်လှည့်ကြည့်၍ . . .

"တစ်ခါတလေ ကိုယ်နဲ့အနီးဆုံးမှာနေပြီး အရင်းနှီးဆုံးလို့ ထင်ရသူတွေဟာ အကြောင်းတစ်ခုခုကြောင့် ကိုယ့်အပေါ်မှာ အဆိုးဝါးဆုံး အရက်စက်ဆုံး ရန်သူတွေအဖြစ် ပြောင်းလဲသွားတတ်ကြတယ် . . . သတိထား"

ဟူ၍ လှမ်းပြောလိုက်သည်။ ထို့နောက် စကားဆုံးသည်နှင့်တစ်ပြိုင်နက် ဆာဒူးကြီးက မူလမျက်နှာမူရာလမ်းကြောင်းဘက်သို့ ပြန်လှည့်၍ ဆက်လျှောက်သွားသည်။ မကြာမီ ရှိမာ၏မြင်ကွင်းထဲမှ လုံးလုံးလျားလျား ပျောက်ကွယ်သွားလေတော့သည်။

ရှိမာသည် တစ်ယောက်တည်းကျန်ခဲ့စဉ် ထိုင်ရာမှထ၍ ဖြည်းဖြည်းချင်းလျှောက်ရင်း ဆာဒူးကြီး၏သတိပေးစကားကို ပြန်လည်စဉ်းစားကြည့်သည်။





သို့ရာတွင် နားလည်သလိုလို၊ နားမလည်သလိုလိုနှင့် ရှင်းရှင်းလင်းလင်း သဘောမပေါက်ပါချေ။

❋

မည်သို့ပင်ဖြစ်စေ ရှိမာသည် တစ်ချိန်က မယ်တော်မိဖုရားကြီးတို့နှင့်အတူ နေထိုင်ခဲ့သော လိုဏ်ဂူရှိရာသို့ ခြေဦးလှည့်ခဲ့သည်။ သူမသည် ကမ်းပါးယံထိပ်မှ ဝါးတစ်ပြန်သာသာ မြင့်သော ချောက်ထဲသို့ ကျခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ထိုချောက်၏အထက်သို့ တောင်ကြောကိုပတ်၍ တက်နိုင်သော ခပ်ပြေပြေလမ်းကြောင်းကို ရှာဖွေရမည်။

ထို့နောက် ထိုလမ်းကြောင်းအတိုင်း တက်သွားရန် ဆုံးဖြတ်လိုက်သည်။ ရှိမာသည် လောလောဆယ် သူမ၏ခန္ဓာကိုယ် အဆစ်အမြစ်၊ အရိုးနှင့်အကြောများ၏ နာကျင်မှု လုံးဝ ပျောက်ကင်းနေသည်ကို သတိပြုမိလိုက်သည်။

ထိုနည်းတူ မိနစ်ပေါင်းများစွာ အချိန်ကုန်ခံလျှက် တောင်ကြောပေါ်သို့ တက်နိုင်မည့်လမ်းကို ရှာဖွေလျှောက်လှမ်းခဲ့သော်လည်း ပကတိမောပန်းနွမ်းနယ်ခြင်း အလျှော့မပေးပါချေ



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် လိုဏ်ဂူသို့ရောက်လိုသော ဆန္ဒစောနေခြင်းကြောင့် မောရမှန်း ပန်းရမှန်း မစဉ်းစားမိခြင်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ပြင်းထန်သောရက်ရှည်သမထကျင့်စဉ် မိဒ္ဓာန်မှ ထွက်ထွက်ချင်း စိတ်စွမ်းအင်ထက်မြက်မှုဖြင့် ကုသပေးခဲ့သော ဆာဒူးကြီး၏ အံ့မခန်းစွမ်းရည်ကြောင့်လည်း ဖြစ်နိုင်သည်။

သို့ရာတွင် ရှီမာသည် တောင်ကြောအထက်သို့ ခါးကိုကုန်း၍ အားယူတက်နေစဉ်အတောအတွင်း သူမ၏ကုပ်ပိုးအောက်ခြေကို လက်ဖြင့် အထက်ကို တစ်ခါတစ်ရံ အမှတ်မထင် လက်ဖဝါးဖြင့် စမ်းသပ်ကြည့်မိသည်။

ထိုအခါ ပြေပြစ်သောမူလကိုယ်အင်္ဂါ အစိတ်အပိုင်းနေရာတွင် အဖုကြီးတစ်ဖုသဖွယ် ဖောင်းမို့ကြွတက်နေသော ကျိုးပေါင်းဘုကြီးကို စမ်းမိသည်။

ထို့ပြင် သူမ၏ပခုံးသည် ခါတိုင်းကဲ့သို့ မတ်မနေဘဲ ရှေ့သို့ အနည်းငယ်ကိုင်းနေသည်ကို သတိပြုမိသည်။

သို့ရာတွင် ရှီမာသည် ထိုသို့ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ဆိုးရွားစွာ ပြောင်းလဲသွားခြင်းကို ဝမ်းနည်းကြေကွဲရန် အချိန်မပေးနိုင်ပါချေ။ သူမ၏ဘဝတွင် မျှော်လင့်မထားသော အဆိုးဝါးဆုံး အပြောင်းအလဲများက တစ်ခုပြီးတစ်ခု ဆက်တိုက် ဖြစ်ပွားခဲ့ရသည်။





ရွှေအိမ်နန်းနှင့်ရွှေကြငှန်း၌ တစ်ပင်တိုင်မြှောက်စားခံ ခင်းသမီးလေးဘဝမှ ရုတ်တရက် ချက်ချင်း သူဆင်းရဲအသွင်ဖြင့် စုန်းလျှိုးကွယ်လျှိုးနှင့် ရွှေနန်းတော်ကြီးအား ကျောခိုင်းခဲ့ရသည်။

မကြာမြင့်သောအချိန်ပိုင်းအတွင်း သက်ဦးဆံပိုင် အရှင်သခင် ဖခမည်းတော် မဟာဝီတာရဘုရင်ကြီးသည် စီးချင်းတိုက်ပွဲတွင် ညီတော်ဟာနိကာ၏လက်ချက်ဖြင့် မရှုမလှ နတ်ရွာစံခဲ့ရကြောင်း ကြားသိခဲ့ရသည်။

ခမည်းတော်မိန့်ကြားခဲ့သည့်အတိုင်း သူတော်စင်ရသေ့ကြီး တရားအားထုတ်လျက်ရှိသော တောင်ပေါ်ဒေသသို့ ဦးတည်၍ ခရီးကြမ်း လှမ်းခဲ့ရသည်။

ရှီမာနှင့်အတူ မိခင်နန်းမတော်ကြီး၊ သစ္စာရှိတပ်မှူးငယ်မဟိန္ဒနှင့် အထိန်းတော်ကြီးမာနုန္ဒီ၊ အထိန်းတော်သမီး မာယာအပါအဝင် စုစုပေါင်း ငါးယောက်စလုံး တောင်ပေါ်ဒေသရှိ လိုဏ်ဂူတစ်ခုအထိ ရောက်ရှိနိုင်အောင်းနိုင်ခဲ့ကြသည်။

သူတော်စင်ရသေ့ကြီးကို မတွေ့ရသေးသော်လည်း နေရာတစ်ခု ရရှိခဲ့ကြသည်။

သို့ရာတွင် တစ်ညဉ့်မျှသော အချိန်ကာလအတွင်း နောက်ထပ်ဆိုးဆိုးဝါးဝါးဖြစ်ရပ်များက ထပ်မံဖြစ်ပွားခဲ့သေးသည်။

မိခင်ကြီး၏ စိတ်စွဲလမ်းမှုကြောင့်လား၊ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်၏ ကွယ်လွန်ခါနီးနောက်ဆုံးဖောကြောင့်လား ရေရာ သေချာခြင်းမရှိသော်လည်း မိခင်မိဖုရားကြီးသည် ဖခင်ဘုရင်ကြီးကို မြင်လိုက်ရသည်ဆိုကာ ဂူထဲမှ ထွက်သွားသည်။

သို့ရာတွင် အမှောင်ထဲတွင် ပိုးတဝါးတွေ့ရသော ဖြူဖြူ သတ္တဝါကြီး၏လက်ချက်ဖြင့် မိခင်ကြီးနှင့် တပ်မှူးငယ် မဟိန္ဒတို့ ကံကုန်ကာ တမလွန်ဘဝသို့ ရောက်ရှိသွားသည်။

တစ်ချိန်တည်းမှာပင် ရှီမာသည်လည်း မည်မျှကြာအောင် ချောက်ထဲရှိ ထုထည်ထူထပ်သိပ်သည်းသော သစ်ရွက်ကြွေများ၏အထပ်ထပ် ဖုံးအုပ်လွှမ်းခြုံထားသည်မသိ။ ပြန်လည်သတိရလာသောအခါ ဆာဒူးကြီးထံသို့ ရောက်သွားသည်။

ဆာဒူးကြီး၏သမထစွမ်းအင်ဖြင့် ရှီမာခံစားနေရသော ဒဏ်ရာဝေဒနာများသည် အံ့ဩစရာကောင်းလောက်အောင် ထူးခြားဆန်းပြားစွာ ပျောက်ကင်းခဲ့ရသည်။

ယခုအခါ ရှီမာသည် တောင်ကြော၏အထက် ပတ်လမ်းတစ်နေရာတွင် သူမနှင့်မာယာတို့ ဆော့ကစားခဲ့ကြသော အင်ကြင်းပင်ကြီးကို မြင်နေရလေပြီ။

ထိုအခါ ရှီမာ၏ခန္ဓာကိုယ်အတွင်း၌ စိတ်ခွန်အား တက်ကြွလာလေသည်။

* * *

## နှစ်ဆယ့်ခြောက်

ကျွန်ုပ်သည် ရှီမာ၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်၍ သူမ၏စကားလုံးများကို နားထောင်နေခြင်းဖြစ်သည်။

ရှီမာသည် ဇာတ်လမ်းတစ်ခုကို လုပ်ကြံပြောသောအမှုအရာမျိုး မရှိ၊ ပကတိ အရှိအတိုင်း စိတ်ရင်းကောင်းဖြင့် ပြောပြနေခြင်းဖြစ်ကြောင်း သိသာသည်။

ထို့ကြောင့် ကျွန်ုပ်သည် ထူးခြားဆန်းကြယ်နေသော အကြောင်းအရာတစ်ခုမှလွဲ၍ အခြားဖြစ်ရပ်များအားလုံးကို ခြွင်းချက်မရှိ လက်ခံနိုင်သည်။ ထို သာမန်အားဖြင့် မဖြစ်နိုင်သည့် ထူးခြားဆန်းကြယ်သောအကြောင်းအရာကို သူမ၏စကားဆုံးမှ မေးမြန်းရန် သန္နိဋ္ဌာန်ချထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိမာက ခေတ္တနားပြီးမှ ပြောလက်စ စကားကို ဆက်လက်ပြောဆိုလိုက်သည်။

ကျွန်မတို့နေခဲ့ကြသော လိုဏ်ဂူဝသို့ ရောက်သောအခါ အမွှေးဖြူဖြူနှင့် သတ္တဝါကြီးနှစ်ကောင်က ဆီး၍တားသည်။ ကျွန်မကို လိုဏ်ဝထဲသို့ လုံးဝ ဝင်ခွင့်မပြုပါချေ။ ထို့ကြောင့် ကျွန်မက ...

"အထိန်းတော်ကြီး အထိန်းတော်ကြီးမာနန္ဒီ ... ကျွန်မ ပြန်ရောက်လာပြီလေ၊ ဒီသတ္တဝါတွေက အထဲကို ဝင်လို့မရဘူးတဲ့၊ လာပြောပေးပါဦး"

ဟူ၍ အော်ပြောလိုက်သည်။

"အထိန်းတော်ကြီးမာနန္ဒီက တမလွန်ဘဝကို ရောက်သွားတာကြာပြီ၊ သင်က ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး ဒီနန်းမဆောင် ပတ်ဝန်းကျင်ကို ရောက်လာတာလဲ"

ဟူသောအသံတစ်သံ လိုဏ်ဂူထဲမှ ထွက်ပေါ်လာသည်။

လေယူလေသိမ်းက တင်းမာပြတ်သားနေသည်။ လိုဏ်ဂူထဲမှ လှမ်းပြောသူသည် မိန်းမပျိုတစ်ယောက် ဖြစ်သည်။ သို့ရာတွင် အသံကိုသာကြားလိုက်ရသည် သူမ၏မျက်နှာကို မမြင်ရသေး။

"ဘယ်လိုဖြစ်ပြီး ဒီနန်းမဆောင်ကို ရောက်လာတာလဲ"





ဟူသော စကားလုံးကြောင့် မိမိ နေရာမှားလာခြင်းဖြစ်လေသလား ဟူ၍ ရှိမာက လိုဏ်ဂူ၏အပြင်ဘက် ပတ်ဝန်းကျင်ကို မျှော်ထုံးဖြင့် တစ်ချက်ဝေ့ကာ ကြည့်ရှုသည်။

လုံးဝ အပြောင်းအလဲမရှိ အမှားအယွင်းမရှိ လိုဏ်ဂူအပြင်ဘက်နှင့်ပတ်သက်သော ကျောက်သားတောင်နံရံပေါ်တွင် ဖြစ်ပေါ်နေသည့် ညှိမည်းသောအကွက်များ။ အထူးသဖြင့် လိုဏ်ဂူ၏အပြင်ဘက် မနီးမဝေးရှိ အင်ကြင်းပင်။

မည်သို့မျှ မှားစရာအကြောင်းမရှိပါချေ။ ထိုအခိုက်အတန့်တွင် ဂူပေါက်ဝသို့ တစ်စုံတစ်ယောက် ရောက်ရှိလာသည်ကို ရှိမာသတိပြုမိလိုက်သည်။

မိန်းမပျိုတစ်ယောက်သည် ရွှေသင်ဖြူးကို ဝတ်ရုံကြီးအဖြစ် ပြုပြင်ပြောင်းလဲ၍ ခန့်ခန့်ညားညား ခြုံလွှမ်းထားသည်။ စင်စစ်အားဖြင့် ရှိမာ၏မိခင်ဖြစ်သူ မိဖုရားခေါင်ကြီးသည် ရွှေနန်းတော်မှ ထွက်လာခဲ့စဉ်က နန်းစဉ်ရတနာများနှင့်အတူ အဖိုးထိုက်တန်သော အလှအပ အသုံးအဆောင်များကို တတ်နိုင်သမျှ ကျစ်လျစ်စွာ ထုပ်ပိုးယူဆောင်ခဲ့သည်။

ထိုရတနာပစ္စည်းများထဲတွင် နန်းမတော်၏ အသုံးအဆောင်အဖြစ် ရွှေသင်ဖြူး၊ ငွေသင်ဖြူး စသည်ဖြင့် ပါဝင်သည်။ ထိုရွှေသင်ဖြူး၊ ငွေသင်ဖြူးဆိုသည်မှာ ရွှေသို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ငွေအတုံးအခဲ အရည်တို့ကို အစပထမတွင် နန်းပြားဖြစ်သည်အထိ ပြုလုပ်ရသည်။ ထို့နောက် နန်းပြားဖြစ်နေသော ရွှေနန်းပြား၊ ငွေနန်းပြားတို့ကို သင်ဖြူးဖျာယက်လုပ်သည့်အတိုင်း စေ့စေ့စပ်စပ်ယက်ထားသော အံ့သြစရာ လက်မှုပညာမြောက် ထီးနန်းသုံး ပစ္စည်းဖြစ်သည့် ထိုရွှေသင်ဖြူး၊ ငွေသင်ဖြူးတို့သည် ဝါဝင်းတောက်ပြောင်နေသည်။ အနံ့အားဖြင့် သုံးပေခွဲ၊ အလျား ငါးပေခွဲရှိသော်လည်း ကျစ်လျစ်စွာဖြင့် ခေါက်လိုက်သောအခါ ထိုရွှေသင်ဖြူးခေါက်၏အရွယ်အစားမှာ တစ်ပေသာသာ ပတ်လည်မျှသာဖြစ်သွားသည်။

ထိုရွှေသင်ဖြူးကို ပြုပြင်ဖြတ်ညှပ်၍ ဝတ်ရုံအဖြစ်ပြောင်းလဲဝတ်ဆင်ထားသူသည် နူတ်ခမ်းနှစ်လွှာကိုလည်း နီရွှေးအောင် ခြယ်လှယ်ထားသည်။ ဦးခေါင်းပေါ်တွင် မင်းခမ်းမင်းနားပွဲလမ်းသဘင်တွင် နန်းမတော်ကြီး ဝတ်ဆင်လေ့ရှိသော ရွှေသရဖူကို ဆောင်းထားသည်။ စိန်ခြယ်နားကပ်၊ နီလာလည်ဆွဲ၊ မြပုလဲရုံလက်ကောက်၊ ပတ္တမြားလက်စွပ် စသည်တို့သာမက ရွှေခြေကျင်းတစ်ခုကိုပါ ဝတ်ဆင်ထားသည်။

ထို့ပြင် သူမ၏လက်ထဲတွင် ရွှေနှင်တံတစ်လက်ကိုင်ထားသည်။

"သင် ဘယ်သူလဲ"





ထိုမိန်းမပျိုက မျက်နှာထားတင်းတင်းဖြင့် မေးသည်။ ရှီမာသည် ထိုအခါကျမှ ထိုမိန်းမပျိုသည် အထိန်းတော်ကြီးမာနန္ဒီ၏သမီးဖြစ်သူ မာယာဖြစ်ကြောင်း သဲသဲကွဲကွဲ မှတ်မိသိရှိလိုက်သည်။ ထို့ကြောင့် ရှီမာက သက်ပြင်းမောတစ်ချက် ချလိုက်သည်။

"မာယာရယ် ... ရှီမာက ဘယ်သူများလဲလို့ လက်စသတ်တော့ အထိန်းတော်ကြီးသမီး မာယာဖြစ်နေတာကိုး။ သင့်မိခင် အထိန်းတော်ကြီးမာနန္ဒီ တမလွန်ဘဝရောက်သွားတယ်ဆိုတာ တကယ်ပဲလား မာယာ၊ ကြားရတာ စိတ်မကောင်းလိုက်တာကွယ်၊ မာယာနဲ့တို့က ဘဝတူတွေဖြစ်သွားပြီပေါ့နော်"

ရှီမာက မျက်နှာညှိုးညှိုးဖြင့် ပြောလိုက်သည်။ ထိုအခါ မာယာ၏မျက်နှာကြီးက ရုတ်တရက်ချက်ချင်းတင်းမာသွားသည်။ သူမ၏လက်ထဲမှ ရွှေနှင်တံကို ရှီမာဘက်သို့ညွှန်လျက် ...

"တော် တန် တိတ် ... ပေဟဒိ ကိုယ်ရဲ့တော်ကြီးတွေရဲ့ လက်ချက်နဲ့ အသက်သေဆုံးချင်သလား"

မာယာက ဟိန်းဟောက်ခြိမ်းခြောက်လိုက်သည်။ ထို့နောက် ဆက်လက်၍ ...

"ကျွန်ုပ်သည်ကား ဘုရင်မဟာဝီတာရ၏ တစ်ဦးတည်းသော သမီးတော် မာယာနန္ဒီဖြစ်တော့သည်၊ ကျွန်ုပ်တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



တော်နှင့် မယ်တော်မိဖုရားကြီးတို့ နှစ်ပါးစလုံး လူ့ပြည်ငြီး၍ နတ်ထီးစံသွားကြပြီဖြစ်သည်၊ ကျွန်ုပ်၏ကိုယ်ရံတော်တပ်မှူးငယ် မဟိန္ဒနှင့် အထိန်းတော်ကြီး မာနန္ဒိတို့သည်လည်း တမလွန်ဘဝသို့ ရောက်ရှိသွားပြီဖြစ်သည်၊ ထို့ကြောင့် လောလောဆယ် နန်းမဆောင်အဖြစ် ရာထားသတ်မှတ်သည့် ဤလိုဏ်ဂူနှင့်တကွ ဤလိုဏ်ဂူအတွင်းရှိ ရွှေငွေကျောက်သံပတ္တမြားတို့ အပါအဝင် နန်းစဉ်ရတနာအားလုံးကို ကျွန်ုပ်တစ်ဦးတည်းပိုင်ဆိုင်သည်၊ အကယ်၍ ထိုရတနာများကို လုယူရန်ဖြစ်စေ, မတရားသော နည်းလမ်းကိုအသုံးပြု၍ဖြစ်စေ ရယူသိမ်းပိုက်ရန် ကြိုးစားသူသည် ဤသတ္တဝါကြီးများ၏ လက်ချက်ဖြင့် မလွဲမသွေ ဇီဝိန်ကြွေရပေလိမ့်မည်''

မာယာသည် တစ်ချိန်က ဘုရင်ကြီးဝိတာရ၏လက်ထက်တော်၌ နန်းတွင်းပျော်ပွဲသဘင် ဆင်ယင်ကျင်းပစဉ် ဇာတ်သဘင်အဖွဲ့မှ ဇာတ်မင်းသား ဇာတ်မင်းသမီးတို့၏ အမူအရာ၊ လေယူလေသိမ်း ဇာတ်ဟန်အပြည့်အဝပါနေသည်။ စကားအဆုံးတွင် သူမ၏အနီးရှိ အဖြူရောင်အမွေးအမျှင်များ ထူထပ်စွာပေါက်ရောက်နေသော သတ္တဝါကြီးနှစ်ကောင်ကို ညွှန်ပြလိုက်သည်၊

"နောက်စရာမဟုတ်ဘူး မာယာ၊ မဟာဝိတာရဘုရင်ကြီးရဲ့ တစ်ဦးတည်းသောသမီးဟာ ငါ ရှီမာဝိတာရသာလျှင်





ဖြစ်တယ်ဆိုတာ သင်သိပါတယ်''

ရှီမာက စိတ်ရင်းအမှန်အတိုင်း သဘောရိုးဖြင့် ပြန်လည်ရှင်းပြလိုက်သည်။

"သင်ရူးနေပြီ ရှီမာ၊ သင်ဟာ ဘုရင့်သမီးတော် လုံးဝမဟုတ်ဘူး၊ အထိန်းတော်ကြီးရဲ့သမီးတော်သာ ဖြစ်တယ်၊ သင်ကမ်းပါးယံက ကျသွားပြီးတဲ့နောက်ပိုင်းမှာ ဦးခေါင်းထိခိုက်တာကို ပြင်းထန်စွာ ခံစားနေရချိန်မှာ သင့်ကိုယ်သင် "ဘုရင့်သမီးတော်ဖြစ်ရင်ကောင်းမှာပဲ'' ဆိုတဲ့စိတ်မျိုး ဖြစ်သွားတာကို ကျွန်ုပ်ခွင့်လွှတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အထိန်းတော်ကြီးဟာ ကျွန်ုပ်ကို ဘလေးအရွယ် လူမမယ်ဘဝကတည်းက ချိုပိုးချော့မော့ ကြည့်ရှုစောင့်ရှောက်ခဲ့သူဖြစ်တဲ့အတွက် အထိန်းတော်ကြီးရဲ့သမီးဖြစ်ခဲ့တဲ့ သင့်ကိုလည်း ကျွန်ုပ်က အပြစ်မတင်ပါဘူး။ ကြိုဆိုပါတယ်၊ သင် ပင်ပန်းစွာ လျှောက်လာခဲ့လို့ ဆာလောင်မွတ်သိပ်နေမှာပေါ့နော်၊ လာ လာ ... ကျွန်ုပ်နဲ့အတူ သစ်သီးဖျော်ရည် သောက်ကြစို့ ...လာ''

မာယာသည် အမူအရာရော လေယူလေသိမ်းပါ ချက်ခြင်းပြောင်းလဲသွားသည်။ ထို့နောက် ရှီမာ၏လက်ကို အသာအယာကိုင်၍ လိုဏ်ဂူထဲသို့ ခေါ်သွားသည်။ ဂူတွင်းရှိ ဧည့်ခံဆောင်သည် ရှီမာမရှိခိုက်တွင် ရွှေနန်းတော်အဖြစ် ခန့်ညား

www.burmeseclassic.com

www.burmeseclassic.com



သားနားစွာ ပြောင်းလဲပြင်ဆင်မွမ်းမံထားသည်။

ထိုကဲ့သို့သော ရွှေနန်းတော်ထဲတွင် မာယာသည် တစ်ဦးတည်း စံမြန်းရာမှ သူမကိုယ်သူမ နန်းစဉ်ရတနာများဖြင့် ဝတ်စားဆင်ယင်လျက် စိတ်ကြီးဝင်သွားခြင်း ဖြစ်ပေလိမ့်မည်။ ဖြူဖြူသတ္တဝါကြီးများကို မာယာက မည်သည့်နည်းနှင့် သူမ၏စေခိုင်းရာ နာခံအောင် သွေးဆောင်ခဲ့ကြောင်းနှင့်ပတ်သက်၍ ရှီမာက လောလောဆယ် စဉ်းစား၍မရသေး။

မည်သို့ပင်ဖြစ်စေ ရှီမာသည် မာယာနှင့်အတူ ရွှေနန်းတော်အတွင်းရှိ စားသောက်စားပွဲတွင် မျက်နှာချင်းဆိုင် နေရာယူမိကြသည်။ မာယာက ယွန်းခွက်ရှည်မျောမျောနှစ်ခွက်ထဲတွင် သစ်သီးဖျော်ရည်များငှဲ့ထည့်၍ တစ်ခွက်ကို ရှီမာအား လက်ကမ်းပေးသည်။ တစ်ခွက်ကို သူမကိုယ်တိုင် သောက်ရန်လျာထားသည်။ သစ်သီးဖျော်ရည်ခွက်ထဲမှ ထွက်ပေါ်နေသော ချိုနှံ့သင်းကရှီမာအား ဆွဲဆောင်နေသည်။

"အနံ့လေးက ချိုနှံ့သင်းတယ်နော်၊ သောက်ချင်စရာလေး"

ရှီမာက စိတ်မထိန်းနိုင်ဘဲ လွှတ်ခနဲ ပြောလိုက်မိသည်။

"ဟောဒီနန်းမဆောင်ပတ်ဝန်းကျင်မှာ ရရှိခဲ့တဲ့ ထူးမြတ်ဆန်းကြယ်တဲ့ သစ်သီးပေါင်းစုံကို ပေါင်းစပ်ပြီး နေရောင်





နဲ့ ကျိုချက်ထားတာ၊ သောက်ပြီးရင် နည်းနည်းလောက် ဝိုတိုတိုဖြစ်လိမ့်မယ်၊ ဒါပေမဲ့ အဲဟိုသလွန်ညောင်စောင်းပေါ်မှာ အချိန်တွမ်းတစ်ရာညက်လောက် လဲလျောင်းလိုက်၊ မှေးခနဲအိပ်ပျော်ရာက နိုးလာတာနဲ့တစ်ပြိုင်နက် အားအင်ပြည့်ဖြိုး အလှတွေတိုးပြီး လန်းဆန်းတက်ကြွလာလိမ့်မယ်၊ မာယာ ကိုယ်တွေ့ပါ၊ ဒီလိုအရသာမျိုး လုံးဝရှားပါးတယ်၊ တော်ရုံတန်ရုံလူကို မာယာလုံးဝတိုက်ဖို့ စိတ်မကူးဘူး၊ ရှီမာကိုသာ စေတနာရှိလွန်းလို့ပါ။ တဲ ... အတူတူသောက်ကြမယ်"

ပြောပြောဆိုဆိုနှင့် မာယာက သစ်သီးဖျော်ရည်ခွက်ကို ဆုပ်ကိုင်၍ မသည်။ ယွန်းခွက်နှင့်နှုတ်ခမ်းတွင်ထိကပ်၍ ပါးစပ်ထဲသို့ လောင်းချသည်။

ရှီမာက မာယာကိုယ်တိုင် ပါးစပ်ထဲသို့ သစ်သီးဖျော်ရည်လောင်းချသည်ကို သေချာမြင်တွေ့ရပြီးမှ မိမိအတွက် ယွန်းခွက်ထဲမှ ဖျော်ရည်များကို ဆက်တိုက်မော့သောက်ချလိုက်သည်။ နှုတ်ခမ်းဖျားမှတစ်ဆင့် လည်ချောင်းကိုဖြတ်သန်း၍ အစာအိမ်ထဲသို့ စီးဝင်သွားသောအခါ ပူနွေးရှိန်းမြသောအရသာကို ခံစားလိုက်ရသည်။

ရှီမာ၏မျက်ခွံများ မှေးစင်းလာသည်။ တစ်ကိုယ်လုံးလေးလံလာသည်။ လှုပ်ရှားချင်စိတ်ဟူ၍ မရှိ၊ နှစ်ယောက်အတူ



www.burmeseclassic.com

www.burmeseclassic.com



တူသောက်ကြပါလျက် မာယာသည် ဣန္ဒြေမပျက် ထလျှောက်လာသည်။ ရှီမာ၏လက်မောင်းကို ဆုပ်ကိုင်ဆွဲထူသည်။

ရှီမာက အလိုက်သင့် ထရပ်လိုက်သည်။ မာယာသည် ရှီမာကိုတွဲလျက် သလွန်ညောင်စောင်းပေါ်သို့ နေရာချလိုက်သည်။ သလွန်ညောင်စောင်းနှင့် ကျောနှင့်ထိကပ်မိလိုက်သည်နှင့် တစ်ပြိုင်နက် ရှီမာသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားလေတော့သည်။

❋ ❋ ❋

## နှစ်ဆယ့်ခုနစ်

အိပ်မက်များသည် တစ်ခုပြီးတစ်ခု ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းလဲနေသည်။ ထိုအိပ်မက်များအားလုံးထဲတွင် တူညီချက်တစ်ချက်သာရှိသည်။ ထိုတူညီချက်မှာ ရှီမာသည် တစ်ချိန်လုံး ရပ်မနား ပြေးလွှားနေခြင်းပင်ဖြစ်သည်။

အိပ်မက်ထဲတွင် ပုံပန်းသဏ္ဌာန်အားဖြင့် ကွဲပြားခြားနားလျက် တစ်ကောင်နှင့်တစ်ကောင် လုံးဝမတူပါချေ။ အချိုးအစားကျသော တိရစ္ဆာန်များ၊ တောရိုင်းသတ္တဝါများက ရှီမာ၏နောက်မှ မျက်ခြည်မပြတ် တကောက်ကောက်လိုက်နေကြသည်။

အိပ်မက်ထဲမှရှီမစသည် တောအုပ်ထဲတွင် ဆက်တိုက်ပြေးလွှားနေခြင်းဖြစ်သည်။ သို့ရာတွင် သူမသည် တောနက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ပြေးလွှားနေရင်းမှပင် တောရိုင်းတိရစ္ဆာန်များ၏ ဘေးအန္တရာယ်မှ လွတ်လိုလွတ်ငြား သစ်ပင်တစ်ပင်ပေါ်သို့တက်၍ အကိုင်းအခက်အလက်၊ အရွက်များကြားတွင် ပုန်းခိုရန် ရည်ရွယ်မိသည်။ သို့ရာတွင် ရှိမှာတွေ့သမျှ သစ်ပင်တိုင်းတွင် ပင်စည်ဟူ၍ လုံးဝမရှိပါချေ။

ထို့ကြောင့် သူမသည် သစ်ပင်ပေါ်သို့တက်၍ သစ်ခက်၊ သစ်ရွက်များကြားတွင် ပုန်းအောင်းရမည့်အကြံကို စွန့်လွှတ်လိုက်ကာ ဆက်လက်ပြေးလွှားနေရပြန်သည်။

❋

"ကျွန်မ အိပ်မောကျရာက ပြန်နိုးလာတဲ့အချိန်မှာ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်တယ်၊ လိုဏ်ဂူထဲမှာရှိတဲ့ ခန်းမဆောင်အတွင်းက သလွန်ညောင်စောင်းမှာ မဟုတ်တော့ပါဘူး။ တောကြီးမျက်မည်းထဲမှာပါ၊ ကျွန်မ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားပါတယ်၊ စိတ်ချောက်ချားမှုရဲ့အမြင့်ဆုံးကို ရောက်ရှိနေပါတယ်၊ တစ်နည်းအားဖြင့် နှလုံးသွေးပျက်ခမန်းနဲ့ ကယောင်ချောက်ချား ဖြစ်နေပါတယ် ...၊





ကျွန်မ ဘယ်လိုကြောင့် တောကြီးမျက်မည်းထဲ ရောက်နေသလဲဆိုတာ လုံးဝ အစဖော်မရပါဘူး။ ဒါပေမဲ့ ကျွန်မ အိပ်မပျော်ခင်အချိန်မှာ မာယာတိုက်ကျွေးလိုက်တဲ့ သစ်သီးချော်ရည်ကို သောက်လိုက်မိတဲ့အကြောင်းရယ်, မာယာက ကျွန်မကိုတွဲပြီး သလွန်ညောင်စောင်းပေါ်တင်လိုက်တာရယ်, အဲဒီအချိန်ကစပြီး လုံးလုံးလျားလျား အိပ်မောကျသွားတဲ့အကြောင်းတွေကို အစဉ်လိုက် ပြန်လည်သတိရမိတယ် ...၊

ဒါကြောင့် ကျွန်မ ဦးနှောက်မပျက်သေးပါဘူး။ မာယာဟာ ဘာကြောင့် ကျွန်မကို အဲဒီလိုမျိုး ဝင်္ကဘာထဲနဲ့ ကြံစည်ခဲ့သလဲဆိုတဲ့အဖြစ်က ရှင်းပါတယ်၊ ကျွန်မကို တောအောင်ထဲမှာ အခုလို စွန့်ပစ်ထားတဲ့အတွက် သူမရဲ့ရှေ့ဆက်သွားမယ့် ညီးစိမ်ချမ်းသာနဲ့ သွားရတော့မယ့်လမ်းကြောင်းမှာ ကျွန်မ မရှိစေချင်လို့ပါပဲ၊ တကယ်လို့ အင်မတန်ဆာလောင်မွတ်သိပ်နေတဲ့ တောရိုင်းတိရစ္ဆာန်တစ်ကောင်ကောင်နဲ့တွေ့ရင် ကျွန်မဟာ အဲဒီတိရစ္ဆာန်ရဲ့ညစာ ဖြစ်သွားမှာ, သေချာပါတယ် ...၊

ဒါပေမဲ့ ကျွန်မဟာ အဲဒီလိုအဖြစ်မျိုးနဲ့ သေဖို့ကံတြမှာပါမလာခဲ့ဘူးလို့ ထင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မ တစ်ယောက်တည်း လျှောက်သွားရင်း ဆာဆာနဲ့ စားစရာသစ်သီးဖြစ်စေ, သောက်စရာရေဖြစ်စေ တွေ့လိုတွေ့ငြား ရှာဖွေခဲ့ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မှောင်မှောင်နဲ့မည်းမည်းထဲမှာ လျှောက်သွားရင်းနဲ့ မနက်အရုဏ်တက်ချိန်မှာ နေ့သစ်ရဲ့အလင်းရောင် နေခြည်ဦးကို တွေ့လိုက်ရတယ်၊ ရှာဖွေလို့ရသမျှ သစ်သီးတွေကို တစ်ပွေ့တစ်ပိုက်ကြီး သယ်လာခဲ့တယ်၊ အဲဒီအချိန်မှာ ဆာဒူးကြီးရဲ့ သတိပေးစကားကို ပြန်လည်ကြားယောင်မိတယ် ...၊

"တစ်ခါတလေ ကိုယ်နဲ့အနီးဆုံးမှာနေပြီး အရင်းနှီးဆုံးလို့ ထင်ရသူတွေကလည်း အကြောင်းတစ်ခုခုကြောင့် ကိုယ့်အပေါ်မှာ အဆိုးဝါးဆုံး, အရက်စက်ဆုံးရန်သူတွေအဖြစ် ပြောင်းလဲသွားတတ်ကြတယ် ... သိလား"

ဟူသော စကားလုံးဖြစ်သည်။ မိမိသည် ဆာဒူးကြီး၏ သတိပေးချက်ကို စွဲမြဲစွာမှတ်သားလိုက်နာခြင်း မရှိခဲ့သောကြောင့် ယခုကဲ့သို့ မာယာ၏အန္တရာယ်ကို ခံခဲ့ရခြင်းဖြစ်သည်။

ရှီမာသည် စမ်းရေစီးသံ တသွင်သွင်ကြားလိုက်ရသည်။ ထို့ကြောင့် စမ်းချောင်းလေးရှိရာသို့ လျှောက်ခဲ့သည်။ စမ်းချောင်းနံဘေး ကျောက်သားချိုင့်ခွက်တစ်နေရာတွင် စမ်းရေစီးကြောင်းလမ်းမှာအဖြစ် စီးဝင်၍ ရေအိုင်လေးတစ်ခုပမာ ဖြစ်နေသည်။

ရှီမာက သစ်သီးများကို ရေအိုင်ဘေးနှုတ်ခမ်းတွင်ရှိသော ကျောက်သားပြင်ပေါ်တွင် ချထားသည်။ ထို့နောက် ရေအိုင်လေးထဲတွင် သစ်သီးတစ်လုံးချင်းနှစ်လျက် ကျကျနန ပွတ်တိုက်





ဆေးနေလိုက်သည်။ ထိုအခိုက်အတန့်တွင် ရေအိုင်ထဲ၌ ထင်ဟပ်တစ်ယောက်၏ အကျည်းတန်အရုပ်ဆိုးသော မျက်နှာကြီးတစ်ခုကို ဖျတ်ခနဲ မြင်လိုက်ရသည်။ ထို့ကြောင့် အလန့်တကြားတမန်းကတန်း ထ၍ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုသည်။ ရေအိုင်ဘေးတွင် မိမိတစ်ယောက်သာ ရှိသည်။

သို့ဖြစ်ရာ ရေအိုင်ထဲတွင် မြင်လိုက်ရသော အရုပ်ဆိုးအကျည်းတန်သော မျက်နှာကြီးမှာ မိမိမှတစ်ပါး အခြားသူဖြစ်နိုင်ကြောင်း နားလည်သဘောပေါက်လိုက်ရသည်။ ထိုအခါ ရှီမာသည် ရင်ထဲတွင် ဗိုတလှိုက်လှိုက်ဖြင့် ယူကျုံးမရစွာ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိသည်။ ထို့နောက် သူမဘာသာ အမြင်မှားခြင်းများ ဖြစ်လေမလားဟူ၍ ရေအိုင်ထဲတွင် နောက်တစ်ကြိမ်သေချာစွာ ငုံ့ကြည့်သည်။

"ဘာကြောင့်လဲ ... ဘာကြောင့် ဒီလိုမျိုး ကမ္ဘာပေါ်မှာ အရုပ်ဆိုးဆုံး အကျည်းတန်ဆုံး မျက်နှာကြီးအဖြစ် ပြောင်းလဲသွားရပါသလဲ"

ဟူ၍ မကျေမနပ် တွေးမိသည်။ အဖြေကို အလွယ်တကူ ရှာမရ။ သေချာစွာ ပြန်လည်ဆင်ခြင်သုံးသပ်လိုက်သောအခါ မာယာတိုက်ကျွေးခဲ့သော အဆိပ်သီးဖျော်ရည်များကြောင့်ပင်။ ထို့ကြောင့် ရှီမာသည် သူမကိုယ်တိုင် ခူးဆွတ်ခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးများကို စားလိုသောဆန္ဒ မရှိတော့ဘဲ ရင်ထဲတွင် ဆို့နင့်ကြေကွဲမှုကို အတိုင်းအဆမရှိ ခံစားနေရသည်။

"အဲဒီအချိန်မှာ ရေအိုင်အနီးကိုရောက်ရှိလာတဲ့ သူတော်စင်ရသေ့ကြီးကို ဖူးတွေ့လိုက်ရတာပါပဲရှင်၊ ရသေ့ကြီးက ကျွန်မကိုတွေ့တွေ့ချင်း ...

"ဒကာမလေး ကြုံကြိုက်ခဲ့ရတဲ့ အဖြစ်တွေက ဆိုးရွားလွန်းလို့ တော်ရုံတန်ရုံ စိတ်ထားမခိုင်တဲ့ မိန်းကလေးဆိုရင် နှလုံးသွေးပျက်သွားမှာ သေချာတယ်၊ ဒါပေမဲ့ အခုအချိန်မှာ ဒကာမလေးရဲ့ ဝဋ်ကြွေးတွေဟာ ပေးဆပ်စရာမလိုတော့ဘူး။ ကုန်သလောက်ဖြစ်သွားပြီ၊ ကျုပ်နဲ့ အခုလိုဆုံစည်းရတာ ဒကာမလေးရဲ့ခမည်းတော်က ကျုပ်ရဲ့ အန္တေဝါသိကဖြစ်တယ်၊ ဒါကြောင့် ကျုပ်ရဲ့လိုဏ်ဂူရှေ့ကို မကြာခဏလာပြီး တရားနာလှည့်ပေတော့၊ လောဘ ဒေါသ မောဟတွေ ဆိတ်သုဉ်းပြီး လက္ခဏာရေးသုံးပါးဖြစ်တဲ့ အနိစ္စ ဒုက္ခ အနတ္တ တရားတွေကို ရှာဖွေတွေ့ရှိနိုင်အောင် အာနာပါနကမ္မဋ္ဌာန်းကိုပါ လေ့ကျင့်သင်ကြားဖို့လိုလိမ့်မယ်"

ဟူ၍ သူတော်စင်ရသေ့ကြီးက မိန့်ကြားခဲ့သည်။

"အဲဒီအချိန်ကစပြီး ကျွန်မဟာ တောထဲတောင်ထဲမှာ ကျောက်လိုဏ်ဂူလေးတစ်ခုနဲ့နေပြီး ရသမျှသစ်သီးသစ်နှံနဲ့ ရောင့်





ရဲတင်းတိမ်ခဲ့တယ်၊ သူတော်စင်ရသေ့ကြီးရဲ့ သွန်သင်ညွှန်ပြချက်ဆုံးမဩဝါဒတွေကို တိတိကျကျ လိုက်နာခဲ့တယ် ...၊

တစ်ခါတလေ တချို့လူသားတွေဟာ တောထဲတောင်ထဲမှာ မျက်စိလည်လမ်းမှားပြီး ရောက်လာကြတဲ့အခါ မာယာရဲ့ဖြားယောင်းသွေးဆောင်မှုကို ခံစားခဲ့ကြရတယ်၊ အဲဒီလူသားတွေကို ကျွန်မ အတတ်နိုင်ဆုံး ကူညီကယ်တင်ခဲ့တယ်၊ မာယာကတော့ ကျွန်မကို သူ့လိုပဲ တောင်ပေါ်ဒေသတစ်နေရာကို ပိုင်စိုးနေသူလို့ ထင်လိမ့်မယ်၊ ဘာ့ပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ မာယာကို မေတ္တာမပျက်ပါဘူး၊ ကျွန်မဟာ အတိတ်ဘဝက သူ့အပေါ်မှာ ရက်စက်စွာပြုမူခဲ့လို့ ဒီဘဝမှာ သူ့ရက်စက်မှုကို ခံရတာဖြစ်တယ်လို့ ယုံကြည်ထားပါတယ်"

ရှီမာ၏စကားအဆုံးတွင် ကျွန်ုပ်သိလိုသောအချက်တချို့ကို မေးလိုက်သည်။

"ရှီမာနဲ့စတွေ့တော့ ဝံပုလွေအမြီးတစ်ချောင်း ကိုင်ထားတာ တွေ့ရတယ်၊ အဲဒါနဲ့ မာယာကိုရိုက်ဖို့ ရွယ်ခဲ့သေးတယ် မဟုတ်လား၊ အဲဒီအမြီးက ဘာအစွမ်းရှိပါသလဲ၊ နောက်တစ်ချက်က အဆိပ်သီးဖျော်ရည်ကြောင့် ရှီမာရဲ့မျက်နှာပျက်စီးခဲ့ရပြီး မာယာက ဘာမှမဖြစ်တာ ဘာကြောင့်လဲ"

"အဲဒီအမြီးက ဘာအစွမ်းအစမှမရှိပါဘူးရှင်၊ သေနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေတစ်ကောင်ဆီက ဖြတ်ယူခဲ့တာပါ၊ အဲဒီတုန်းက မာယာ့အပေါ်မှာ ဖြစ်ရတဲ့ဒေါသကို မထိန်းနိုင်လို့ ရိုက်ဖို့ရွယ်ခဲ့ပေမယ့် အခုတော့ သူတော်စင်ရသေ့ကြီးရဲ့ တရားတော်တွေကို နာကြားရပြီး ရင့်ကျက်လာလို့ တဖြည်းဖြည်းချင်း ဒေါသကို ဖြေနိုင်လာပါပြီ၊ နောက်ပြီး အဆိပ်သီးဖျော်ရည်ဟာ မာယာ့ကို ဒုက္ခမပေးနိုင်အောင် မာယာက အဆိပ်ဖြေဆေးကို ကြိုတင်သောက်ထားလို့ပဲ ဖြစ်ပါလိမ့်မယ်”

ကျွန်ုပ်သည် အိတ်ထဲတွင် ၊အသင့်ဆောင်ထားသော မြေပုံကြမ်းကို ထုတ်ယူ၍ ရှီမာရှေ့တွင် ဖြန့်ပြလိုက်သည်။ ရှီမာက ထိုမြေပုံကြမ်းကို သေချာစွာငုံ့ကြည့်သည်။

“ဒီမြေပုံကြမ်းနဲ့ပတ်သက်ပြီး ရှီမာ ဘာများသိပါသလဲ၊ ဘာပြောနိုင်ပါသလဲ”

“အဲဒါ ရှင် ဘယ်ကရသလဲ”

“ကျွန်ုပ်နဲ့အတူလိုက်ပါလာတဲ့ မိန်းကလေးရဲ့အဖေဟာ ဒီတောတောင်ဒေသမှာ အမဲလိုက်ရင်း ကျားနာရဲ့လက်ချက်နဲ့ သေသွားတယ်၊ အဲဒီမြေပုံကို သေသူရဲ့ဘောင်းဘီအိတ်ထဲက ရတယ်”

ရှီမာက ခေတ္တမျှစဉ်းစားလိုက်သည်။ ထို့နောက် ...

“ဟုတ်ပါပြီ၊ အဲဒီအမဲလိုက်အဖွဲ့ထဲက လူကြီးတစ်





ယောက်ဟာ မျက်စိလည်လမ်းမှားပြီး မာယာရဲ့နန်းဆောင်ပြုလုပ်ထားတဲ့ လိုဏ်ဂူထဲကို ရောက်ဖူးခဲ့လိမ့်မယ်၊ အဲဒီအချိန်မှာ မာယာနဲ့သူ့ရဲ့သတ္တဝါကြီးတွေ အပြင်ထွက်ပြီး အစာရှာနေချိန်လည်း ဖြစ်နိုင်တယ်၊ ဒီမြေပုံဟာ အဲဒီလိုဏ်ဂူရဲ့အတွင်းအကျယ်ကို ပုံကြမ်းရေးဆွဲထားတာပါ”

“ဟောဒီအသည်းပုံလေးရဲ့အလယ်မှာ ‘အာယုတိဋ္ဌာန်’ ဆိုတဲ့ စာလုံးရေးထားတာ ဘာအဓိပ္ပာယ်လဲဆိုတာ ရှီမာသိပါသလား”

“အဲဒီကျောက်ဂူထဲကို နှစ်ပေါင်းများစွာ သဘာဝအတိုင်း ကျောက်စက်ရေ တစက်စက်ကျရာက ရေအိုင်ချိုင့်ခွက်လေး ဖြစ်နေတယ်၊ အဲဒီရေအိုင်ချိုင့်လေးရဲ့ အသွင်သဏ္ဌာန်ဟာ အသည်းပုံနဲ့ ဆင်ဆင်တူတယ်၊ အဲဒီနှစ်ချို့သဘာဝ ကျောက်စက်ရေကိုသောက်ရင် အသက်ရှည်တယ်လို့ အယူရှိကြတယ်၊ ဒါပေမဲ့ အခုတော့ မာယာဟာ သူ့ကိုယ်သူ အသက်ရှည်အောင် အဲဒီ ကျောက်စက်ရေတွေကို နေ့တိုင်းသောက်လို့ ခန်းခြောက်တော့မယ် ...၊

အဲဒီကျောက်စက်ရေချိုင့်ခွက်ထဲကို အပျိုစင်တစ်ယောက်ရဲ့သွေး ထည့်ပြီးရောစပ်လိုက်ရင် ပိုပြီး နုပျိုလန်းဆန်းနိုင်တယ်, အသက်ရှည်နိုင်တယ်လို့ အိပ်မက်ထဲမှာ တွေ့ကောင်း



www.burmeseclassic.com

www.burmeseclassic.com



နတ်က မာယာကိုပြောသတဲ့၊ တကယ်တော့ မာယာက စိတ္တဇ ဖြစ်နေပြီ၊ ရူးသွပ်နေပြီ၊ အဲဒီအကြောင်းကို မာယာဖမ်းဆီးထားရာက ထွက်ပြေးလွတ်မြောက်လာတဲ့ အမျိုးသမီးတစ်ယောက်ဆီက ကြားသိရတာ၊ မာယာ့အစေအပါးမိန်းကလေးလည်း မာယာကြောင့် သေသွားပြီတဲ့၊ ရှင်နဲ့ပါလာတဲ့ မိန်းကလေးက အပျိုစင်တစ်ယောက်လား''

ကျွန်ုပ်က စဉ်းစဉ်းစားစားဖြင့် ခေါင်းညိတ်ပြလိုက်သည်။

''ဒါဆိုရင် အမြန်ဆုံးသွားပြီး ကယ်မှဖြစ်တော့မယ်၊ ကျွန်မဆီမှာရောက်နေတဲ့ ဝေလုဆိုတဲ့လူငယ်နဲ့ မာနုရှောကို ကျွန်မ သွားခေါ်ခဲ့မယ်၊ ရှင့်မှာလည်းလက်နက်ပါတယ် မဟုတ်လား၊ မာယာက အဲဒီမိန်းကလေးရဲ့သွေးကို အသုံးမပြုခင် အချိန်မီ သွားမှဖြစ်လိမ့်မယ်''

ရှီမာက အလောသုံးဆယ်တိုက်တွန်းသည်။ ထို့ကြောင့် ကျွန်ုပ်သည် ရှီမာလမ်းညွှန်သည့်အတိုင်း နန်းမဆောင်လိုဏ်ဂူသို့ အပြေးအလွှား ခြေဦးတည်ခဲ့ရသည်။ တစ်ချိန်တည်းမှာပင် ရှီမာသည်လည်း ဝေလုနှင့်မာနုရှောတို့ကို သွားခေါ်ရန် ဖြတ်လမ်းမှ သုတ်ခြေတင်သွားလေပြီ။

* * *

## နှစ်ဆယ့်ရှစ်

ကျွန်ုပ်၊ ဝေလုနှင့် မာနုရှောတို့သုံးယောက်သည် မာယာ၏ လိုဏ်ဂူအပြင်ဘက် အင်ကြင်းပင်အောက်တွင် ဆုံမိကြသည်။ လိုဏ်ဂူအဝင်ဝတွင် သတ္တဝါကြီးနှစ်ကောင်သည် မျက်နှာချင်းဆိုင် ငုတ်တုတ်ထိုင်လျက် စဥ့်သုတ်ထားသော မြေအင်တုံထဲမှ သစ်သီးစိမ်များကို ကောက်ယူ၍ ပလုတ်ပလောင်း စားနေသည်။

ထို့ကြောင့် ကျွန်ုပ်ကဦးဆောင်၍ ဝေလုနှင့်မာနုရှောက နောက်မှကပ်လျက် တရွေ့ရွေ့ ချဉ်းကပ်လာကြသည်။ ထိုသတ္တဝါနှစ်ကောင်ကိုရှင်းပြီးမှ လိုဏ်ဂူထဲသို့ ဝင်နိုင်မည်ဖြစ်သောကြောင့် မာနုရှောကို ကျွန်ုပ်က ဦးခေါင်းညိတ်၍ အချက်ပြလိုက်သည်။

ကျွန်ုပ်ဆိုလိုချက်ကို မာနုရှောက သဘောပေါက်သည်။





www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဆူးထည့်ထားသော မားမြှောင်ဖြင့် နှစ်ကြိမ်တိုင်တိုင် မှုတ်လိုက်သည်။ အစာစားနေသော သတ္တဝါကြီးနှစ်ကောင်သည် ခေတ္တမျှ လှုပ်ရှားမှုအားလုံး တန့်ခနဲ ရပ်သွားသည်။ ထို့နောက် မြိုင်တူ မှောက်လျက်သားကျ၍ ငြိမ်သက်သွားသည်။

သတ္တဝါနှစ်ကောင်အတွက် သစ်သီးထည့်၍ ကျွေးထားသော မြေအင်တုံထဲတွင် သစ်သီးစိတ်အချို့ ကျန်ရှိနေသေးသည်။ ထိုသစ်သီးစိတ်များကို အနီရောင်အရည်ပျစ်ပျစ်ထဲ၌ စိမ်၍ကျွေးထားခြင်းဖြစ်သည်။ ဝေလုက ထိုအနီရောင်ချွဲပျစ်ပျစ်အရည်ကို လက်နှင့်တို့၍ အနံ့ခံကြည့်ပြီးနောက် . . .

"တကယ်တော့ ဒီသတ္တဝါနှစ်ကောင်ဟာ ဟိမဝန္တာနှင်းလူနဲ့ တောရိုင်းတိရစ္ဆာန်တစ်မျိုးမျိုး ပေါင်းစပ်ထားတာ ထင်တယ်၊ ဒါပေမဲ့ သူတို့ကို အခုကျွေးထားတဲ့သစ်သီးဟာ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့သွေးနဲ့ စိမ်ပြီးကျွေးထားတာ၊ ဒါကြောင့် မူလတုန်းက သစ်သီးစားတဲ့ သတ္တဝါကြီးတွေဟာ သွေးရဲ့အရသာကို နှစ်သက်သွားကြတယ်၊ အဲဒီတော့ နဂိုကတည်းက ယဉ်ပါးတဲ့ သဘာဝရှိတဲ့ တိရစ္ဆာန်ဟာ သူတို့ကိုကျွေးတဲ့သူ စေခိုင်းသမျှ လုပ်ကိုင်ဆောင်ရွက်ကြလေ့ရှိတယ်"

ဟူ၍ ရှင်းပြသည် ကျွန်ုပ်က ဝေလု၏ပြောဆိုချက်အရ အပြည့်အဝလက်ခံကြောင်း ဦးခေါင်းညိတ်ပြလိုက်သည်။ ထို





ကြောင့်သာလျှင် သတ္တဝါကြီးနှစ်ကောင်သည် မာယာကျွေးထားသော သွေးစိမ်သစ်သီးစိတ်များကို နေ့စဉ်စား၍ တိရစ္ဆာန်၏ သဘာဝ အသိဉာဏ်ပမာနအတိုင်းအတာအတွင်း မာယာစေခိုင်းသမျှ အလိုက်သိစွာ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်မိသည်။

※

ဝေလု၊ မာနုရှောနှင့် ကျွန်ုပ်တို့သုံးယောက်သားသည် ဘေးချင်းယှဉ်လျက် ခြေသံလုံလုံဖြင့် ချုတ်နင်း၍ လိုဏ်ဂူတွင်းသို့ ဝင်ခဲ့ကြသည်။ ကျွန်ုပ်၏လက်ထဲတွင် မြားတံနှင့်အတူ လေညှို့တင်ထားပြီး ဖြုတ်ရန်အဆင်သင့်ဖြစ်နေသော ဒူးလေးကို ရှေ့သို့ ချိန်ရွယ်လျက် သတိထား၍ သွားနေသည်။ ထိုအခိုက်အတန့်တွင် လိုဏ်ဂူအပြင်ဘက်၌ မိုးသည်းထန်စွာရွာသွန်းလာသည်။

ဝေလုသည် အမဲလိုက်မားမြှောင်ကို သူ၏ညာလက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ မာနုရှောသည် မားမြှောင်ထဲတွင် ဆိပ်လူးမြားထည့်သွင်းထားပြီး လိုအပ်သော အချိန်တွင် အချိန်မရွေးမှုတ်နိုင်ရန် ပြောင်းဝနှင့်ပါးစပ်ထိတွာခန့်



www.burmeseclassic.com

www.burmeseclassic.com



အကွာတွင် အသင့်ပြင်ထားသည်။

လိုဏ်ဂူအတွင်း၌ နောက်ထပ်မည်သည့်အန္တရာယ်ရှိသည်ဟူ၍ မသိနိုင်ပါချေ။ အကယ်၍ သေနတ်ကို အသုံးပြုလိုက်ခြင်းအားဖြင့် ကျွန်ုပ်တို့ ရင်ဆိုင်ရမည့်သူများအား သေနတ်သံဖြင့် အသိပေးနှိုးဆော်လိုက်သည့်ပမာ ဖြစ်နိုင်သည်။

ထို့ကြောင့် ထတ်နိုင်သမျှ အသံတိတ်လက်နက်များကိုသာ အသုံးပြုရန် အသင့်ကိုင်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ အတွင်း၌ ပကတိတိတ်ဆိတ်နေသည်။ လိုဏ်ဂူ၏အတွင်းဘက် အောက်ခြေသို့နိမ့်ဆင်းသွားသော ဥမင်လမ်းကြောင်းအတိုင်း တရွေ့ရွေ့ဆင်းလာခဲ့ကြသည်။

ပေတစ်ရာခန့်ကျယ်သော အခန်းကျယ်ကြီးတစ်ခုရှိသည့် ဥမင်လမ်းကြောင်းအဆုံးတွင် ကညင်ဆီမီးတုတ်များကို အခန်းကျယ်ကြီး၏ လေးဖက်လေးတန်တွင် ထွန်းညှိစိုက်ထူထားသည်။ ထိုအခန်းကြီး၏တစ်ဖက်အဆုံး ကျောက်သားနံရံတွင် လူတစ်ရပ်ခန့်အမြင့်၌ သံကွင်းနှစ်ကွင်း တပ်ဆင်ထားသည်။ သံကွင်းတစ်ခုနှင့်တစ်ခု အကွာအဝေးမှာ သုံးပေခန့်ရှိမည်။ နန်းစော၏လက်နှစ်ဖက်ကို အထက်သို့ မြှောက်စေပြီး သံကွင်းနှင့်ချည်နှောင်ထားသည်။

မာယာသည် ကျွန်ုပ်တို့ဝင်လာရာဘက်သို့ ကျောပေး





လျက် နန်းစောထံသို့ တစ်လှမ်းချင်းတိုးသွားနေသောကြောင့် သူမ၏နောက်တွင် ကျွန်ုပ်တို့ရောက်လာသည်ကို သတိပြုမိပုံ မရပါချေ။

"ညီမတော် ရူပနန္ဒီရဲ့သွေးကို အစ်မတော် မာယာနှင့် အတွက် အသက်ဆက်ဖို့ ယူတော့မယ်၊ အဲဒီသွေးတွေဟာ အစ်မတော်ရဲ့ဝမ်းထဲကို ရောက်သွားတာနဲ့တစ်မြှင်နက် ညီညီအစ်မ နှစ်ယောက် သွေးချင်းရောစပ်သွားပြီ၊ ဒါဆိုရင် နောက်ထပ် လူ့သက်တမ်း တစ်ကြိမ်တိုးပြီးသားဖြစ်သွားပြီ၊ ညီမတော်မှာ လျော့သွားတဲ့သွေးတွေကို အစ်မတော်က အစွမ်းထက်တဲ့ အစာ အာဟာရတွေနဲ့ ဖြည့်ဆည်းပေးမယ်၊ ဘာမှမစိုးရိမ်နဲ့တော့"

ပြောပြောဆိုဆိုဖြင့် မာယာသည် သူ၏လက်ထဲမှ ဓားကို အရှိန်ယူမြှောက်ကိုင်လျက် နန်းစောနှင့် နီးကပ်ရန် ရွှေ့တစ်လှမ်း တိုးလိုက်သည်။

ကျွန်ုပ်လက်တွင်းရှိဒူးလေးမှ မြားတံသည် လေထုကို ဖြတ်သန်းလျက် မာယာ၏ညာလက်ဖျံသို့ စူးဝင်နစ်မြုပ်သွားသည်။ သူမသည် "အား"ခနဲ တစ်ချက်ငြီးတွားသံ ထွက်ပေါ်လာပြီး သူမ၏ညာလက်ဖျံမှ မြားတံကိုဆွဲနုတ်လျက် ကျွန်ုပ်တို့ဘက်သို့ မျက်နှာမူလိုက်သည်။ သူမ၏မျက်လုံးအစုံထဲတွင် ဒေါသမီးရောင် ဖျတ်ခနဲ တစ်ချက်လင်းလက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက အံကိုတင်းတင်းကြိတ်၍ ဥမင်လမ်းကြောင်းအတိုင်း လိုဏ်ဂူပြင်ပသို့ အရှိန်အဟုန်ဖြင့် မိုးရေထဲတွင် ပြေးထွက်သွားသည်။

ကျွန်ုပ်သည် နန်းစော၏လက်နှင့် ပူးတွဲချည်နှောင်ထားသော သံကွင်းမှကြိုးများကို သွက်လက်စွာဖြတ်တောက်လိုက်သည်။ ထို့နောက် နန်းစောကိုတွဲ၍ ဥမင်လမ်းကြောင်းမှ လျှောက်လာခဲ့ကြစဉ် လိုဏ်ဂူအပြင်ဘက်မှ ဝူးဝူးဝါးဝါး လျှပ်ပြက်လိုက်သဖြင့် ဂူတွင်း၌ လင်းထိန်သွားသည်။

'ဂျိမ်း ဂျလိန်း ဂျိမ်း'

ဟူသော မိုးကြိုးပစ်သံကြီးသည် နားကွဲမတတ် မြည်ဟိန်းသွားသည်။

"လာ လာကြ ... မြန်မြန်ထွက်ကြစို့၊ ဒီလိုဏ်ဂူဟာ အန္တရာယ်မကင်းဘူး"

ကျွန်ုပ်က ပြောပြောဆိုဆိုဖြင့် နန်းစောနှင့်အတူ ပြေးထွက်လာကြသည်။ နောက်ထပ် လျှပ်လက်ခြင်းကြောင့် မြင်ကွင်းတစ်ခုလုံး လင်းထိန်သွားပြန်သည်။

ထိုအလင်းဖြင့် ဂူပေါက်ဝအပြင်ဘက် မြေပြင်ပေါ်တွင် မိုးကြိုးပစ်ခံထားရသော ခန္ဓာကိုယ်တစ်ခု တွေ့ရသည်။ ကျွန်ုပ်နှင့် နန်းစောအပါအဝင် ဝေလု၊ မာနရှောတို့သည် မိုးရေထဲသို့





ဖြတ်သန်း၍ လိုဏ်ဂူနှင့် အလှမ်းကွာဝေးသောနေရာသို့ တာထိုအပြေးသမားများပမာ အရှိန်အဟုန်ဖြင့် ပြေးလွှားနေကြလေပြီ။

လျှပ်ပြက်သောအလင်းရောင်ထဲတွင် လိုဏ်ဂူပြင်၌ မိုးကြိုးပစ်ခံထားရသူသည် "ရှိမာများ ဖြစ်လေမလား"။ ရှိမာသည် ကျွန်ုပ်တို့၏အခြေအနေကို သိလိုသောကြောင့် လိုဏ်ဝသို့ မိုးကြိုးပစ်ခံရခြင်းများလားဟူ၍ တွေးမိလိုက်သည်။

နောက်ထပ် နှစ်ကြိမ်မျှ လျှပ်ပြက်ခြင်းနှင့်အတူ သတ်တိုက်မိုးကြိုးပစ်လိုက်သံကို ကြားရသောအခါ ကျွန်ုပ်တို့ လေးယောက်စလုံးသည် တောင်ပတ်လမ်းကြောင်းသို့ပင် ရောက်ရှိနေလေပြီ။

ထိုအခိုက်အတန့်တွင် မိုးကြိုးပစ်သံ၏အဆုံး၌ 'ဝရော ဝေါ ဝေါ ဝေါဟောဟော' ဟူသော လိုဏ်ဂူတစ်ခုလုံး ပြိုကျသံသည် တောင်ကြောများသို့ ပဲ့တင်ရိုက်ခတ်သံနှင့် ရောထွေးပေါင်းစပ်သွားသည်။ ဘုရင်မဟာဝီတာရ၏ မိဖုရားခေါင်းကြီး သယ်ယူခဲ့သော နန်းစဉ်ရတနာများသည်လည်း မာယာနှင့်အတူ မြေမြှုပ်ပြီးသား ဖြစ်သွားလေပြီ။

အဘယ်ကြောင့်ဆိုသော် ...

ကျွန်ုပ်တို့လေးယောက်စလုံး တောင်ခြေတောအုပ်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ စောင့်ကြိုနေသော ရှီမာကိုတွေ့လိုက်ရသည်။ ထိုအခါ လိုဏ်ဂူဝတွင် မိုးကြိုးပစ်ခံရ၍ သေဆုံးနေသူမှာ မာယာမှတစ်ပါး တခြားသူမဖြစ်နိုင်ပါတော့ချေ။

မင်းဝတ္တ

အကြင်သူသည် အပြစ်မဲ့သူအား အန္တရာယ်ပြုငြားအံ့။
ထိုသူအားလျှင် အန္တရာယ်နှင့် ရင်ဆိုင်ရတတ်သည်။
ပမာဆိုရသော် လေညာရာအရပ်သို့ ဖုန်မှုန့်တို့ဖြင့် ပက်သည့်နှယ်တည်း။

ဓမ္မပဒ

www.burmeseclassic.com